www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

အတ္တခါးခါး



အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၁၁၄၆၁၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၀၀၆၁၂ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၂၊ ဩဂုတ်။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိ | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသဒ္ဒါမောင် ၈၉၅.၈၃
အတ္တခါးခါး /မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၂ ။
၂၉၄ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) အတ္တခါးခါး



ဒီကမ္ဘာကြီးထဲမှာ လူဖြစ်မွေးရခဲ့တဲ့အတွက် လောကကြီးကို သူ ကျေးဇူးအရမ်းတင်ရှိပါသည်။ နောက်ကျမှရောက်လာသည်ဖြစ်စေ၊ အရင်ရောက်သည်ပဲဖြစ်စေ လူ့ဘဝဆိုတာ ရခဲလှတာမဟုတ်ပါလား။ သို့သော် ငယ်စဉ်ကတည်းက သူ့ကို အခြောက်တိုက် မျက်မုန်းကျိုးနေသည့်အစ်ကိုမျိုးနဲ့ အတူကြီးပြင်းခဲ့ရမည်ဟု ထင်မထားတာလေ။ ကိုကို သူ့ကိုဘာကြောင့် မုန်းတီးနေရသလဲဆိုတာကိုတော့ သူလုံးဝမသိပါချေ။

ညီညီဦး



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကို သူ မကျေနပ်ပါ။ ဘာလို့ သူ့တစ်ယောက်တည်းကို မခေါ်ရတာပါလိမ့်။ တစ်ဦးတည်းသောသားအဖြစ် မွေးဖွားခွင့်ပေးပြီး နောက်သုံးနှစ်အကြာမှာ နောက်ထပ်အငယ်တစ်ယောက်ကို သူ့ဘဝထဲ လွှတ်ပေးလိုက်တာလေ။ အဲဒီကောင်ရောက်လာတာနဲ့ သူ့ကိုချစ်သမျှအချစ်တွေအကုန်လုံးကို သိမ်းကျုံးယူငင်သွားတော့တာပါပဲ။ သူကတော့ ထိုကောင်လေးကို သူ့ဘဝရဲ့ 'နတ်ဆိုးလေး' လို့ပဲ သတ်မှတ်ယူဆချင်ပါရဲ့။

ဟိန်းဓေယျာ



## အခန်း (၁)

ညှိခန်းထိုင်ခုံမှာ မှုန်ကုပ်ကုပ်ထိုင်နေမိ၏။ ကြည့်ပါဦး၊ အနှစ် (၂၀)ကျော်ကြာအောင် ဒီအိမ်မှာ သူမနေခဲ့တာမို့ အခုပြန်ရောက်လာတော့ သူစိမ်းတစ်ယောက်နှယ်။ မနေချင်ပါဘူး၊ တခြားမှာ တစ်ယောက်တည်း သီးသန့်ခွဲနေမယ်လို့ပြောတာကို အသက်မှျင်းမှျင်းလေးသာ ကျန်တော့သည့် 'ဖွား'က သူ့လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ငြင်းသတဲ့လေ။

'ဖိုး'ဆုံးတုန်းက သူ (၁၀)တန်းသာ ရှိသေးတာမို့ ကလေးအရွယ်ကျော်လေးမှာပဲ ငိုမိတာ မပြောပါနှင့်။ 'အနှယ် နိုချင်ဘူး၊ အနှယ့်ကိုမုန်းတယ်' ဆိုပြီး မပီကလာပီကလာ...



www.burmeseclassic.com

ဟစ်ငိုတုန်းက 'ဖိုး'က သူ့ကိုပွေ့ချီနှစ်သိမ့်ပေးခဲ့တာပါ။ အနီးထုပ်ဖြူဖြူလေးထဲမှာ သူ့ထက်ပိုချစ်စရာကောင်းနေတဲ့ ကောင်လေးကို မုန်းတီးခဲ့တာလေ။

စဉ်းစားကြည့်ပါ၊ သူ မသောက်ရတော့သည့် မေမေ့နို့ရည်ကိုလည်း ဒီကောင် အပိုင်သိမ်းသွားတာမဟုတ်လား။ မေမေ့ရင်ခွင်ထဲမှာပဲ အမြဲရှိနေပြီး အလုပ်က ဖေဖေပြန်လာတာနှင့် ဖေဖေ့လက်ထဲကို အဲဒီကောင်ရောက်သွားတော့တာလေ၊ အရင်ကဆို 'ဖေ့သားကြီး'ဆိုပြီး သူ့ကိုချီပွေ့နမ်းရှုံ့ခဲ့တဲ့ ဖေဖေက သူ့ကို အလေးမှမထားတော့တာကိုး။

အရင်ကဆို ညအိပ်ရာဝင်ရင် ပုံပြောသိပ်လေ့ရှိတဲ့မေမေက ဟိုကောင်လေးနဲ့သာ အတူအိပ်တော့တာပါ။ ပြီးတော့ ဖေဖေချီပိုးပြီး သီချင်းဆိုသိပ်တဲ့ကလေးလေးက သူမဟုတ်တော့ဘဲ အဲဒီကောင်လေးသာဖြစ်ခဲ့တာကိုး။ ဒီတော့ အဲဒီကောင်လေးကို သူ မမုန်းဘဲ ဘယ်နေပါမလဲ. . . နော်။

အဲဒီလို သေးသေးမွှားမွှားလေးကစပြီး အငြိုးအတေးတွေနဲ့ မျက်မုန်းကျိုးခဲ့မိတဲ့သူက ကလေးကို အန္တရာယ်ပြုမှာစိုးလို့ဆိုပြီး ဖေဖေတို့က 'ဖိုး'နဲ့'ဖွား'လက်ထဲသို့ သူ့ကိုအပ်လိုက်တော့တာပါပဲ။ သိတတ်ခါစအရွယ်ကလေးနဲ့ မိဘရင်ငွေ့က ကင်းလွတ်ခဲ့ရတဲ့ကလေးဖြစ်မှတော့ ဒီလိုမိဘကို ဘယ်မှာနှောင်တွယ်ပါတော့မလဲ။





အခု သူ့အသက် (၂၄)နှစ်ကျော်ကျော်မှာ အဘိုးတွေအဘွားတွေမရှိကြတော့တာမို့ မသေခင် မှာကြားခဲ့ကြတဲ့အတိုင်း မိဘတွေနဲ့ ဟိုအကောင်ရှိတဲ့ဒီအိမ်ကို သူ အခုရောက်လာရတာပင်။ ဒီရောက်တော့ ဖေဖေက ကုမ္ပဏီသွား၊ မေမေက အပြင်ထွက်၊ ဟိုကောင်လည်း ရှိမနေဘဲ သူက ဧည့်သည်လိုပဲ ဧည့်ခန်းမှာ ငုတ်တုပ်ထိုင်စောင့်နေရတာပင်။

"တောက်!"

စိတ်တိုတိုဖြင့် သူ တက်ခေါက်တာကို လိုက်ကာနောက်မှာ ချောင်းကြည့်နေကြသည့် ကောင်မလေးနှစ်ယောက်က လန့်သွားကြပြီး တီးတိုးပြောနေကြလေ၏။ သူ့ကို စိတ်ဝင်စားစရာ သတ္တဝါလို့ပဲ ဒီကလေးမတွေ မြင်နေကြတာပဲထင်ပါရဲ့။

"အဲဒါ မေမေ့သားကြီးတဲ့"

"ဒါဆို ငါတို့ကိုကိုကြီးပေါ့နော်"

"အေးပေါ့ဟဲ့"

ကျွစ်!. . . သားနှစ်ယောက်ရှိပါလျက်နဲ့ ဘယ်လိုစိတ်ကူးပေါက်ပြီး ဒီ (၁၆)နှစ်အရွယ် ကောင်မလေးနှစ်ယောက်ကို ထပ်

www.burmeseclassic.com



မွေးစားရတာပါလိမ့်။ မေမေခေါ်တုန်းက သူမတို့ (၈)နှစ်ခန့်သာ ရှိသေးသည်ဟု 'ဖွား'ပြောဖူးလို့ သိခဲ့တာပါ။ နာမည်က သီတာလား နီလာလား သူသဲသဲကွဲကွဲမသိ။ ရုပ်ကလည်း ခပ်ဆင်ဆင်ဖြစ်နေသည့်ဝမ်းကွဲညီအစ်မတွေကိုး။

ကြည့်စမ်း! သူခေါ်ခွင့်မရှိခဲ့ရတဲ့ 'မေမေ'ဆိုတဲ့ဝိသေသကို ဒီကောင်မလေးနှစ်ယောက်က အပိုင်စား ခေါ်ခွင့်ရနေပြန်ပါရောလား။ စိတ်တိုလိုက်တာနော်။ ခုနလာတင်ပေးသွားသည့် ရေဖန်ခွက်ကို 'ဂွပ်'ခနဲမော့သောက်လိုက်မိ၏။

ဘာထူးသေးလဲ၊ သူ့နာမည်မှာ ဖေဖေ့နာမည်တစ်လုံး ပါခဲ့တာပါ။ ဖေဖေ့နာမည်က ဦးဇော်ဟိန်း၊ ဟိုကောင်ကျ မေမေ့နာမည် ပါသွားပါရော။ မေမေ့နာမည်က ဒေါ်ခင်ဦးမေလေ။ ဒီကောင့်နာမည်က အငယ်ဖြစ်ပြီး ဘာလို့ ညီညီဦး ဖြစ်ရတာလဲ။ တကယ်ဆို သူ့နာမည်မှာပင် 'ဟိန်းဇေယျာဦး'လို့ပေးပြီး ဒီကောင့်ကို 'ညီညီထွေး'လို့ ပေးသင့်တာမဟုတ်လား။

အဲဒီကိစ္စလည်း မကျေနပ်ပါဘူး။ မကျေနပ်တာတွေ မှန်သမျှ အကုန်ချရေးရင် သိုင်းဝတ္ထုစာစဉ်တွေလို (၁၀)အုပ်တွဲမှ ထွက်လာမှာ အသေအချာလေ။

တောက်! ငါနော်၊ ဘယ်အချိန်ထိ ဒီလိုထိုင်စောင့်နေ





ရမှာပါလိမ့်။ စောင့်ရတာလောက် စိတ်မရှည်တာ သူ့အပြင် မရှိတော့တာလေ။

အခု သူက B.E (အင်ဂျင်နီယာဘွဲ့) ကိုရပြီးချေပြီ။ အလုပ်ဝင်ရန်မှ ရန်ကုန်မှာက ဖေဖေ့အဆက်အသွယ်နှင့် ပိုအဆင်ပြေပြေအလုပ်ရနိုင်သည်ဆိုပြီး 'ဖွား'စီစဉ်ပေးခဲ့တဲ့ Plan အတိုင်း ရန်ကုန်ကိုဆင်းလာခဲ့ရတာပါပဲ။ အားမကိုးချင်ပါဘူးဆိုမှ မိဘတွေကို အားကိုးခိုင်းရတယ်လို့။ စိတ်ပျက်စရာပင်။

ပူလိုက်တာ၊ ဒီအရပ်ဒီဒေသက ဒီလိုပဲ ပူပါလျက် ဒီကလူတွေ မအိုက်ကြဘူးလား။ Aircon: လေးပန်ကာလေးလည်း မဖွင့်ကြဘူးထင်ပါရဲ့။ အိတ်ကပ်ထဲမှာ ချွေးသုတ်ပဝါအသေးလေးကိုထုတ်ကာ မျက်နှာနှင့်လည်ပင်း၊ လည်ကုတ်တစ်ဝိုက်ကို အသာသုတ်သင်လိုက်မိသည်။

တောက်! မနက်အစောကြီးထထွက်လာရတာမို့ ဟောင်းလောင်းဖြစ်နေသည့်ဗိုက်က အချက်ပြချေပြီ။ ငါနော်, 'ဖွား'အိမ်မှာဆို 'နန်းစိန်, ငါဗိုက်ဆာပြီ'လို့ တစ်ချက်အသံပြုလိုက်တာနဲ့ ထမင်းပွဲက အဆင်သင့်ပြင်ပေးပြီးလောက်ပြီလေ။ သူက အဲဒီလို စိတ်မြန်ပြီး စကားနည်းကာ ပြောရင်လည်း လေသံပြတ်ပြတ်နှင့် တုတ်ထိုးအိုးပေါက်ပြောကျင့်ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော!"

သူ့မျက်နှာ ဝင်းခနဲဖြစ်သွားရပါ၏။ တိုက်ရှေ့မှာ ကား တစ်စီးရပ်သွားတာကိုး။ မေမေမဟုတ်ရင် ဟိုကောင်ပဲ ဖြစ်နိုင်တာလေ။

"သိတာနဲ့ကြည့်ပြာ"

"ရှင်! မေမေ၊ လာပါပြီ"

"ဒီမှာ ပစ္စည်းတွေ လာဝိုင်းသယ်ပေးကြစမ်း။ မောင်တိုးက လေးတာတွေ သယ်ပေးလိမ့်မယ်"

အိမ်ထဲကို အရင်မဝင်သေးဘဲ ကားပေါ်ကပစ္စည်းတွေ ချနေတာက သူ့ထက်အရေးကြီးသတဲ့လား။ အဘယ်မျှ စိတ်တို စရာကောင်းလိုက်သလဲ၊ တကယ်ဆို အိမ်ထဲဝင်လာပြီး 'သားကြီး ရောက်နေပြီ'လို့ ဝမ်းပန်းတသာကြိုသင့်တာပေါ့။ ခုတော့ဖြင့် မဟုတ်ပေါင်၊ ဟိုကလေးမနှစ်ယောက်ကလည်း သူရောက်နေတာကို မပြောကြပါလား။ စိတ်တိုတယ်နော်၊ အဟုတ်ကို တိုလာတာပါ။

"ဘယ်မှာထားရမှာလဲ မမကြီး"

"ဧည့်ခန်းထဲမှာပဲ ခဏထားလိုက်ဦး။ သူ့အဖေက ဘယ်လိုစီမံပေးမလဲ မသိသေးဘူး"





"ဒါတွေကရော မေမေ"

"အဲဒါတွေက အပေါ်ထပ်က မေမေ့အခန်းထဲမှာပဲ ခဏ ထည့်ထားလိုက် သိတာ။ ကောင်းကောင်းသယ်နော်"

"ဟုတ်"

အလုပ်သမား (မဟုတ်သေးပါဘူး)၊ ဒရိုင်ဘာနှင့် သူတို့၏ မွေးစားညီမနှစ်ယောက်က ပစ္စည်းပစ္စယတွေ သယ်လာကြသည့်အချိန်ထိ သူက ခုံမှာပင် ငုပ်တုပ်ထိုင်နေဆဲပါလေ။

ဟော! ရှင်မတောင်သနပ်ခါး ခြေဆုံးခေါင်းဆုံး လူးထားသည့် သူ့မယ်တော် ကြွချီလာပါပြီကော။

"ဟဲ့! ပလုပ်တုတ်!. . . လန့်လိုက်တာ"

ကြည့်! နေ့ခင်းကြောင်တောင် ထိုင်နေတဲ့သူကို လန့်ရတယ်လို့။ သူ့အသားရောင်က ဟိုကောင့်လို မဖြူပေမယ့် ခပ်ညိုညိုဖြစ်ပြီး မည်းတူးနေတာမှမဟုတ်တာလေ။ မွေးထားပြီး မေ့နေတာပဲ ဖြစ်မှာပါမေမေ။

"သားကြီး ဘာလုပ်နေတာလဲ"

"ထိုင်နေတာ"

"ဩော်၊ ထိုင်နေတာတော့ သိတာပေါ့၊ မေမေက ညနေ လောက်မှ ရောက်မယ်ထင်ထားတာ။ နေ့လယ် ကားဆိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



စောတာထင်တယ်''

''အင်း''

''နှစ်ချက်တောင် ထိုးနေပြီ ဆာရောပေါ့။ ဟိုကလေးမတွေ ဘာမှကျွေးမထားနိုင်ကြဘူးလား''

''ရေတိုက်တယ်''

''ဟဲ့!. . . ရေက ဘယ်ဗိုက်ဝပါ့မလဲသားရဲ့။ အဲဒီလိုပဲ၊ မေမေမရှိရင် ဘာတစ်ခုမှစိတ်မချရဘူး။ ထမင်းစားသောက် ရေမိုးချိုးပြီး နားသင့်တဲ့လူကို ဒီတိုင်းထားရတယ်လို့။ မိသီတာ!''

''ရှင်''

''ရှင်ကိုထားခဲ့၊ လူမြန်မြန်လာစမ်း''

ခုန အပေါ်တက်သွားသည့် ကလေးနှစ်ယောက်စလုံး အမြန်ပြေးဆင်းလာကြလေ၏။ (မေမေဆုံးမထား၍ထင့်) ခြေသံတော့ မကျယ်ကြပါချေ။

''ရောက်ပါပြီ မေမေ''

''နင်တို့ကိုကိုကြီးကို ဘာမှမကျွေးကြဘူးလား''

''ဆာတယ်လို့မှမပြောတာ မေမေရဲ့''

''ဟဲ့! သူမပြောပေမယ့် နင်တို့က အလိုက်တသိ ပြင်ကျွေးမှပေါ့။ မေးရမှာပေါ့။ သွားသွား. . . ထမင်းပွဲပြင်စမ်း၊ မော





ရတဲ့ကြားထဲ တကယ်ပဲ''

မေမေက သူထိုင်နေသည့်ရှေ့ရှိ ဆက်တီမှာ ဝင်ထိုင်လိုက်တော့ အကြီးလားအငယ်လားမသိသည့် ကောင်မလေးက ရေအေးတစ်ခွက် ထည့်လာပြီး မေမေ့ကို တိုက်လေသည်။ ဒီလိုတော့ အလိုက်သိသားပါပဲလား။ သူ့ကိုသာ သူစိမ်းဆိုပြီး ပစ်ထားကြတာပဲဖြစ်မှာပါလေ။

''သားညီလေးက အခုသင်တန်းသွားနေတယ် သားရဲ့၊ ကျောင်းတော့ပြီးသွားပြီ။ သားရော ဖေဖေ့ကုမ္ပဏီမှာပဲ အလုပ်ဝင်မှာလား''

''ဟင့်အင်း''

''အင်းပေါ့လေ၊ သားရထားတဲ့ဘွဲ့နဲ့သင့်တော်တဲ့အလုပ်ရှာပေးရမှာပေါ့''

''ကျွန်တော့်ဘာသာ ရှာပါ့မယ်''

ကျွန်တော်ဟု သုံးလိုက်တာကြောင့်လားမသိ၊ မေမေ အံ့သြသွားလေ၏။ ဒီအရွယ်ရောက်မှတော့ ကိုယ့်ကိုယ်ကို 'သား' လို့ ဘယ်သုံးသင့်ပါ့မလဲ။ ပြီးတော့ သူက စကားပြောရင် နာမည်ထည့်ပြောတာမျိုးကိုလည်း မုန်းသည်လေ။

''မေမေတို့နဲ့တော့ အတူနေဖြစ်ပါတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



တုံ့ဆိုဘာဝေပါပဲ၊ ခုချိန်ထိ အမေဖြစ်သူကို မေမေဟု သူတစ်ခွန်းမခေါ်ဖြစ်သေး။ တကယ်ဆို နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရတဲ့အမေဖြစ်သူကို ရင်တွင်းကလာတဲ့ခေါ်သံမျိုးနဲ့ 'မေမေ'လို့ အကျယ်ကြီးအော်ခေါ်ပြီး ပြေးဖက်လိုက်သင့်တာပါ။ သို့သော် သူက ထိုသို့တရင်းတနှီးပြုမူလိုက်ရမှာကို ရှက်စရာဟုသာ ယူဆသဖြင့် မလုပ်ဖြစ်ပါချေ။

"သား ဘယ်အခန်းမှာ နေမယ်မှန်းမသိလို့ အပေါ်ထပ်မှာရော အောက်ထပ်မှာပါ အခန်းတစ်ခန်းစီ ပြင်ထားပေးတယ်။ သားသဘောကရော"

"ဘယ်မှာဖြစ်ဖြစ် ရပါတယ်"

"ဘယ်ဟုတ်မလဲ သားရဲ့၊ သားနေချင်တဲ့အခန်းမှာ နေပါလို့ သားဖေဖေ မှာထားတယ်။ သားက အဝါနုရောင်ကြိုက်တယ်ပြောထားလို့ လိုက်ကာတွေဘာတွေ အခန်းပြင်ဆင်ဖို့ အခုပဲ မေမေသွားဝယ်ခဲ့တာ"

"ရပါတယ်"

"ထမင်းပွဲပြင်ပြီးပါပြီ မေမေ"

"မေမေမှာတဲ့အတိုင်း ထမင်းပန်းကန်အသစ် ထုတ်ပေးရဲ့လား သီတာ"





"ဟုတ်ကဲ့ပါ မေမေ"

"လာ့ သား။ ထမင်းစားလေ။ သား ထမင်းစားပြီးရင် တအောင့်တနား နားလိုက်ပေါ့"

"ဟုတ်ကဲ့"

မေမေဦးဆောင်ခေါ်သည့်နောက် သူ ထလိုက်လာပြီးမှ နောက်သို့ ဖျတ်ခနဲလှည့်လိုက်မိပါ၏။ ဟိုကလေးမနှစ်ယောက်က ဧည့်ခန်းမှာ သူချထားသည့်အထုပ်အပိုးတွေနားသွားပြီး သယ်ကြတော့မှာကိုး။

"ဟေ့!"

"အမယ်လေး!"

"ငါ့ဟာတွေ မထိနဲ့ မကိုင်နဲ့"

"မေမေက သယ်ဖို့. . ."

"ငါ့ဘာသာငါ သယ်မယ်"

သူဝေါက်လိုက်တာမို့ ဟိုချာတိတ်မနှစ်ကောင် သူ့အိတ်တွေအနီးမှ နောက်ဆုတ်သွားတော့၏။ ကဲ! အခုကတည်းက သူ့စည်းကမ်းနဲ့အညီ မလိုက်နိုင်ရင် ဒီအိမ်မှာ သူ့အသံမြကြီး ဟိန်းထနေတော့မှာပဲမဟုတ်လား။

မေမေက သူ့အတွက် ထမင်းစားပွဲမှာ လိုအပ်မယ့်အရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုစစ်ဆေးပြီး ရေသန့်ဘူးထဲမှရေအေးကို ဖန်ခွက်ထဲ လောင်းထည့်ပေးကာ ပြင်ပေးလေ၏။

''သားကြိုက်တာမကြိုက်တာကို ပြောထားဦးနော်''

ခုံမှာဝင်ထိုင်လိုက်ပြီး ဟင်းပွဲတွေကိုကြည့်ကာ စိတ်ပျက်သွားရပါ၏။ ဟင်းသီးဟင်းရွက်ဆိုလို့ ဂေါ်ဖီထုပ်ကိုသာ ဖြူဖြူလေးကြော်ထားတာကိုး။ ဒါတောင် ဒီထဲမှာ ခပ်နီနီအပြားလေးတွေပါသေးတာမို့ ဝက်အူချောင်းမှန်း သူသိပါ၏။ ကျန်တာတွေက သူမုန်းသည့်အသားဟင်းမျိုးစုံတွေပါလေ။

⌘ ⌘ ⌘



## အခန်း (၂)

''သူစားနေကျ ထမင်းပန်းကန်ကို ယူစားမိရင် အဲဒီပန်းကန်ကို ပေါက်ခွဲလိုက်တာတဲ့''

''ဒေါ်သကြီးလိုက်တာနော်''

''အေး၊ နင်တို့နှစ်ယောက်ပဲ အဲဒီဒေါ်သကူမှာရနဲ့ ဝေးဝေးရှောင်''

''ကြောက်ပါတယ်ဆိုမှ ကိုလေးက ဖြဲခြောက်နေပြန်ပါပြီ''

''ကိုလေးရော မကြောက်ဘူးလား''

''မကြောက်ပါဘူး၊ ငါက သူ့ညီလေးပဲဟာ။ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရမှာလဲ။ သူရိုက်စရာရှိ နင်တို့အငယ်နှစ်ယောက်ကိုပဲ ရိုက်မှာ''

''ကိုလေးနော်''

ကြည့်စမ်း! ဒါက သူ့အတင်းအုပ်နေကြတာပေါ့လေ။ အဲဒါတွေကြောင့် မိန်းမတွေကို သူကြည့်မရတာပေါ့။ မိန်းမဆိုတဲ့အမျိုးက ('ဖွား'မပါ) အင်မတန်ပစိပစပ်များပြီး သူများအတင်းပြောရတာ အတော်ဝါသနာပါတာကိုး။ ဒီကြားထဲမှာ ဟိုမရောက်ဒီမရောက် ဟိုအကောင်က ရောပါနေသေးတာလေ။

အပေါ်ထပ်မှာ အခန်းပြင်ပေးနေတာမို့ မေမေက သူ့ကို အောက်ထပ်အခန်းမှာ ခဏနားနေခိုင်းထားသဖြင့် မေးခန်အိပ်ပျော်သွားရတာပင်။ နာရီက ညနေ (၅)နာရီတောင် ထိုးသွားပါပကောလား။ သူအိပ်ပျော်သွားတာ အချိန်နှစ်နာရီကျော်ပြီပေါ့။ အဲဒါကို အခန်းခေါင်းရင်း (တိုက်အပြင်)မှာ နေကြာစေ့လား၊ ကွာစေ့လားမသိ တဖြောက်ဖြောက်ဝါးပြီး အရည်မရအဖတ်မရ စကားတွေ လာပြောနေမှတော့ မနိုးဘဲနေပါတော့မလား။

''တောက်!''

''ဟယ်! နိုးပြီထင်တယ်''

အသံတို့က တိခနဲရပ်သွားလေ၏။ နေကြာစေ့ကိုက်သံ





တောင် မကြားရတော့ပါချေ။ တအောင့်နေမှ ကျွက်စီကျွက်စီ တီးတိုးပြောလျက် ခြေသံတဖျတ်ဖျတ်ထွက်သွားတာကို ကြားရလေသည်။ လူစုခွဲကြပြီထင်ပါရဲ့။

အထုပ်ထဲမှ သူယူလာသည့်ပစ္စည်းပစ္စယတွေကို ထုတ်လိုက်ပါသည်။ သွားပွတ်တံ၊ သွားတိုက်ဆေး၊ မျက်နှာသစ်ဆပ်ပြာ Cream၊ ပါးစပ်ဆေးသည့်ဆေးရည်ဘူး၊ ကိုယ်တိုက်ဆပ်ပြာ၊ Shampoo၊ Towel နှင့် ရေလဲပုဆိုးတို့ကိုဖယ်ပြီး ရေချိုးပြီး ဝတ်ရန်အတွက် အဝတ်အစားတစ်စုံ အဆင်သင့်ထုတ်ထားလိုက်ပါသည်။

အောက်ထပ်မှာ ရေချိုးခန်း အိမ်သာတစ်ခုစီနှင့် အပေါ်ထပ်မှာလည်း ရေချိုးခန်းအိပ်သာတစ်ခုစီမို့ သူ နှာခေါင်းရှုံ့လိုက်မိသည်။ 'ဖွား'အိမ်မှာဆို Hotel တွေလို အခန်းတစ်ခန်းမှာ ရေချိုးခန်းရော အိမ်သာပါ တစ်ခါတည်းပါတာကိုး။ အခုတော့ ရောမရောက်ရင် ရောမလိုပဲ ကျင့်ရတော့မှာလေ။

သူက ရေကိုစိမ်ချိုးလေ့ရှိသူမို့ တစ်ယောက်မဟုတ် တစ်ယောက်နဲ့တော့ ပြဿနာတက်မှာ အသေအချာပင်။ အောက်ထပ်မှာက ဟိုကလေးမနှစ်ယောက်တည်း နေတာမို့ မေမေက သူ့ကို အပေါ်ထပ်မှာပဲ နေခိုင်းတာပါ။ အပေါ်မှာက မေမေတို့ကအပင်



www.burmeseclassic.com

www.burmeseclassic.com



ခန်း ဟိုအကောင်က တစ်ခန်းသာရှိတာမို့ သူ့အတွက် တစ်ခန်း စီစဉ်ပေးတာလေ။ လူလေးယောက်သားတော့ အိပ်သာလုရရင် အခက်ပေပဲကိုး။

သူတော့ ကြဲကြဲဖန်ဖန်-တွေးပူနေမိပြီထင်ပါရဲ့။ မိန်းကလေးတွေ ရှိနေတာမို့ ရေချိုးခန်းထဲကို အင်္ကျီကျွတ်ဖြင့်မသွားဘဲ စွပ်ကျယ်ဖြူတော့ ဝတ်သွားဖြစ်ပါ၏။ သူက အင်္ကျီဝတ်တိုင်းဘာအမျိုးအစားပဲဝတ်ဝတ်၊ အောက်ခံစွပ်ကျယ်လက်ပြတ်အဖြူကို အမြဲခံဝတ်လေ့ရှိပါ၏။ ပြီးတော့ အတွင်းခံဘောင်းဘီမှအစ သူ့အဝတ်အစားမှန်သမျှကို သူကိုယ်တိုင် (ရေချိုးတိုင်း) အမြဲလျှော်လေ့ရှိပြီး သူများလျှော်ပေးတာကို စိတ်တိုင်းမကျပါချေ။

Suit လို ပွဲတက်ဝတ်စုံတွေကိုတော့ ပင်မင်းဆိုင်မှာပဲ အခြောက်ခံ သွားအပ်ဖြစ်လေ၏။ ဒါလည်း 'ဖွား'၏စည်းစနစ်ကျကျ လေ့ကျင့်ပေးထားတာကြောင့်ပါပင်။ လူတွေကတော့ သူ့ကို ဘဝင်မြင့်ကောင်၊ ကြီးကျယ်ကောင်၊ ဘေးတိုက်လျှောက်ကောင်၊ လူ့ခွစာဟု အမြင်စိမ်းနှင့် ကြည့်လေ့ရှိတတ်ပေမယ့် သူ မမှုပါချေ။

မျက်နှာထက် အရယ်အပြုံးနည်းပါးပြီး ဖော်ရွေမှုကလည်း ကင်းပါသေး၏။ စကားကိုလည်း အဆီအငေါ်တည့်အောင်





မပြောတတ်။ သူ့အကြောင်းကို သိထားသည့်လူရင်းတွေလောက်သာ ဟိန်းဖေယျာကို လူရိုးလူဖြောင့်ဟု မှတ်ချက်ပြုတတ်တာပါလေ။

'ဆိုခဲခေ မြဲစေ'တဲ့။ ယောကျ်ားတွေ နှုတ်စောင့်စည်းဖို့ အမြဲဆုံးမခဲ့တာပါ။ 'အမြင်မတော်တာတွေ့ရင် အကြည့်လွှဲ'၊ 'ပါးစပ်မသရမ်းနဲ့'၊ 'လူလိမ္မာသား ယဉ်ပါး လူမိုက်သား ရမ်းကား' မို့ 'ရန်မဖြစ်နဲ့'တဲ့။ 'နှမချင်းစာနာစိတ်ဖြင့် ဆက်ဆံပါ'၊ 'အမေနဲ့မျိုးရိုးတူလို့သဘောထားပြီး လေးစားတတ်ပါစေ'တဲ့။

မိန်းမတွေအပေါ်မှာ ဒီလိုမျိုးစိတ်ထားပါဆိုပြီး ပြောဆိုခဲ့တာမို့ ဒီနေ့အထိ ဘယ်လှတပတမိန်းကလေးတွေကိုမှ စေ့စေ့မကြည့်ဖြစ်ခဲ့။ 'လှလိုက်တာ၊ ချောလိုက်တာ၊ ချစ်စရာလေး'ဆိုပြီးလည်း နှုတ်မသရမ်းခဲ့ဖူးပါချေ။ ပြီးတော့ ဟိုကောင်လိုလည်း မိန်းမတွေကြားထဲ ရောမိရောရာ အတင်းစုအုပ်တတ်တဲ့ အကျင့်မျိုးကိုလည်း သူမလုပ်ပါလေ။

အောက်ထပ်ရေချိုးခန်းတံခါးကို အထဲမှ ချက်ချကာ ရေတစ်ဝကြီး ချိုးလိုက်ပါ၏။ အနံ့သင်းသင်း Shampoo က ဦးရေပြားကို အေးမြသွားစေလေသည်။ သူက အသားသာ ဖြူ ပေမယ့် မျက်နှာထက်မှာ ဖုထစ် ကင်းရှင်းပါသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ယ်ဂယ်ကတည်းက 'ဖွား' ကျင့်ပေးခဲ့တာမို့ ညမအိပ်ခင် မျက်နှာသစ်ပြီး သနပ်ခါးလူးလေ့ရှိတာမို့ အသားနူးညံ့သည်ထင်ပါရဲ့။

အင်း. . . 'ဖွား' ရဲ့ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးကိုပါ သူ သယ်လာတာကို တွေ့ကြရင် ဘာပြောကြဦးမှာပါလိမ့်။ လူကို အခြောက်လို့ထင်ရင်တော့ ငါနဲ့တစ်ပွဲတစ်လမ်းတွေ့ကြသေးတာပေါ့လေ။

"အဝတ် ဘယ်နားမှာ လှမ်းလို့ရလဲ"

မီးဖိုခန်းဝမှာ ရပ်၍မေးလိုက်တော့ မေမေက အံ့သြသွားလေ၏။ ရေစိုခန္ဓာကိုယ်ပေါ်မှာ သူ့ Towel အကြီးကို ခြုံထားလိုက်တာမို့ ကိုယ်လုံးတော့ လုံလောက်ပါရဲ့။

"ဟယ်! သားရယ်၊ ကိုယ်တိုင်လျှော်စရာလား၊ မိသီတာတို့ လျှော်ပေးမှာပေါ့"

"ရပါတယ်၊ ကျွန်တော့်ဘာသာ လုပ်ကျင့်ဖြစ်နေလို့ပါ"

"သားညီမတွေကို လှမ်းခိုင်းလိုက်မယ်လေ၊ ထားခဲ့"

"နေရာပဲ ပြောလိုက်ပါ"

"အိမ်ဘေးမှာ သွပ်ကြိုးတန်းရှိတယ် သားရဲ့"

ကဲ! သိချင်တာသိရပြီမို့ သူလှည့်ထွက်ခဲ့တော့ မေမေ့စကားသံက တစ်ဝက်မှာပဲ ရပ်သွားရလေသည်။ သူက အဲဒီလို





အပိုတွေမလုပ်တတ်သည့်လူလည်း ဖြစ်လေ၏။ Hunger နစ်ခုကို ဝင်ယူလိုက်ပြီး စွပ်ကျယ်နှင့်ရှပ်အင်္ကျီကို တစ်ထည်စီတပ်ကာ လှန်းလိုက်ပါ၏။ ဝတ်လာသည့်ပုဆိုးနှင့် ရေဝတ်ပုဆိုးကို သေချာခါလှန်းစဉ် အတွင်းခံဘောင်းဘီကို ပုဆိုးအောက်မှာ ထားပြီးမှ အပေါ်က ပုဆိုးဖုံးကာ လှန်းလိုက်ပါသည်။

သူ့အတွင်းခံတွေကို လူမြင်တာကိုလည်း သူမနှစ်မြို့ပါချေ။ ဟိုကလေးမနှစ်ယောက်ကတော့ သူ့အဝတ်အစားတွေကို လာမရှုပ်လောက်ဘူးထင်ပါရဲ့။ အခန်းထဲပြန်ဝင်ကာ အိမ်နေရင်းဝတ်စုံတစ်စုံကို ဝတ်လျက် ရေလဲပုဆိုးကို ခုနတန်းမှာ သွားပြန်လှန်းထားလိုက်ပါသည်။ နောက်ဆုံးမှ ရေစိုနေပြီဖြစ်သည့် Towel ကို ခပ်ဝေးဝေးတစ်နေရာမှာ သူလှန်းထားလိုက်ပါ၏။

သူ လှန်းလိုက်တာနဲ့ အဝတ်တန်းက ပြည့်လုပြည့်ခင်ဖြစ်သွားတာမို့ ကျေနပ်သွားမိပါ၏။ အိမ်နေရင်းမို့ မျက်နှာထက်မှာ ဘာမှမလူးဖြစ်။ အပြင်ထွက်ရင်တော့ ယောကျ်ားလေးသုံး Cream တစ်ခုခု လူးဖြစ်ပါသည်။ အရောင်မထင်ဘဲ အနံ့လေးသာ သင်းသင်းလေး ထွက်တာမျိုးပါပဲ။ Body Spray တို့ ရေမွှေးတို့ကို သူမနှစ်သက်သဖြင့် မသုံးဖြစ်ပါချေ။ ခေါင်းကို Jel သုံးဖို့ထက် သဘာဝအုန်းဆီကိုသာ ငယ်စဉ်က အကျင့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးကျင့်ရှိပါသည်။

"အဝတ်လျှော်မပေးရဘူးဆိုတော့ မီးပူပါ မထိုးပေးရဘူးလား မမေ"

"ခဏနေပါဦး၊ သူ့အဘွားနဲ့ ဇနကတည်းက ဒီလိုပဲလုပ်ခဲ့လို့ဖြစ်မှာပါ။ နောက်မှ မေမေပြောပြပါ့မယ်"

"တစ်မျိုးကြီးပဲနော်"

"ဘာတစ်မျိုးကြီးလဲ"

"ကိုကိုကြီးကိုပြောတာလေ မေမေရဲ့၊ သူ့ကိုကြည့်ရတာ တစ်မျိုးကြီးပဲလို့၊ အသက်လည်း သိပ်မကြီးသေးဘဲနဲ့ အဘိုးကြီးတွေလိုမျိုး ခပ်တည်တည်နဲ့ သီးသန့်ကြီးနေနေတာကိုး"

"ငါ့အစ်ကိုကိုများ အဘိုးကြီးတဲ့၊ နင်တော့လား"

"ဒါကတော့ သူက အဘိုးတွေအဘွားတွေ လက်ထဲကြီးပြင်းခဲ့ရတာကိုး သမီးတို့ရဲ့"

"ဘယ်အရွယ်ကတည်းကလဲဟင်"

အိမ်ထဲပြန်ဝင်လာသည့်သူ့ခြေလှမ်းတွေ ရပ်သွားရပြန်ပါ၏။ အတင်းတုပ်သည့်ဝိုင်းက မီးဖိုခန်းထဲကို ပြောင်းသွားပြန်ပါရောလား။ ဒီအိမ်ရဲ့နောက်ဆုံးရ Brand New Super Star က ဟိန်းဇေယျာဖြစ်မှန်းမသိ ဖြစ်နေတာလေ။





"သုံးနှစ်ကျော်ကျော်လောက်ပဲ ရှိဦးမှာပေါ့။ သားငယ်ကိုမွေးတော့ သူ့အဘိုးက သူ့ကိုခေါ်သွားတာလေ"

"မေမေတို့ တစ်ခါမှမတွေ့ကြဘူးလားဟင်"

"မတွေ့ဖြစ်ဘူး၊ ဖေဖေကလည်း ပေးမတွေ့ဘူးလေ။ တော်ကြာ သူ့မြေးကို ပြန်ခေါ်သွားမှာစိုးလို့တဲ့။ ဒါပေမဲ့ ခြောက်လတစ်ခါတော့ သူ့ဓာတ်ပုံ အမြဲပို့ပေးလေ့ရှိလို့ မြင်ဖူးတာပေါ့"

"ဒါဆို မေမေ့ဆီမှာ ကိုကို့ဓာတ်ပုံတွေ ရှိတာပေါ့။ သားကိုပြဦးလေ"

"ဘာလုပ်မှာလဲ၊ လူရောက်နေပြီဟာကို"

"ကြည့်ရတာပေါ့ မေမေရ"

"မကြည့်ချင်ပါနဲ့၊ သူက ဓာတ်ပုံအရိုက်ခံရတိုင်း ငိုပြီးမျက်နှာက ရှုံ့တွနေတဲ့ပုံမျိုးချည်းပဲ"

"ဟင်! ဒါဖြင့် ဂျစ်ကန်ကန်ပုံမျိုးတွေချည်းပဲပေါ့နော်"

ရယ်သံ ခပ်အုပ်အုပ်ထွက်လာလေ၏။ ကြည့်ပါဦး၊ သူ့မေမေကအစ သူ့အကြောင်းတွေ ပြောပြနေတာလေ၊ ဟိုကောင်ကပါ သူ့ကိုခပ်လှောင်လှောင်ရယ်နေတာကိုး။ သူ့ပုံကိုသာ ဒီကိုပို့ပြီး သူ့ဆီကိုဖြင့် ဒီကောင့်ပုံတစ်ပုံမှ မရောက်ပါချေ။ ဒီတော့ ဒင်း ဘယ်ပုံဘယ်ပန်းရှိမှန်း သူမသိပါ။ သိလည်းမသိချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက စပ်စုတတ်တာကို မိန်းမတွေရဲ့အလုပ်ဟုသာ သတ်မှတ်ထားပါ၏။

အခုက အိမ်မှာ ဘာလုပ်ရမယ်မှန်းမသိဘဲ မေမေနှင့်သာ စကားပြောရင် ကောင်းမလားဆိုပြီး ဝင်မလို့ပြင်မိတာကို အခုက မေမေ့နားမှာ မျှော့တွေကျွတ်တွေ ဟက်ကိုျတွေက ကပ်နေကြပြီကိုး။ သူ့အတွက် ဒီအိမ်မှာ နေရာတစ်ခုတောင် မရှိဘူးထင်ပါရဲ့လေ။

"မေမေ့သားကြီးကို မလွမ်းဘူးလားဟင်"

"လွမ်းတာပေါ့သမီးရဲ့၊ ကိုယ်မွေးထားတဲ့သားဦးပဲဟာ။ သားအချစ် မြေးအနှစ်ဆိုတဲ့စကားက အလကားရှိခဲ့တာမဟုတ်ဘူး။ မေမေတို့ချစ်တာထက် သူ့အဘိုးအဘွားတွေက ပိုပြီးပုံချစ်လို့ မွေးစားခွင့်ပေးလိုက်ရတာ။ သူ့ကိုခေါ်သွားတုန်းက သူ့အဖေဆို မျက်ရည်တောင်ကျပေါ့"

"ကြီးမေပြောတော့ ကိုကိုက သားကိုမချစ်ဘူးဆို"

"ဟင်းဟင်း. . . အဲဒါ ငယ်တုန်းကပါသားရယ်။ ကလေးဆိုတော့ ဘယ်နားလည်ပါဦးမလဲ။ သူ့ကို အားလုံး ဝိုင်းပုံချစ်နေလျက်က နောက်ကလေးလည်း ရောက်လာရော မနာလိုစိတ်ဖြစ်ပြီး အငယ်မလိုချင်ဘူးလို့ အော်ငိုခဲ့တာလေ"





"ဒါဆို ကိုကိုကြီးက ငယ်ငယ်လေးနဲ့ မှန်းတတ်တာပေါ့နော်"

ငယ်ငယ်လေးနဲ့ မှန်းတတ်တာတဲ့လား။ သူ့ရင်ထဲ အမုန်းတွေ ပြည့်လာရအောင် လောကကြီးက သင်ပေးခဲ့တာပဲလေ။ လူတိုင်းကို အသားလွတ်မုန်းတာမျိုးမှမဟုတ်တာဘဲ။ သူ့နေရာကို လုယူသွားတဲ့ အဲဒီကောင်ကိုပဲ သီးသန့်မုန်းတီးနေခဲ့တာပါ။

စဉ်းစားကြည့်ပါဦး၊ သိတတ်ခါစအရွယ် ကလေးတစ်ယောက်ရဲ့ ရင်တွင်းဝေဒနာကို ဘယ်သူတွေ သိနိုင်မှာမို့လို့လဲ။ ထမင်းခွံ့တဲ့အချိန်မှာ မေမေခွံ့တာကိုပဲ စားချင်တာ၊ ရေချိုးရင်လည်း မေမေချိုးပေးတာကိုပဲ ခံချင်တာ၊ သနပ်ခါးလူးပေးတာရော အဝတ်ဝတ်ပေး, အုန်းဆီလူးပေး, ခေါင်းဖြီးပေးချိန်အထိ မေမေ့ကိုသာ တောင့်တခဲ့မိတာ အမှန်ပါလေ။

ညအိပ်ရာဝင် ပုံပြောချိန်မှာ 'ဖွား'ပြောပြနေပေမယ့် မေမေ့ရင်ခွင်ကိုလုံ့ပြီး မေမေ ခေါင်းပွတ်သပ်ပေးတာကို မျှော်လင့်ရင်း မျက်ရည်ကျိတ်ကျခဲ့ရတာ အဆိုးဆုံးအချိန်တွေပါပဲ။ 'ဖိုး'တို့ 'ဖွား'တို့ လိုလေသေးမရှိအောင် ထားပေးကြပေမယ့် သူ့ရင်ထဲက ကွက်လပ်ကိုဖြင့် ဖြည့်မပေးနိုင်ခဲ့ကြတာပါလေ။

ကျောင်းနေတဲ့အရွယ်မှာ တခြားကလေးတွေကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ လာကြိုကြပို့ကြပြီး သူကတော့ ဒရိုင်ဘာ ဦးမြင့်ရဲ့ကားနဲ့သာ သွားပြန်ခဲ့ရတာပါ။ အဲဒီကျောင်းသားလေးရဲ့မျက်ရည်ကဖြစ်တည်လာတဲ့ ဆူးတစ်ချောင်းကဖြင့် နှလုံးသားထဲ စိုက်ဝင်နေခဲ့တာ အခုဆို အနှစ် (၂၀)ကျော်နေခဲ့ပါပြီလေ။

⌘ ⌘ ⌘



## အခန်း (၃)

ခြံထဲမှာ လှည့်ပတ်လျှောက်ကြည့်နေမိ၏။ မေမေတို့ အုပ်စုထဲဝင်ပြီး စကားလက်ဆုံ ကျရအောင်လည်း သူက ဝင်မဆုံပါလေ။ အပင်စိုက်တာတော့ ဟိုတုန်းကလို မေမေဝါသနာပါနေတုန်းပါပဲ။ သူငယ်ငယ်က ဆော့ကစားခဲ့ဖူးသည့်မြက်ခင်းပြင်က အခုတော့ဖြင့် ကစားကွင်းဖြစ်နေပြီ။ မြက်တို့က ကွန်ကရစ်လမ်းဘေးတစ်လျှောက်မှာသာ ခပ်စိမ်းစိမ်းရှိတော့၏။

"တီ! "

ခြံဝမှ ကားဟွန်းတီးသံကြောင့် သူလှမ်းကြည့်လိုက်မိစဉ် ကိုတိုးက ခြံတံခါးကို သွားဖွင့်ပေးလိုက်လေ၏။ ဖေဖေပြန်



www.burmeseclassic.com

www.burmeseclassic.com



လာပြီ ထင်ပါရဲ့။ ကားက သူရှိနေသည့်တိုက်ရှေ့သို့ ခပ်မှန်မှန် မောင်းဝင်လာလေ၏။

"သားကြီး!"

ဖော်ရွေစွာပြုံးလျက် နှုတ်ဆက်လိုက်သည့်ဖေဖေ့ကို သူ ခပ်ငေးငေးသာ ကြည့်နေမိ၏။ 'သားကြီးဖေယျာကို ခေါ်သွားပေးပါ ဖေဖေ၊ အငယ်လေးကို ရန်ပြုမှာစိုးလို့ပါ' ဟူသည့်စကားသံကို နားထဲမှာ ပြန်ကြားယောင်လိုက်မိလေ၏။ သူ့အဖြစ်က မိရင်းဖရင်းသက်ရှိထင်ရှားရှိပါလျက်နဲ့ မွေးစားသားအဖြစ်ကို သုံးနှစ်အရွယ်လေးနဲ့ ဖြစ်ခဲ့ရတာပါလေ။

"အငယ်ကောင်နဲ့ တွေ့ပြီးရောပေါ့"

"ဟင့်အင်း"

"ဟေ! ဒီကောင် ခုထိပြန်မရောက်သေးတာလား"

"မဟုတ်ပါဘူး။ ကျွန်တော် အိပ်ပျော်နေလို့"

"ဩော်, အေးပေါ့၊ ခရီးပန်းလာတော့ နားရမှာပေါ့။ လာ, သား၊ အားလုံးနဲ့မိတ်ဆက်ပေးမယ်"

သူ့ပခုံးကို သိုင်းဖက်လျက် အိမ်ထဲဝင်ရန် ဖေဖေ ခေါ်လေ၏။ နွေးထွေးလေစွ။ ဒီအရွယ်ထိ အဖေဖြစ်သူရဲ့ရင်းနှီးမှုအငွေ့အသက်နဲ့ သူဝေးကွာခဲ့ရတာ ကြာပြီလေ၊ အိမ်ဝရောက်စဉ်





မှာ အထဲမှကောင်လေး ပြေးထွက်လာလေ၏။ သူ့ပခုံးထက်မှ လက်က အလိုလိုဖယ်သွားချေပြီ။

"ဖေဖေပြန်လာပြီ မေမေရေ့"

"ကလေးမဟုတ်ဘာမဟုတ်နဲ့ကွာ"

"ဖေဖေပဲ မိန်းမယူမချင်း. . . ကလေးဆို။ သားက ကလေးပဲဟာ"

"အေးပါ. . . အေးပါ"

'သား' တဲ့၊ အသက် (၂၀)ကျော်အရွယ်ကြီးနဲ့ ဒီလိုသုံးစရာလား။ ချွဲလိုက်တာမှ ယောကျ်ားမဟုတ်သည့်နှယ်လေ။ ပုံစံက ပိန်ပိန်ရှည်ရှည် ပိုးဟပ်ဖြူလို သွေးရောင်က မရှိ။ ဆံပင်ကိုလည်း တိုတိုကပ်ကပ်မညှပ်ဘဲ ဒီခေတ် Style မျိုး ခပ်မရှည်တရှည်လေး ထားထားလေ၏။ ဒါ သူ့ညီတဲ့လား၊ 'ဖွား' သာမြင်ရင် နားသယ်မွေး ဆွဲလိုက်လောက်ပြီ။

"ဒါ သားရဲ့ညီလေးလေ၊ ညီအစ်ကိုနှစ်ယောက် အခုမှ အတူပြန်နေရတာ၊ ချစ်ချစ်ခင်ခင်နေကြပေါ့။ သားညီလေးက နည်းနည်းတော့ဆိုးတယ်"

"သား မဆိုးပါဘူး ဖေဖေရ"

"ဒါက သားတို့ရဲ့မွေးစားညီမတွေ ဆိုပါတော့။ ခင်ဦး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဆွေမျိုးထဲကပဲ။ မိဘတွေမရှိကြတော့လို့ ခေါ်မွေးခဲ့တာ။ အကြီးမက သီတာ၊ အငယ်က ကြည်ပြာ၊ နှစ်ယောက်က ခင်ဆင်ဆင်မို့ မခွဲတတ်ရင်မှတ်ထား။ အငယ်မက မေးစေ့မှာ မှဲ့လေးပါတယ်"

ပြသနာပဲ၊ မိန်းကလေးတွေရဲ့မျက်နှာကို တစ်ခါမှ စေ့စေ့မကြည့်ဖူးပါဘူးဆိုမှပဲ မှဲ့နဲ့ ကြည့်ခွဲနိုင်းနေပြန်ပါပြီ။

"သူကတော့ အိမ်ကလူတွေ ဈေးတို့ဘာတို့ထွက်တဲ့အခါ ဒရိုင်ဘာလည်းလုပ်၊ ခြံအလုပ်တွေလည်း လုပ်တဲ့ တိုးအောင်တဲ့။ အားလုံးပဲ, ဒါ မင်းတို့ကိုလေးရဲ့ အစ်ကိုကြီးပဲ၊ မှတ်ထားကြ။ ဖေဖေ့ကို ရှိသေလေးစားတာချင်းတန်းတူ ကိုကိုကြီးကိုလည်း သတ်မှတ်ပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

နောက်ဆုံးစကားကိုတော့ သူ အတော်ဘဝင်ကျသွားပါ၏။ ဖေဖေ့လို လေးစားပါလို့ဆိုသည်ကိုး။ မေမေက ဖေဖေ့အတွက် သံပုရာဖျော်ရည် ယူလာပေးလေ၏။

"သားကြီးဖို့ အခန်းပြင်ပြီးပြီလား ခင်ဦး"

"ပြီးပါပြီ အစ်ကို"

"ဒါဖြင့်လည်း ပစ္စည်းတွေ တင်ပေးကြလေ"





"ဟို. . . ဟို. . . ကိုကိုကြီးက သူ့ပစ္စည်းတွေ မထိရဘူးတဲ့ဖေဖေရဲ့"

"သားကြီးကလည်း အငယ်တွေ ဝိုင်းကူတာကို လက်ခံမှပေါ့"

"နေပါစေ၊ ကျွန်တော့်ဘာသာ လုပ်နိုင်တယ်"

"ပစ္စည်းက ဒါလေးပဲလား"

"လောလောဆယ် ဒါပဲယူခဲ့လို့ပါ"

"ဖေဖေတို့ဆီ ခဏလာလည်တယ်လို့များ ထင်မှတ်ထားသလား ဟိန်းဇေယျာ"

"မဟုတ်ပါဘူး။ တခြားသေတ္တာတွေကို ပစ္စည်းချောပို့နဲ့ ပို့ခိုင်းလိုက်လို့ပါ။ ရှေ့တစ်ပတ်လောက်မှ ရမယ်ထင်တာပဲ"

ဖေဖေ ခေါင်းညိတ်လိုက်လေ၏။ ပြန်ရောက်ရောက်ချင်း မနားဘဲ သူ့အတွက် ဦးစားပေး စီစဉ်နေတာမို့ စိတ်ထဲမှာလည်း ကျေနပ်သွားရတာအမှန်ပါ။

"ကဲကဲ. . . မင်းတို့ကိုကိုကြီးပစ္စည်းတွေ ဝိုင်းသယ်ပေးလိုက်ကြ"

"ဟုတ်"

ဖေဖေ့အမိန့်ရသည်နှင့် အောက်ထပ်အခန်းအပြင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းရှိ အထုပ်အပိုးတွေကို လူလေးယောက် သယ်လိုက်ရုံနှင့် ကုန်ချေပြီ။ သူသယ်စရာမရှိတော့တာမို့ မျက်နှာက မှုံကုပ်ကုပ်ဖြစ်သွားရပါ၏။

"လာ, သားကြီး"

"အစ်ကို ရေချိုးပြီး ဆင်းခဲ့တော့နော်၊ ခင်ဦး ထမင်းပွဲပြင်တော့မယ်။ ဟိုကလေးနှစ်ယောက်ကို လွှတ်ပေးလိုက်ပါဦး"

"အေး"

အပေါ်ထပ်သို့တက်တော့ ခေါင်းရင်းခန်းမှာက ဘုရားခန်းရှိပြီး၊ ပြီးရင် မေမေတို့အခန်းပါ။ ဒီဘက်မှာက ညီညီ့အခန်းရှိပြီး သူ့အခန်းက ဝရံတာထွက်ရန် လမ်းခြားပြီးမှ ရှိသည့်ခြေရင်းအခန်း။ လေကောင်းနဲ့လည်း နီးတာမို့ ဆင်းရတက်ရ လွယ်ကူပေမယ့် မေမေတို့နှင့် ဝေးနေသလိုမို့ စိတ်ထဲ အောင့်သက်သက်ဖြစ်ရပြန်ချေ၏။

သားကြီးသြရသဖြစ်ပြီး တကယ်တော့ သူက ဒုတိယနေရာမှာသာ ရှိနေခဲ့တာမဟုတ်လား။ ရှိစေဦးတော့၊ နေပျော်သလောက်တော့ နေကြည့်လိုက်ပါဦးမည်။ သိပ်ကြီးအဆင်မပြေဖြစ်လာရင်တော့ အကြောင်းတစ်ခုခုပြပြီး တခြားမှာ သူပြောင်းနေမည်လေ။ 'ဖိုး'တို့ပေးထားတဲ့အမွေတွေကိုတော့ သူ့လုပ်ငန်း





အတွက်သာ သုံးချင်ပြီး မလိုအပ်ဘဲ ထုတ်မသုံးချင်ပါ။

"အဲဒါ ဘာထိုင်လုပ်နေကြတာလဲ၊ ပစ္စည်းတွေ ထည့်ပေးစရာရှိတာ ထည့်ကြလေ။ သိတာက မေမေနဲ့ထမင်းဝိုင်း ပြင်ပေးလိုက်တော့။ မောင်တိုးက ငါ့ကား သွားဆေးပြီး သိမ်းနှင့်ချေ"

"ကျွန်တော့်ဘာသာပဲ . . ."

သူ စကားပင် မဆုံးလိုက်။ ဖေဖေ့ခွင့်ပြုချက်ရသည်နှင့် အငယ်မနှင့် အငယ်ကောင်က အိတ်တွေရဲ့ဇစ်တွေကို ဖွင့်ခနဲ ဆွဲဖွင့်ကြချေပြီ။ ကုန်တော့မှာပဲ၊ နန်းစိန် သချာမီးပူတိုက်ပေးလိုက်သမျှ ကျေကုန်တော့မှာလေ။

"သေချာ စီထပ်ပေး၊ အဝတ်လျှော်တောင်းလည်းထားပေးထားဦး"

"နေပါစေ"

"ဘာနေပါစေလဲ သားရာ"

"ကျွန်တော့်အလုပ် ကျွန်တော်လုပ်နိုင်ပါတယ်"

"မဟုတ်တာ၊ သားက နောက်ဆို အလုပ်တစ်ဖက်နဲ့အားတော့မှာမဟုတ်ဘူးလေ။ အခုကတည်းက ဖေဖေတို့လိုရဲ့ကလေးတွေကို ခိုင်းမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ မှုန်ကုပ်ကုပ်ဖြစ်ချေပြီ။ ဖေဖေအမိန့်ပေးတာနဲ့ ဟို နှစ်ယောက်က လုပ်ချင်သလိုလုပ်နေကြပြီကိုး။

''ဟာ! ကျောက်ပျဉ်ကြီး။ သနပ်ခါးတုံးကြီးကလည်း အယ်စတုံပါလား''

စပါပြီ ဒီဇာတ်လမ်း။ ကျောက်ပျဉ်ကိုဆွဲထုတ်အပြီးမှာ ကျိတ်ရယ်နေတာမို့ သူ့မျက်နှာ တင်းသွားရပါ၏။ ဒီရယ်သံမှာ အစိပ္ပာယ်တွေ အများကြီးပါနေမှန်း သူသိနေတာလေ။

''ဒါကြီးက ဘာလုပ်ဖို့လဲ ကိုကိုရ''

''ဘာလုပ်လုပ်ပေါ့၊ မင်းအပူလား''

ကဲ! မပြောချင်ပါဘူးဆို့မှ ပြောရပြီလေ။ အလှပြင်ပစ္စည်း တွေကို ဗီရိုပုလေးပေါ် တန်းစီတင်လိုက်တာတောင် ဘာမှသိပ် မရှိလှ။ အံဆွဲထဲ ထည့်သိမ်းစရာပင် မရှိပါချေ။

''ကိုကို့ဟာ ဒါအကုန်ပဲလား။ နည်းနည်းလေး''

''ကဲကဲ! ပြီးရင် ထမင်းစားကြစို့''

ဖေဖော ရေချိုးရမည်မို့ သူ့အခန်းထဲမှ ထွက်သွားတော့ ၏။ ဟိုနှစ်ကောင်ပါ သူ ဘုကြည့်ကြည့်နေတာမို့ ခပ်ကုပ်ကုပ် နှင့် ထွက်သွားလေသည်။ အခန်းလိုက်ကာတွေကိုလည်း အဝါ ရောင်ဖျော့ဖျော့ အိပ်ရာဖုံးကအစ အဝါရောင်ပဲ ရွေးခင်းထားတာ





မို့ သူ့ရင်ထဲ အေးသွားပါ၏။

ကျောင်းတက်တုန်းကတော့ သူ အဝါရောင်ကြိုက်တာ ကို သူငယ်ချင်းတွေက ဗိုင်းဟားလိုက်ကြတာများ မပြောပါနှင့်။ ယောကျ်ားကြီးတန်မဲ့ ခပ်ဖျော့ဖျော့အရောင်ကို ကြိုက်တာကိုး။ ကွယ်ရာမှာ 'ဂျိဘုန်း' ဟု သမုတ်ခံရပေမယ့် သူက သိပ်မမှုပါ။ ကိုယ်ထင်ရင် ကုတင်ရွှေနန်းပင်မဟုတ်ပါလား။

ဟိုမှာ သူနေရသည့်အခန်းထက် အတော်လေး ကျဉ်း နေသည့်အခန်းကို လှည့်ပတ်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိ ပါ၏။ သူ့စာအုပ်တစ်ပြုတစ်မကြီးကို ဘယ်နားမှာ သွားထားရ မှာပါလိမ့်နော်။ စာအုပ်တွေက သေတ္တာနဲ့ချည်း (၁၀)လုံးကျော် ရှိတာလေ။

မှေ့နေလိုက်တာ၊ ညနေ (၆)နာရီကျော်တာတောင် သူ အဝတ်မရုတ်ရသေးတာကိုး။ ဟိုချာတိတ်မနှစ်ကောင် ရုတ်ရင် တော့ ခက်ချေရဲ့။

လေ့ကားမှ ခပ်သွက်သွက်ဆင်းလိုက်ပြီး အိမ်ဘေးကို လျှောက်ခဲ့၏။ တော်ပါသေးရဲ့၊ သူ့အဝတ်တွေ ဒီတိုင်းရှိနေသေး တာကိုး။ ပုဆိုးသုံးထည်ကို အသာရုတ်လိုက်စဉ်မှာ သူ အလန့် တကြားဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝါး! ဟာ. . . ကိုကိုမဟုတ်ပါလား။ ဒါကြောင့် ထူးဆန်းတယ်လို့ ထင်နေတာ။ ကိုကိုက ပုဆိုးဝတ်နေကျမှ မဟုတ်တာကိုး"

တစ်ဖက်ခြံသံဇကာကွက်မှာ ပေါ်နေသည့်ကောင်မလေးကို မျက်မှောင်ကြုတ်လျက် ကြည့်လိုက်မိလေ၏။ မိန်းကလေးတဲ့၊ ဣန္ဒြေမရှိပါလားနော်။ အပေါ်မှာက ပခုံးကျယ်ကျယ်အင်္ကျီပွပွ၊ အောက်မှာက ဂျင်းဘောင်းဘီတိုပြတ်ပြတ်နဲ့ သူမကိုယ်သူမ Korea ရောက်နေတယ်များ ထင်နေလားမသိ။

ဒီကြားထဲ သူနဲ့မသိပါဘဲ လူကို ခြံထဲကနေ ခြောက်လှန့်လိုက်သေးတာလေ။ မျက်စိထဲ ထောင့်ကိုမကျိုးပါလားနော်။

"သိပြီ၊ ကိုကိုပြောတဲ့ ကိုကိုကြီးမဟုတ်လား။ နာမည်က ဘယ်သူ"

သူက အင်္ကျီချိတ်ကိုဖြုတ်နေပြီမို့ အိမ်ထဲပြန်ဝင်တော့မယ်မှန်း သူမ သိပုံရလေ၏။ တစ်ဖက်ခြံထဲမှာ ခုန်ဆွခုန်ဆွလုပ်လျက် ထပ်ပြောချေပြီ။

"နေပါဦး ကိုကြီးရဲ့၊ သဲကိုယ်သဲ မိတ်ဆက်ပေးမလို့ဟာကို"

"မသိချင်ပါဘူး"





"ဟယ်! ဘာကြီးလဲ"

ကောင်မလေးကို ဘုပြောလျက် သူ အိမ်ထဲဝင်ခဲ့တော့၏။ ညီညီ့ကိုများ တကိုကိုနဲ့ အတော်ပတ်ချွဲနှပ်ချွဲလုပ်မယ့်ဟာလေးပါပဲ။ ဒီခေတ်ကလေးတွေများ တကယ်မလွယ်ပေါင်။ အိမ်က ဟိုနှစ်ကောင်လည်း ငယ်သေးလို့တော်သေး။ နို့မို့ သူ မျက်စိနောက်ရမှာလေ။

"လာ, သားကြီး။ ထိုင်"

မိသားစုလေးယောက်စာသာ ပြင်ထားတာမို့ သူနှင့် ညီညီက ဘေးချင်းကပ်ထိုင်ရလေ၏။ ဟိုကလေးတွေက နောက်မှပဲ စားမှာထင်ပါရဲ့။

"ဟင်းတွေကြိုက်ရဲ့လား သား"

"ကျွန်တော်က အသီးအရွက်ပဲကြိုက်တယ်၊ အသားဆိုငါးနဲ့ပုစွန်ပဲစားတာ။ ကျန်တာ မကြိုက်ဘူး"

အားလုံး တအံ့တဩကြည့်လိုက်ကြတာမို့ သူ မသိချင်ယောင်ဆောင်လိုက်ရပါ၏။ ပြောရင်လည်း တုတ်ထိုးအိုးပေါက်လို့ အပြောခံရဦးမှာလေ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မနက် (၅)နာရီထသည့်အကျင့်က ဒီရန်ကုန်ရောက်တာတောင် မပျောက်သေးပါလေ။ အိပ်ရာထ၊ သွားတိုက်၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ဘုရားခန်းသို့ သူရောက်သွားပါ၏။ ခြေသံ ဖွလျှောက်တာမို့ အိမ်ကလူတွေ မနိုးသေးလောက်ပါချေ။

ဘုရားသောက်တော်ရေလဲ၊ ဆီမီးပူဇော်၊ အမွှေးနံ့သာတိုင်ထွန်းပြီးသည်နှင့် မြတ်စွာဘုရားကို အာရုံပြုလျက် အေးဆေးသက်သာစွာ ဘုရားရှိခိုးလေတော့သည်။ 'ဖွား'က သူငယ်စဉ်ကတည်းက ဒီလိုမျိုးကျင့်ပေးခဲ့တာမို့ အရိုးစွဲနေခဲ့ချေပြီ။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးတာက နာရီဝက်နှင့် တရားထိုင်ချိန်က နာရီဝက်မို့ သူ ဘုရားခန်းဝင်တာက ကြာချိန်တစ်နာရီရှိလေ၏။ တင်ပလ္လင်ခွေထိုင်၊ ဘယ်လက်ဝါးပေါ် ညာလက်ဝါး ပက်လက်လှန်၍ထပ်၊ လက်မနှစ်ခုကို အသာထိထားကာ ခန္ဓာကိုယ်ကိုမတ်လျက် ဝင်လေထွက်လေ စမှတ်စဉ် ဝန်းကျင်နှင့် သူ ခဏတာ အဆက်အသွယ်ပြတ်သွားတော့၏။

''တိုးတိုးပါဆို''

လေသံဖြင့်ပြောလိုက်ပေမယ့် နားက ပါးတာမို့ အာရုံပျက်ရချေပြီ။ ဘေးနားနှင့် နောက်နားမှာ ရှပ်တိုက်လျှောက်ကြသည့် ခြေသံဖွဖွတို့ကြောင့် သူ့တရားထိုင်ချိန်က မိနစ် (၂၀)ကျော်မှာပင် တာ့တာပြသွားချေပြီ။ နှာဝမှာ ရလိုက်သည်က ဆွမ်းတော်ထမင်းရနံ့မွှေးမွှေး။ အဲဒီနောက် ရှင်မတောင်သနပ်ခါးနံ့ပါလေ။ မေမေ နိုးပြီထင်ပါရဲ့။

မျက်လုံးကို ဖျတ်ခနဲဖွင့်ကာ ဘုရားကို ရှိခိုးဦးချလိုက်ရတော့၏။ ဆက်ထိုင်လို့မှမရတော့တာကိုး။ သူ ခပ်ဖြည်းဖြည်းမတ်တပ်ထရပ်လိုက်စဉ် ဆွမ်းတော်ကပ်နေသည့်မေမေက လှည့်ကြည့်လိုက်လေ၏။ ဟိုကာလနဂါးလေးကတော့ အိပ်မက်ထဲမှာ နတ်သမီးလေးတွေ တစ်ဖက် ငါးရာစီနဲ့ ပျော်တုန်းပဲထင်ပါရဲ့။





''သား အာရုံပျက်သွားပြီထင်တယ်''

''ရပါတယ်''

''ညဘက်ရော တရားထိုင်သေးလား''

''ဟုတ်ကဲ့၊ မနက်နဲ့ည နာရီဝက်စီလောက်ပါ''

''အစောကြီးနိုးကျင့်ရှိတာကိုး၊ အငယ်ကောင်ကဖြင့် နေပွင့်အောင်ထိ အိပ်နေကျလေ။ သားဆာရင် စားနှင့်ပါ။ (၆)နာရီကျော်ပြီဆိုတော့ ဆာမှာပဲ၊ သားရဲ့ဘွားဘွားနဲ့နေခဲ့တာမို့ မနက်စာ စောစောစားကျင့်ရှိမှာလေ။ အောက်ထပ်မှာ ပဲပြုတ်နဲ့ထမင်းဆီဆမ်းပူပူလေး ရုပ်ခိုင်းထားတယ်။ သွားစား. . .သား''

သူ ကျေးဇူးတင်သွားမိပါ၏။ တော်လိုက်တဲ့အမေပါပဲလားနော်။ သူ့အစောကြီး ဆာတတ်တာကိုလည်း ကြိုသိထားပေတာကိုး။ ထမင်းစားခန်းဆီ ဆင်းခဲ့တော့ ဟိုညီအစ်မနှစ်ယောက်က မီးဖိုခန်းထဲမှာ အလုပ်တွေရှုပ်လို့ပါလေ။ ငယ်ငယ်လေးနဲ့ ချက်တတ်ပြုတ်တတ်ရှာသားပါပဲလား။

''ဗိုက်ဆာပြီ''

''လာပါပြီ ကိုကိုကြီး''

''ဆားမများစေနဲ့နော်''

''ဟုတ်ကဲ့ပါ''



www.burmeseclassic.com

www.burmeseclassic.com

ထမင်းပူပူကို Steel ဇလုံထဲထည့်၊ ပဲပြုတ်ထည့်၊ ဆီနဲ့ဆားထည့်နယ်ပြီးမှ သူစားနေကျ (သတ်မှတ်ပေးထားသည့်) ပန်းကန်ထဲမှာ အနေတော်ပြင်ထည့်ပေးကာ ဇွန်းတပ်ပေးပြီးမှ သူ့ရှေ့မှာ လာချပေးလေ၏။ မေမေ သေချာသင်ထားပေးတာ ပဲကိုး။

"ရေနွေးသောက်ချင်လား၊ ရေအေးပဲသောက်မှာလား ဟင် ကိုကိုကြီး"

"ရေနွေး"

ခဏအကြာမှာ အဖုံးပါသည့် ကြွေမတ်ခွက်လေးဖြင့် ရေနွေးထည့်ပြီး လာပေးပါ၏။ လက်ဖက်ခြောက် ခပ်ကျဲကျဲကို က သူ့အကြိုက်ပေကိုး။

"ကော်ဖီသောက်ဦးမလားဟင်"

"မသောက်ဘူး၊ နေဦး၊ နှင် သိတာလား"

"ဟုတ်ဘူး၊ ကြည်ပြာပါ ကိုကိုကြီး"

"အေး၊ အငယ်မ၊ ငါ့အခန်းထဲကို ဘယ်သူမှမဝင်နဲ့၊ ဘာမှ လာမရှင်းနဲ့၊ ကြားလား"

"ဟုတ်"

ကြိုပြောထားမှပါလေ။ တော်ကြာ စပ်စပ်စုစုနဲ့လျှောက်





မွှေရင် အခက်ပေကိုး၊ ရှေ့တစ်ပတ်ထဲမှာ ပစ္စည်းတွေ ဒီကိုရောက်လာတော့မှာမို့ သူစိတ်ညစ်ရဦးမှာလေ။ ဖေဖေ့မှာ စာကြည့်ခန်း ရှိတာမို့ ထားခိုင်းမှာ မှန်ပေမယ့် သူက သီးသန့်နေရတာကိုပဲ ကြိုက်ပါ၏။ ပြီးတော့ သူ့စာအုပ်ကို သူများယူကိုင်တာကိုလည်း မနှစ်သက်ပါချေ။

ဟုတ်တယ်လေ၊ တချို့က စည်းကမ်းမှမရှိကြတာကိုး။ အဖုံးအုပ်ထားသည့်စာအုပ်အပေါ်ရော အတွင်းမှာပါ ညစ်ပတ်တာမျိုး၊ စာအုပ်အစွန်းထောင့်ကို ခေါက်တာမျိုး၊ စာကြောင်းတွေကို မှင်ဖြင့်ခြစ်၍ မှတ်တာမျိုးကို သူအလွန်မုန်းပါ၏။ သူ့စာအုပ်တိုင်းမှာ စက္ကူကတ္တူစလေးတစ်ခုစီ ညှပ်ထည့်ထားပြီး ဖတ်လက်စ စာမျက်နှာကို ထိုကတ်လေးဖြင့် ညှပ်ထားပြီး မှတ်ထားနိုင်လေသည်။ စာအုပ်ကိုဖွင့်လျက် မှောက်ထားတာမျိုး (ဒါမှမဟုတ်) စာရွက်ခေါက်လျက် မှတ်တာမျိုးကို သူ ဒေါသဖြစ်မဆုံးပါချေ။

ပြီးတော့ သူ့စာကြည့်စားပွဲထက်မှာ 'မကိုင်ရ' 'ဖတ်တတ်လျှင် ဝယ်စုပါ' ဟူသည့်စာတမ်းတို့ကို ခပ်ကြီးကြီးရေး၍ ကပ်ထားလေ့ရှိပါ၏။ ကြီးကျယ်တယ်ပဲဆိုဆို၊ အဖြစ်သည်းသည်ပဲ ပြောပြော၊ စာပေမြတ်နိုးမှတော့ စာအုပ်ကို ရိုသေတတ်မှ ဖြစ်မှာကိုး။ 'စည်းကမ်းသည် လူ၏တန်ဖိုး' ဟူသည့်စကားပုံက အလကားရှိ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာမှမဟုတ်တာလေ။

ပြီးနောက် ခြံထဲမှာ လမ်းဆင်းလျှောက်ရင်း လက်ကို ဟိုလွှဲဒီဆန့်လုပ်လျက် လေ့ကျင့်ခန်းပြုလုပ်ပါ၏။ သူ Exercise လုပ်နေကျပစ္စည်းတွေကို တစ်ခါတည်းအပါ မသယ်နိုင်ခဲ့တာကိုး။

"Good morning ကိုကြီး"

လာပြန်ပါပြီ ဆတ်စလူးလေး။ ကြည့်မရဘူးဆိုနေမှ စောစောစီးစီး ပြုံးဖြီးဖြင့်ရောက်လာချေပြီ။ ထုံးစံအတိုင်း အားကစားဝတ်စုံဘောင်းဘီတိုလေးနှင့်ပါပဲ။ ဒီကလေးမတော့ လမ်းသွားရင် ကောင်လေးတွေ အဘယ်မျှ စနောက်ကြမည်မသိပါလေ။

ဆံပင်က ပခုံးသာသာ Step ညှပ်ထားပြီး အခု ဒီမနက်စောစောမှာတော့ ဘေးတစောင်း စည်းထားပါ၏။ ပေါင်တံက ဖြူဖြူဝတ်စုံက ရဲရဲနှင့် မရှေကဲကတော့ သူမျက်စိနောက်အောင် ပေါက်ချလာပြီကိုး။

"ဟင်. . . ပြန်လည်းမနှုတ်ဆက်ဘူး"

"ဘာလို့နှုတ်ဆက်ရမှာလဲ"

"လူမှုရေးအရပေါ့ ကိုကြီးရ"

"လူမှုရေးတွေဘာတွေ ငါမသိဘူး။ ရှုပ်ရှုပ်ယှက်ယှက်။





သူများခြံထဲ စောစောစီးစီးဝင်လည်စရာလား။ မိန်းကလေးတဲ့၊ မျက်စိကိုနောက်တယ်"

"ကိုကြီးနော်၊ လူကြီးဖြစ်ပြီး စိတ်ကလည်း ပုပ်လိုက်တာ။ ကိုကိုတို့ခြံက သဲ ငယ်ငယ်ကတည်းက လာဆော့နေကျခြံ။ ကိုကြီးပိုင်တာလည်းမဟုတ်ဘဲနဲ့များ"

"အေးလေ, ငါပြောတာလည်း သူများခြံလို့ပဲပြောတာ၊ ငါ့ခြံလို့ပြောလို့လား"

"ကြည့်! စကားကို ကပ်သပ်ပြောနေပြန်ပြီ။ ဘယ်လိုလူကြီးလဲ"

သူမက လက်သီးဆုပ်၍ သူ့လက်မောင်းကို ထုရန်ပြင်လိုက်စဉ် သူက ခြေလှမ်းကို နောက်ဆုတ်လိုက်မိပါ၏။ အတွေ့အထိဆိုတာ ဒီလိုတွေကနေ စဖြစ်တတ်တာလေ။ သူက မိန်းကလေးတွေနှင့် ပရောပရီ ခြေပုတ်ခေါင်းပုတ် မနေတတ်ပါချေ။

"ဖြစ်နေလိုက်တာ၊ အသားပွဲ့ပါမှာ စိုးလို့လား"

"မင်းထက် ငါ အသက်အများကြီး,ကြီးတယ်ကွ။ လူကြီးကို မရိုမသေ မလေးမခန့်နဲ့ လုပ်စရာလား"

"အမယ်!. . . ကြီးကျယ်လို့၊ ကိုကြီးအသက်က ဘယ်လောက်များကြီးနေလို့လဲ။ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာလား။ ကလေးက ကလေးလို မနေဘူး။ ဝပ်စပ်စုစုနဲ့"

သူမက သူပြောတာကို စိတ်မဆိုးသည့်အပြင် ပြုံးစေရယ်ကျဲကျဲလုပ်နေသဖြင့် သူစိတ်တိုလာပါ၏။ ငါနော်. အိမ်ကနန်းစိန်သာဆိုရင် ပိတ်ခေါက်တာနဲ့ ခေါင်းမှာ ဘုသီးထွက်နေလောက်ပြီ။

"ဒါဆို ကိုကြီးအသက်က (၃၅)နှစ်ကျော်ဖြစ်ရမယ်"

"ဘာကွ"

"ဒါကြောင့် လူပျိုသိုးကြီးပီပီ ပစိပစပ်များနေတာပေါ့"

"မင်းနော်၊ ငါနဲ့ညီညီက သုံးနှစ်ပဲကွာတာကွ။ လူကိုရုပ်ရင့်တယ်ဆိုပြီး ချိုးချိုးဖဲ့ဖဲ့နဲ့"

"ဒါဆို ကိုကြီးလည်း သဲကို ချိုးချိုးနှိမ်နှိမ်မပြောနဲ့ပေါ့လို့"

"မင်းဘာသာ ငါ့ကို လာစပြောတာလေ။ မိန်းကလေးပီပီ ကျနေ့ရရနေပါလား။ မျက်စိစပါးမွေးကိုစူးတယ်"

"ကြည့်! ပြောပြန်ပြီ၊ တွေ့လား။ ဦးဦးနဲ့ကို တိုင်ပြောမယ်"

"တိုင်ပေါ့"





ကောင်မလေးက တကယ်ပင် အိမ်ထောင့်မှာ စက်ဘီးကို မှီထောင်လိုက်ပြီး အိမ်ထဲဝင်သွားလေတော့၏။ ခဏအကြာမှာ ကျွက်စီကျွက်စီအသံတို့ဖြင့် အိမ်က ဆူညံလေပြီ။

"ငါအိပ်နေတာကို နှိုးရလား မိသဲရ"

"ဘာဖြစ်လဲ၊ သူများတွေ လေ့ကျင့်ခန်းတောင် လုပ်ပြီးနေပြီ။ ကိုကိုက နေဖင်ထိုးအောင် အိပ်တုန်းပဲ။ မနက် (၇)နာရီကျော်နေပြီ ကိုကိုရ"

ကြည့်စမ်း! ယောက်ျားလေးတစ်ယောက်ရဲ့ အိပ်ခန်းထိသူမ ဝင်ထွက်ရဲသတဲ့လား။ ဒီခေတ်သမီးပျိုကဖြင့် မလွယ်ချေပြီ။ သူ့အခန်းကို ဒီလိုသာ စွတ်ခနဲဝင်လို့ကဖြင့် သူ့ပါးစပ်ကြမ်းကြမ်းဖြင့် အပြောခံရပြီမှတ်! ခက်ပါ့ မိရွှေသဲရယ်။

"အန်တီလေးရဲ့သားကြီးက သဲကို အဖက်တောင်မလုပ်ဘူး။ သိလား"

စလာပါပြီ၊ တိုင်တောတဲ့အလုပ်။ အားအားလျားလျားအချိန်ကို တော်တော်ပေါနေပါလားနော်။ နဂိုကတည်းက မိန်းကလေးတွေနဲ့ အပြောအဆိုသိပ်မရှိရတဲ့ကြားထဲ ဒီလို ဆတ်ကော့လတ်ကော့ဟာလေးကိုတော့ ပိုပြီးကြည့်မရဖြစ်ရတာပေါ့။

"သားကြီးရေ့၊ ခဏကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျစ်! ခက်တာကဲ့၊ ဟိုက အိညှောင့်ညှောင့်တိုင်တာနဲ့ သူ့ကို မေမေခေါ်ဆူတော့မယ်ထင်ပါရဲ့။ လူကြီးတွေရှေ့လည်း ငါက မင်းကို မပေဟာက်ဘူးမထင်လေနဲ့ အမိရေ့။ ငါက မျက်နှာကြည့်ပြီး နေတတ်တဲ့လူစားမျိုးမဟုတ်ဘူးကွ။

"လာ. . . သားကြီး၊ ဒါ ဟိုဘက်ခြံက ကလေးလေ။ နာမည်က သဲသိမ့်သိမ့်သက်တဲ့။ မေမေ့လက်ထဲပဲ ကြီးလာခဲ့တဲ့ ကလေးပေါ့။ အခု First Year Y.I.T တက်နေတာ"

သူ အံ့ဩသွားရပါ၏။ ဒီကောင်မလေးက သူ့လို နည်းပညာကျောင်းသူလေးတဲ့လား။ ပုံစံနဲ့ပညာ ဘာမှမဆိုင်အောင်ကို ဆန်းပြားထူးခြားနေတာလေ။

"ဒါ သမီးရဲ့ကိုကြီးပေါ့၊ ဟိန်းဇေယျာတဲ့"

လက်ကမ်းပေးလိုက်သည့် ကောင်မလေးကို လူကြီးတွေရှေ့မရှောင် ခပ်တည်တည်ပင် ပြန်ကြည့်လိုက်မိ၏။ မိန်းကလေးဆိုတာ ကိုယ့်အသားကို သူစိမ်း ထိမိရင် ရှက်သွေးဖြာကြစမြဲမဟုတ်လား။ ဤချာတိတ်မကဖြင့် ပြောင်းပြန်ပါလေ။

"ကိုကိုနဲ့ ကိုကြီးများ ကွာပ့ါ"

"ဘာကွာလို့လဲ"

မုန့်ပလုပ်ပလောင်းစားနေသည့် ညီညီက ပြန်မေးလေ





၏။ သူမက ကရားအိုးထဲမှကော်ဖီကိုငှဲ့ကာ မေးဆတ်ပြပြီး ဆက်ပြောလိုက်ပါသည်။

"ခုနကပဲ ကိုကြီးအခန်းကို ဖွင့်ကြည့်ခဲ့တာလေ။ ကိုကို့လို ရှုပ်ပွမနေဘူးဆရာ။ သန့်ပြန့်နေတာပဲ"

"ဘာကိစ္စ ငါ့အခန်းတံခါးကို ဖွင့်ရတာလဲ"

"ဘာဖြစ်လဲ"

"ကဲ! တော်ကြပါတော့၊ ညော်, သားကြီးကိုပြောဖို့ မေ့နေလို့။ သားရဲ့ခြေရင်းခန်းက အလွတ်လေ။ အဲဒီမှာ သားစာအုပ်တွေထားပြီး Drawing Board ပါ ထည့်လို့ရတယ်"

"ဟာ! ကိုကြီးက အင်ဂျင်နီယာပေ့ါလေ။ ဒါဆို သဲ စာနားမလည်တာဆို လာမေးမယ်နော်။ အတော်ပဲ"

သွားပါပြီ။ မေမေ ဖွလိုက်တာနဲ့ ဒီ မ (၆)ပေါက် (၇) ပေါက်ကတော့ သူ့ကိုဒုက္ခပေးတော့မှာပါလား။

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဘယ်လို"

ညစာစားနေရင်း အံ့ဩသွားရပါ၏။ ဒီပိစိပေါက်စ တူမကတော့ ဟိုဘက်ခြံက သတင်းတွေ အတင်းတွေကို အကုန်စုပြီး ထမင်းဝိုင်းမှာ ဖောက်သည်ချပေးနေတာလေ။

"ဟုတ်တယ် တီလေးရဲ့၊ ကိုကြီးက ရုပ်လည်းတည်သလို ပညာလည်း တော်တယ်။ စည်းစနစ်လည်း ကြီးတယ်၊ သိလား။ ကိုကိုနဲ့များ ဘာမှမဆိုင်"

"အစကတော့ ကိုကိုမှ ကိုကိုဆို၊ ညီညီဦးကို ခေါက်ထားပြီလား သမီးရဲ့"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့က ကုန်းပိုးတမ်း ဆော့ရင်း ကြီးလာကြတာပဲ မာမိရဲ့။ ခေါက်ထားတာမဟုတ်ပါဘူး။ ကိုကြီးက ပိုသာတယ်ဆိုတာကို ပြောပြတာပါ"

"ညီညီ့လို ချောလို့လား သဲရဲ့"

"ကိုကို့လိုတော့ ဖြူဖြူချောချောဘယ်ဟုတ်ပါ့မလဲ။ နည်းနည်းညိုပြီး ခန့်တာ။ ကြည့်လို့လည်း အရမ်းကောင်းတယ်။ Body Structure က အမိုက်စားရှင့်"

ရင်ထဲမှာ စိုးထိတ်သွားမိပါ၏။ 'ထက်' တို့အရွယ်က ကိစ္စမရှိ၊ သဲတို့အရွယ်လေးက (၁၈)နှစ်တောင် မပြည့်သေးဘဲ စိတ်က ဟိုမရောက်ဒီမရောက် ယိမ်းတတ်တဲ့အရွယ်ပေကိုး။ တက်တဲ့ကျောင်းကလည်း နည်းပညာတက္ကသိုလ်မို့ ယောကျ်ားလေးအများစုသာ တက်ကြတာလေ။ ဒီကလေးမတော့ Classmate ချင်း သဘောမကျဘဲ ဘေးအိမ်က ညီညီ့အစ်ကို ရောက်လာမှ လှုပ်ခတ်မှုဖြစ်ချေပြီလား။

"ခင်လေးကတော့ သားကြီးရှိကြောင်း ပြောဖူးပါတယ်၊ ဒီလိုအင်ဂျင်နီယာရယ်လို့တော့ တစ်ခါမှမပြောဖူးဘူး"

"ကလေးက သူ့အဘိုးအဘွားတွေ ဆုံးတော့မှပဲ မိဘနဲ့ပြန်နေရတာကိုးကွ။ ဇော်ဟိန်းတို့တော့ စီးပွားရေးနယ်ပယ်မှာ





ရင်ကော့ ခေါင်းမော့ လက်မ ထောင်နိုင်ပြီပဲ။ အငယ်ကောင်လေးက ချူချူချာချာနဲ့ အားမကိုးရပေမယ့် လက်လွှဲပေးနိုင်မယ့် သားကြီးရှိပြီကိုး"

ကိုကိုပြောတာ မှန်ပါ၏။ ဦးဇော် မကြာခဏညည်းလေ့ရှိတဲ့ ဒီစီးပွားရေးကို သူ့သားကြီးသာ ဦးဆောင်ပေးနိုင်ရင် ပွဲသိမ်းပြီလေ။ တကယ်တော့ သဲဖေဖေက ထက်ရဲ့ဖေဖေ၏ တူတော်ပါ၏။ ဆွေမျိုးအရင်းအခြာတွေပဲမို့ ဝမ်းကွဲအစ်ကိုရှိရာ ဒီရန်ကုန်မှာပင် ထက် ကျောင်းပြီးခဲ့ပြီး အခု 'ဒေါက်တာထက်ထက်နိုင်မာ' ဖြစ်ခဲ့ရတာပင်။

သဲနှင့်ထက်က တူအရီးဆိုပေမယ့် အသက် (၈)နှစ်သာကွာပါ၏။ ညီညီ့ထက် အသက်ကြီးသလို ယခုရောက်နေသည့်အကြီးတစ်ယောက်နှင့်လည်း ထက်က တစ်နှစ်ခန့် ကြီးမည်ထင်ပါသည်။ ဤကလေးမတော့ ကိုယ့်ထက်အသက်ကြီးတဲ့ လူကြီးတစ်ယောက်ကို စိတ်မဝင်စားလောက်ဘူးလို့ ယူဆချင်ပါရဲ့။

"ခင်လေးတို့တော့ ကတော်တွေအလယ်မှာ မျက်နှာပွင့်ဦးတော့မှာပဲ"

"ဟုတ်တယ်၊ ကိုယ်တို့ကုမ္ပဏီရဲ့ဘေးမှာ အပြိုင်ဖွင့်ထားတာဆိုတော့ Member တွေ meeting ရှိရင် အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဟိန်းကတော့ မျက်နှာဝင့်ပြီး သူ့သားကြီးကို ကြွားမှာသေချာတာပေါ့"

"ကိုကြီးအခန်းကလေ, တီလေးလိုပဲ ရှင်းသန့်နေတာသိလား။ Towel လည်း သူ့နေရာမှာသူ သေသေသပ်သပ်လှန်းထားတာ။ အခန်းထဲမှာ တို့လို့တွဲလောင်းဖွထားတဲ့ အဝတ်အစားဆိုလို့ တစ်ထည်လေးတောင်မရှိဘူး အဟုတ်"

"ညည်းလေးက ညီညီနဲ့ ဘာထူးလို့လဲ။ မြုတ်စ ဖျင်းတောင်းနေပြီးတော့များ"

ထက်က တူမဖြစ်သည့်သဲကို မျက်စောင်းခဲလျက်ပြောတော့ သဲက လျှာတစ်လစ်နှင့် ဖက်ပုသွားလေ၏။ ထမင်းဝိုင်းကအဆုံးသတ်မှုပါပဲ၊ နို့မို့ ဤကလေးမက အစာစားဖို့ထက် လေများတာက သူ့အကျင့်ပေကိုး။

"တီလေးနဲ့ မာမီက သဲကို လိုက်လိုက်လုပ်ပေးနေလို့အကျင့်ပါသွားတာပါနော်"

"ကဲပါ၊ မြန်မြန်စားစမ်း။ ဒီကြောင်စာလောက်လေးကိုစားနေတာ မပြီးတော့ဘူး။ စာကျက်ရတော့မှာမဟုတ်လား"

"သဲက ညစာကောင်းပြီးသားပါ တီလေးရဲ့ နားမလည်တာရှိရင်လည်း ဟိုတက်ခြိက ကိုကြီးကို သွားမေးရုံပဲ။ လွယ်လွယ်





လေး. . . ကျစ်!"

ကြည့်စမ်း! ဒီကောင်မလေးကတော့ ထူးကိုထူးတာပါလေ။ ညီညီနဲ့တုန်းကဖြင့် သိပ်အစေးမကပ်လှ။ ဟိုကလည်းအစက သန်သန်၊ ဒီကလည်း ဆတ်ဆတ်ထိမခံမို့ နှစ်ယောက်သားတွေ့ရင် ဆူညံပွက်လောရိုက်နေတာပါ။ ပြီးတော့ ညီညီဦးမှာ သွေးအားနည်းရောဂါရှိတာမို့ ဦးဇော်နှင့် အန်တီခင် အလိုလိုက်ထားတာကြောင့် ညီညီကလည်း ဒါကိုအခွင့်ကောင်းယူပြီးနည်းနည်းလောက် ဂျစ်တတ်လေ၏။

ခုတော့ သဲနဲ့ ပုလဲနံ့ပသင့်မြတ်မယ့် လူတစ်ယောက်ရောက်လာပြီထင်ပါရဲ့။ ဟိုက ကြည်ကြည်ဖြူဖြူဆက်ဆံရင် ကိစ္စမရှိ၊ တော်ကြာ မချေမငံဖြင့် လာရှုပ်ရလားဆိုပြီး အော်ငေါက်ရင်ဒီကလေးမက ခပ်စွာစွာနဲ့ မလွယ်ပါလေ။

"သူများအားမအား သေချာကြည့်ပြီးမှ သွားဦးနော် သဲ၊တော်ကြာ ငေါက်နေဦးမယ်"

"သူက အမြဲငေါက်နေတာပဲဟာ တီလေးရဲ့။ သဲဖြင့်မကြောက်ပေါင်"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်ရပါ၏။ ခေတ်သမီးပျိုလေးမို့ ခပ်ရဲရဲဆက်ဆံပြောဆိုပုံနှင့်တော့ ခက်ပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မနက် Duty ဘယ်အချိန်ဝင်ရမှာလဲ ထက်ထက်"

"(၇)နာရီပါ ကိုကို"

"စောစောအိပ်ဦး"

"ဟုတ်ကဲ့ပါ"

မမနှင့်အတူ ထမင်းစားပွဲ ဝိုင်းသိမ်းပြီး ပန်းကန်ဆေးကြောပြီး ခြံထဲသို့ ဆင်းခဲ့ပါ၏။ ထမင်းစားပြီးရင် လမ်းလျှောက်မှသာ ကိုယ်ရည်စစ်ပြီး ဗိုက်မပူတာမို့ အမြဲတမ်း ခြံထဲမှာ လမ်းလျှောက်တာ အကျင့်ဖြစ်နေတာပါ။

"မမထက်"

"ဩော်, ညီ၊ ဒီနေ့ သင်တန်းမရှိဘူးလား"

"ရှိသားပဲ မမရဲ့၊ မနက်ကတည်းက ပြီးသွားတာ။ ဟိုမျောက်လွှဲကျော်မရော"

"အမယ်! တို့တူမကိုများ ဘာမျောက်လွှဲကျော်လဲ"

"ဟင်းဟင်း. . . မမတူမ မျောက်လွှဲကျော်မို့လို့ လက်ရောပါးစပ်ပါ အငြိမ်မနေဘဲ ကိုကို့အခန်းကိုသွားဖွင့်လို့ ဟိုက စိတ်ဆိုးတာပေါ့ဗျ"

"ဟယ်! သူ့အခန်းထဲမှာရှိတုန်း သွားဖွင့်ကြည့်တာလား"

"မဟုတ်ပါဘူး၊ ကျွန်တော့်အခန်းကို လာနှိုးရင်းနဲ့ သွား





ကြည့်တာလေ။ ဟိုက စည်းနဲ့ကမ်းနဲ့ နေတတ်တဲ့လူဆိုတော့ သူ့ဖွင့်ကြည့်မှန်း သိတာနဲ့ ကောပါလေရော"

"ဒီလောက်နှစ်တွေကြာပြီးမှ အတူပြန်နေရတာဆိုတော့ ညီတို့ ရင်းရောရင်းနှီးကြရဲ့လားဟင်"

ညီညီက နှာခေါင်းလေး ရှုံ့ပြလိုက်လေ၏။ စပ်စုသလိုများ ဖြစ်သွားလေသလား။ အိုလေ, ဒီလောက်ရင်းနှီးလာကြတာပဲ၊ ဒါလေးမေးရုံနဲ့ စိတ်မဆိုးလောက်ပါဘူးလေ။

"ဒီလိုပါပဲ မမရာ၊ ကိုကိုက တစ်မျိုးဗျ"

"ဘယ်လိုတစ်မျိုးလဲ"

"သိချင်ရင် စကားပြောကြည့်ပေါ့"

"အံမယ်! လူကိုများ တွေ့ရာလူ ရောယောင်ရှိ လုပ်တာတတ်တဲ့မိန်းမ ထင်နေလား"

"ဟင်းဟင်း. . . အပျိုကြီးပီပီ အရေးလေးတောင် မခံပါလားနော်"

"ဘာအပျိုကြီးလဲ၊ ပြောပြန်ပြီ လူကို"

"ဟာ . . . အသက်အစိတ်ကျော်သွားရင် အပျိုကြီး လူပျိုကြီးစာရင်း ဝင်သွားတာပဲလေ၊ အိမ်မှာလည်း လူပျိုကြီးရှိနေပြီဆိုတော့ ဟဲဟဲ. . . အပျိုကြီးနဲ့လူပျိုကြီးပေါ့၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ခါတိုင်းလည်း ထက်ကို စနေကျပါလေ။ သို့သော် အရင်က ကိစ္စမရှိ။ အခုက သူ့အစ်ကိုရောက်နေတဲ့ဟာကို မထိတထိ တွဲစ,စရာလား။ တီးတိုးရယ်နေသည့်အသံထဲမှာ ထက်တို့နှစ်ယောက်ကို ဘာဘာညာညာဖြစ်စေလိုတဲ့ အရိပ်တွေပါနေတာမို့ မျက်စောင်းခဲမိတော့၏။

"ညီနော်၊ ကလေးက ကလေးစကားမပြောဘူး။ လူကြီးတွေကို စ,စရာလား"

"ကျွန်တော် ဘာပြောမိသေးလို့လဲဗျ"

"မင်းပဲ မင်းအစ်ကိုနဲ့ တို့ကို တွဲစချင်နေပြီးတော့များ။ မသိရင် ခက်မယ်"

"ဟောကြည့်! အပျိုကြီးတွေများ အထအနကောက်တတ်တာ ခက်ပါ့။ ဘာမှတောင် မပြောရသေးဘူး။ ဇာတ်လမ်းက စချင်နေပြီ"

ထက် စိတ်တိုစွာဖြင့် သံဇကာတန်းပေါ်ကို ကိုင်ထားသည့် ညီညီ့လက်ဖမိုးကို ခပ်နာနာလေး ဆွဲဆိတ်လိုက်မိ၏။

"အား!. . . တူမတင် မျောက်မဟုတ်ဘူး။ အခေါ်လည်း ပုရွက်ဆိတ်မဟုတ်ရင် ခါချဉ်ပဲ"

"ညီနော်"





"ဟုတ်တယ်လေ၊ မမထက်က ခါးသေးရင်ချီ ပဒုမ္မာဇာတိဆိုတော့ ခါချဉ်သေချာတယ်"

"နင်တော့ သေဦးမယ်"

ချာတိတ်လေးနှင့်အတူ ရယ်မောလိုက်စဉ် ညီတို့အိမ်ထဲမှ လူတစ်ယောက် ထွက်လာလေ၏။ ဒါ သဲပြောတဲ့ ညီ့ကိုကိုပဲ ထင်ပါရဲ့။ ညနေစောင်း တိမ်တောက်ချိန်မှာ ညီ့အသားက ဖြူတာမို့ ဝင်းနေသလို သူက ညို့သူမို့ အသားရောင် လက်နေလေ၏။

"စိတ်ကူးမလွဲနဲ့ သိလား၊ ကိုကို့ကိုယူရင် အတော်သက်သာမှာ"

"ကြည့်"

"အဟုတ်၊ မမရဲ့၊ အဝတ်အစားကိုလည်း သူကိုယ်တိုင် လျှော်ဖွတ် မီးပူတိုက်တာပဲ ကြိုက်သဗျ။ စားရင်လည်း ဟင်းသီးဟင်းရွက်ပဲ ကြိုက်တာတဲ့။ ဒီလိုယောကျ်ားမျိုးကိုရတဲ့သူမှ ကံမကောင်းရင် ဘယ်သူကံကောင်းတော့မှာလဲ"

"ရှူး!. . . အာဖြဲကြီးနဲ့ စွတ်ပြောမနေနဲ့၊ ဟိုက ထွက်လာနေပြီ"

"ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီက ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ သူက ခြံဝဘက်သို့ ဦးတည်ပြီး လျှောက်နေတာမို့ ထက်တို့ကို ကျောပေးထားပြီးသား ဖြစ်သွားပါ၏။ ခန္ဓာကိုယ်ကလည်း ကျန်းမာသန်စွမ်းမှန်းသိသာအောင် တောင့်တင်းပြီး လမ်းလျှောက်ရင်လည်း မတ်နေတာပါလေ။

"မမနဲ့မိတ်ဆက်ပေးရအောင် သွားခေါ်လိုက်ဦးမယ်။ စောင့်နေနော်"

"ဟယ်!. . . ညီ"

တားရန်ပြင်ဆင်နေတုန်းမှာ ဖျတ်လတ်သွက်လက်သည့် ညီက သူရှိရာဆီ အပြေးထွက်သွားလေတော့၏။ အစ်ကိုဖြစ်သူကို ရှေ့မှသွားကာ,ကာ၊ ဘာတွေပြောနေသည်မသိ။ သူကဖြင့် ခေါင်းတခါခါ။ ပြောနေရင်းမှ သူ့လက်မောင်းကို ဆုပ်ကိုင်ကာ အတင်းဆွဲခေါ်လာသဖြင့် သူကရှုန်းပြီး ပါလာချေပြီ။ ကြည့်ပါဦး။ တကယ့်ကလေးဆိုးကြီးလိုမျိုး ဖွတ်ရုန်းနေတာပါလေ။

"ဘာလဲကွာ"

"ခဏလေးပါ ကိုကိုကလည်း၊ ဒီမှာ သဲအခေါ်နဲ့မိတ်ဆက်ပေးမလို့ပါဆိုနေ"

"ငါမသိချင်ပါဘူးလို့ဆိုနေမှ"





"ခဏလေးပဲ. . . ခဏလေး"

ထက်, ပြုံးချင်စိတ်ကို ထိန်းလိုက်ရလေ၏။ သဲပြောလည်းပြောချင်စရာပေကိုး။ သူက ညီ့လိုမိန်းကလေးဆန်ဆန် ချောတာမျိုးမဟုတ်ဘဲ ယောကျ်ားပီသပြီး ခန့်နေတာလေ။ သဲ မှန်ပါတယ် တူမလေးရယ်။

"လာ၊ ဒါက ကျွန်တော့်ကိုကို့. ဟိန်းဇေယျာတဲ့။ မှတ်ထားနော် မမ၊ မမကာ ဒေါက်တာထက်ထက်မေနိုင်လို့ခေါ်တယ်"

အင်းမလှုပ် အဲမလှုပ်ပေမယ့် ဆရာဝန်ဟူသည့်ဝိသေသ ကြောင့်ထင့်၊ သူ ခေါင်းတစ်ချက်ညိတ်ပြလေ၏။ တော်ပါသေး တယ်လေ။

"မမလည်း ကိုကို့လို အပျိုကြီးပဲဗျ"

"ဟဲ့!"

"ဟာ! ဒီကောင်တော့"

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဘယ်လောက်စိတ်တိုစရာကောင်းလိုက်ပါသလဲ။ ဟိုဘက်ခြံက ဆရာဝန်မလေးနဲ့ မိတ်ဆက်တာကိုကောင်းကောင်း မပြောဘဲ အပျိုကြီးလို့ ထည့်ပြောစရာလား။ သူလည်း မျက်နှာပူသွားရသလို ဟိုဆရာဝန်မလေးလည်း မျက်နှာရဲသွားတာလေ။

ဒီတစ်ကောင်ကဖြင့် သူမကြိုက်တဲ့အလုပ်တွေကိုပဲ စွတ်လုပ်တတ်တာပါပဲ။ ဆရာဝန်မှာလည်း သူ့ဂုဏ်နဲ့သူရှိနေတာလေ။ ရှင်းနှီးတာက တစ်ပိုင်း၊ ဂုဏ်သိက္ခာကိုင်ငဲ့ကွက်ရမှာက တစ်ပိုင်း မဟုတ်လား။

''ဒေါက်! ဒေါက်! ''



www.burmeseclassic.com

www.burmeseclassic.com

ဟာ! ပြဿနာပဲ၊ သူ့အခန်းတံခါးကို လာမခေါက်ပါနဲ့လို့ ပြောထားပေမယ့် ဘယ်သူလာခေါက်တာပါလိမ့်နော်။

''ဘယ်သူလဲ၊ အကြီးမလား အငယ်မလား''

''အလတ်မ''

''ဘာကွ!''

တောက်! စိတ်တိုနေပါတယ်ဆိုမှ လာပြန်ပြီ ဒီကောင်မလေး။ ယောကျ်ားလေးတွေရှိတဲ့အိမ်ထဲ အကြောက်အလန့်မရှိ ဗွတ်ကယ်ဗွတ်ကယ်နဲ့ ဝင်နေတာလေ။

''ဘာလာလုပ်ပြန်တာလဲ''

''အမေ့!''

တံခါးကို ဂုန်းခနဲဖွင့်ကာ အော်လိုက်တာမို့ သဲ လန့်သွားရပါ၏။ ဒေါသကြီးလိုက်တာနော်။ တကယ်ပါပဲ၊ စကားကို နူးနူးညံ့ညံ့ ချိုချိုသာသာလေး ပြောတတ်အောင် သင်ပေးရဦးမယ် ထင်ပါရဲ့။

''လန့်လိုက်တာ ကိုကြီးရာ၊ အရမ်းအော်တာပဲ''

''ငါ့အခန်းတံခါးကို လာမခေါက်နဲ့လို့ ဘယ်နှခါပြောရမလဲ၊ မင်းမှာ နားမပါဘူးလား''

''ပါသားပဲ၊ နှစ်ရွက်ပါတဲ့ နားရွက်လေ။ ဒီမှာ''





တောက်! ငါနော်၊ နားရွက်နှစ်ဖက်ကိုပင် ဆွဲပြနေလိုက်သေး။ ဒီကောင်မလေးတော့ သူ့လက်နဲ့ အတော့်ကိုနီးကပ်နေတာလေ။ စိတ်ရှိလက်ရှိ ပိတ်ခေါက်လိုက်ရ, မကောင်းတော့ပါဘူး။

''ခဏလောက် အားမလား''

''မအားဘူး''

''ကိုကြီးကလည်း စိတ်ချည်းပဲ။ သဲက စာလာမေးတဲ့ဟာကို''

''မင်းမှာ မေးစရာလူ ဒီလောက်ရှားသလား။ ကျောင်းဆက်နေတာပဲဟာ၊ ကျောင်းက ဆရာဆရာမတွေကိုမေးပေါ့''

''ဆရာမတွေကို မေးလို့မဖြစ်တဲ့စာမို့လို့ပေါ့ ဦးဒေါသခဲ့၊ ဖြစ်နေလိုက်တာ တကတည်း။ ပညာဆိုတာ မတိုတောင်းကောင်းဘူးဆိုတာ မသိဘူးလား''

''မသိဘူးကွာ''

တွေ့လား. . . ဘုကြီး လွှတ်ပြောနေတာပဲ၊ ဒီမှာ သူ့ကို တချင်တာနဲ့ မေမေ့ကို အပူကပ်ပြီး မြင်းခွာရွက်သုပ်လေး လုပ်ပြီး ယူခဲ့တာတောင် မကျေးချင်တော့ဘူး။ ဟုတ်တယ်၊ သဒ္ဒါကို ရောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သင်ပေးမှာလား၊ ပြော"

"မသင်ပေးဘူးလို့ ဘယ်နှခါပြောရမလဲ"

"မသင်ပေးရင် အန်တီနဲ့တိုင်မှာနော်"

"တိုင်!"

"အန်တီရေ့၊ ဟောဒီမှာ အန်တီ့သားကြီး စိတ်ပုပ်က သဲကို စာလာမေးတာ မသင်ပြဘူးတဲ့"

"ဟာ! ငါ့နားမှာ အာမြကြီးနဲ့ လာအော်ရသလား။ နား ညည်းတယ်၊ မျက်စိလည်း နောက်ပါတယ်လို့ဆို"

"မျက်စိနောက်တာ သဲကို ကိုကြီးလိုက်ကြည့်လို့ပေါ့။ မကြည့်ပါနဲ့လား"

"ဘာကွ"

"သားကြီးရေ"

ကဲ! မေမေ့အသံ ကြားရပြီ။ ငါနော်၊ ဒင်းကို သံရိုက် သလို တူနဲ့သာ ထုထုပြီး နှက်ချင်လိုက်တာပါပဲ၊ စိတ်ရှိတိုင်းသာ ထုရရင် ဒင်း အခုလောက်ဆို အမှုန့်ဖြစ်နေပြီလေ။

"တွေ့လား၊ အန်တီခေါ်နေပြီ. . . ကျစ်!"

မချိုမချဉ်မျက်နှာပေးမျိုးဖြင့် လုပ်ပြနေတာမို့ သူ မျက် မှောင်ကြုတ်ပြီး အခန်းတံခါးကို Lock ချလိုက်ရတော့၏။ စေ့





ရုံစေ့ထားရင် ဒင်းက စွပ်ခနဲဝင်မွှေချင်မွှေဦးမှာကိုး။

"ဥစ္စာခြောက်ကြီး"

တီးတိုးခေါ်တာကို ကြားပေမယ့် သူပြန်မပြောဖြစ်တော့ ပါလေ။ နို့မို့ ရန်က ဆက်ဖြစ်နေဦးမည်။ ပြီးတော့ ကလေးနဲ့ဖက် ဖြစ်ရလားဆိုပြီး မေမေက ပြောဦးမှာကိုး။

"ရောက်ပါပြီ"

"ဟဲဟဲ. . . ရောက်ပါပြီတဲ့၊ မေမေခေါ်လားလို့ ဘာလို့ မမေးလဲ"

"မင်းပါးစပ်ပိတ်ထားနော်၊ မဆိုင်ရင် ဝင်မပါနဲ့"

"ပါတော့ ဘာဖြစ်လဲ"

"မင်း!"

"ဟယ်! ကလေးနဲ့ဖက်ပြီး စကားများနေရတယ်လို့ သား ရယ်"

"အန်တီလေးကို ခုထိ မေမေလို့မခေါ်သေးဘူးလား"

"ကျစ်! မင်းနော်"

"နှုတ်မရဲသေးလို့ဖြစ်မှာပါ သမီးရယ်၊ နောက်တော့ ခေါ် မှာပေါ့"

"အို! ကိုယ့်အမေ ကိုယ်ခေါ်တာပဲဟာ၊ ဘာဖြစ်လို့ မခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရဲရမှာလဲ။ ကိုကြီးခေါ်ရဲအောင် သဲ သင်ပေးမယ်လေ။ နော်, မေမေ''

''ကြည့်ပါလား''

''ကဲပါ၊ မနက်က မဆာသေးဘူးဆိုပြီး မစားဖြစ်သေးတာ၊ အခုဆာရောပေါ့။ သားဖို့ မေမေထမင်းပွဲပြင်ပေးနေတာ၊ ဒီမှာ ဝေဝေက သားဖို့ မြင်းခွာရွက်သုပ်ပြီး သဲသဲနဲ့ပေးခိုင်းလိုက်တာ သားရဲ့။ ဝေက လက်ရာသိပ်ကောင်းတာ''

''သဲလည်း စားချင်တယ်မေမေ''

''စားပေါ့ရှင်၊ ဒီမှာခူးပေးပါ့မယ်''

ဟိုညီအစ်မနှစ်ယောက်က ဒီချာတိတ်မ သူ့ကိုလိုက်နောက်နေတာကို ပြုံးစစဖြင့် ထမင်းပွဲဝိုင်းပြင်နေလေ၏။ သုံးယောက်ပြင်ပေးတာမို့ တစ်ခဏလေးနဲ့ အားလုံးပြီးသွားပါသည်။ ကြက်ဟင်းခါးသီးခြောက်ခြောက်လေး ကြော်ထားတာရယ်၊ ခရမ်းသီးကို ပုစွန်ခြောက်သွပ်ထားပြီး နှပ်ထားတာရယ်၊ ကန်စွန်းရွက်ကြော်ရယ်၊ အာလူးကက်တလိတ်ကြော်ရယ်၊ ပဲပင်ပေါက် ပဲပြားကြော်နှင့် မုန်ညင်းနှင့်ငါးခေါင်းဟင်းချို၊ ငရုတ်သီးစိမ်းလှော်ပြီး ထောင်းဖျော်ထားသည့် ငါးပိရည်နှင့် တို့စရာအစုံ။

တည်င်းသီးပြုတ်ကို အခွံနွှာ၍ ခြမ်းထားတာရယ်၊ သခွား





သီးသေးသေးလေးတွေကို အချောင်းလိုက် ရှည်ရှည်လေး လှီးထားတာရယ်၊ ဖန်ခါးသီးရယ်၊ ကြက်ပေါင်သီးရယ်၊ ခရမ်းဂွျက် (လှော်ပေါ်ဝဲဖြူဖြူလေး)ရယ်၊ အသားဆိုလို့ ငါးကလေးအိုးကပ်နှင့် ပုစွန်ဆီပြန်သာ ပါတာလေ။ အို! စားမြိန်လိုက်မယ့်ဖြစ်ခြင်း။

''ဟင်! ဟင်းခွက်တွေ များပါလျက်နဲ့ အရွက်ချည်းပါပဲလား''

''သမီးကိုကြီးက ဒါမျိုးပဲ ကြိုက်တယ်ဆိုလို့ပါကွယ်။ သမီး ယူလာတဲ့အသုပ်ကို နောက်မှ ရေနွေးလေးနဲ့စားမလားသား''

''စာပြရင်းနဲ့ စားလို့ရတာပေါ့ အန်တီ၊ အင်း. . . တော်လိုက်တဲ့မေမေ''

သူ့ပန်းကန်ထဲ ဟင်းတွေ တစ်ဇွန်းစီ ဦးဖယ်ထည့်ကာ ပလုပ်ပလောင်းစားနေသည့် ကောင်မလေးကို သူ ဘုကြည့်ကြည့်လိုက်ပေမယ့် မသိချင်ယောင်ဆောင်နေတာလေ။ ယောက်ျားလေးရှေ့မှာ အစာစားပြရင် အနည်းငယ်တော့ ရှက်ကြတာပါပဲ။ အခုတော့မဟုတ်တဲ့ မရှက်တတ်သလို ဟန်ပင်မဆောင်နိုင်ဘဲ (ထမင်းတစ်ပတ်ခန့် ငတ်နေတဲ့သူလို) အငမ်းမရကို စားပြနေတာလေ။

''ညီမလေးကို စာပြပေးလိုက်ပါ သားရယ်၊ သဲက သား



www.burmeseclassic.com

www.burmeseclassic.com



ငယ်ထက် ဉာဏ်လည်းပိုကောင်းပြီး စာလည်းတော်တာကွယ့်''

'စာတော်ရင်လည်း ကိုယ့်စာကိုယ်လုပ်ပေါ့'ဟု အငေါ်တူးလိုက်ချင်စိတ်ကို ထိန်းလိုက်ရပါ၏။ မေမေ့ရှေ့တော့ သူ စကားမများပြချင်ပါလေ။

''ဘယ်တော့ခေါ်မှာလဲ''

''ဘာကိုလဲ''

''မေမေလို့လေ''

ထမင်းစားနေရင်း သူ့ကို မျက်လုံးပြူးကာ မေးလိုက်တာမို့ ကြောင်သွားရပါ၏။ မေမေလို့ခေါ်တဲ့ သူ အသက်ရှူလမ်းကြောင်း ကမောက်ကမဖြစ်ရချေပြီ။ သူ့အတွင်းရေးကိစ္စထိ ဒီကောင်မလေး လိုက်ရှုပ်နေတာတော့ လွန်ချေပြီ။

''အဟွတ်! အဟွတ်!''

''ဟယ်! ကနီ...ကနီ...ရော့, ရေသောက်လိုက်သား''

မေမေက သူ့ကျောကို အသာပုတ်ပေးကာ ရေငွဲ့တိုက်တော့ ဟိုချာတိတ်မက ကျိတ်ရယ်လေ၏။ သူ့ကို မေမေက ကလေးပေါက်စနလေးလို ပြုစုယုယတယ်ဆိုပြီး လှောင်ချင်ပုံမျိုးနဲ့ပါလေ။





''မေးဖို့စာအုပ်တွေ ပါလာရဲ့လား သမီး''

''ပါတယ်၊ အပေါ်ထပ်က ညှိခန်းစားပွဲပေါ်မှာ Ready ပဲ''

''အေးအေး...ပြီးရင် အန်တီ ရေနွေးကြမ်းနဲ့အသုပ်ပို့ပေးခိုင်းလိုက်မယ်''

ထမင်းစားပြီး လက်ဆေး ပလုပ်ကျင်းကာ သူ့အပေါ် ပြန်တက်ခဲ့တော့ ကောင်မလေးက တကပ်ကပ်ပါလာလေ၏။ တောက်! ငါနော်၊ စိတ်ပေါက်ပေါက်နဲ့ ဒင်းခေါင်းကို ခေါက်ချင်ချင်ဖြစ်နေပြီ။

''ငါ့နောက်မလိုက်နဲ့နော်''

''ဟင်! ဘာလို့လဲ''

''ငါသွားတိုက်ဦးမှာ၊ အခန်းထဲထိ လိုက်လာမှာစိုးလို့ကြိုပြောထားပါရဲ့''

''လိုက်ရင် ဘာဖြစ်မှာမို့လို့လဲ၊ ကိုကြီးက ကိုက်စားမှာမို့လို့လား။ မကြောက်ပေါင်''

ဟင်းနော်...ပြောနေပုံကိုက အခွင့်အရေးယူတတ်တဲ့ ယောကျာ်းမျိုးနဲ့ဆိုရင်တော့ ဒီကောင်မလေး မလွယ်ပါလေ။ ညီညီနဲ့လိုမျိုး သူနဲ့ ထိကပါးရိကပါးနေချင်ရင်တော့ မရဘူး အမိ



www.burmeseclassic.com

www.burmeseclassic.com



လေးရေ့။ ငါက မိန်းမတွေကို 'ဖွား'သင်ပေးထားလို့ ငါ့အမေ လိုမျိုးတန်ဖိုးထားပြီး လေးစားစိတ်အပြည့်ရှိတဲ့လူလေ။ မင်းကို အမြင်ကတ်နေတာကတော့ဖြင့် ချွင်းချက်ပါပဲ။

သူ သွားတိုက်ပြီး ဧည့်ခန်းကိုထွက်လာတော့ စားပွဲပေါ် မှာ စားစရာရော ရေနွေးပါ အဆင်သင့်ဖြစ်နေချေပြီ။ မျက်နှာချင်း ဆိုင်ခုံမှာထိုင်လျက် ကိုယ်ကိုင်းကာ စာကို ဘောပင်ဖြင့် ထောက် ပြလိုက်သည့်ကောင်မလေးကြောင့် သူ သက်ပြင်းကိုတ်ရှိုက်လိုက် မိပါ၏။ အကျီက လည်ဟိုက်နဲ့တော့ ခက်ပြီပဲ။

"ဒီဘက်လာထိုင်"

"ဟမ်!"

"ဒီဘက်မှာ လာထိုင်ဆို ထိုင်လေ၊ အကြီးကပြောရင် အငယ်က နားထောင်ရမှာပေါ့။ မသိဘူးလား"

သူဟောက်လိုက်တော့ နှာခေါင်းရှုံ့ပြလျက် ဘေးခုံကို ရွှေ့ထိုင်ပြီး အနားသို့ ခုံကိုဆွဲကပ်လိုက်ပြန်လေ၏။ အဲဒါမှ နောက် ထပ်တစ်ဒုက္ခ၊ သူ့နား ဒီလောက်ထိ ကပ်မှတော့ ကောင်မလေး ဆီက ဘာနံ့မှန်းမခွဲခြားနိုင်တဲ့ အနံ့သင်းသင်းလေး ရှူရတော့တာ လေ။ မင်းနဲ့တော့ ခက်တယ် သဲသိမ့်သိမ့်သက်ရေ့။

"ဒါလေးတောင် မသိဘူး၊ ဘယ်လို အာခီကျောင်းသူ





ဖြစ်ခဲ့သလဲ။ မင်းဆောက်တဲ့တိုက်တော့ ပြီးတာနဲ့ ပြိုကျဖို့ နီးလိမ့် မယ်"

"ဟီဟိ!"

"ရယ်မနေနဲ့၊ စကားအကောင်းပြောနေရင် နားစိုက် ထောင်မှပေါ့။ အလကားဟာလေး"

စာပြရင်း ခေါင်းကို စာအုပ်ဖြင့်ထုတာရော ဘောပင်ဖြင့် ခေါက်ခနဲခေါက်တာမျိုးကို အမှတ်မထင် သူလုပ်မိလေ၏။ စိတ် က ထိန်းထားပေမယ့် လက်က မြန်နေတာကိုး။

"နောက်ကို ငါ့ဆီစာလာမေးရင် လုံလုံခြုံခြုံအဝတ်အစား ဝတ်လာစမ်း။ ဒီလို တိုနံ့နံ့နဲ့ Shot pants တွေလည်း ဝတ်မလာ နဲ့"

ကဲ!. . . သူပြောတာကို စိတ်မဆိုးသည့်အပြင် ဘောပင် ကိုက်ပြီး ပြုံးစိစိလုပ်နေပြန်တာလေ။ မင်းဘယ်လိုလဲ သဲသိမ့် သိမ့်သက်။

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟဲ့! တစ်ယောက်တည်း ကျိတ်ရယ်နေရသလား။ ဦးနှောက်ကောင်းသေးရဲ့လား, သဲ"

"ဦးနှောက်မကောင်းလည်း ရှိပါစေတော့ တီလေးရယ်၊ နှလုံးသားလေး လတ်ဆတ်ရင် ရပါပြီ"

"ရှူးပါ့"

Night duty ဝင်ရမှာမို့ ပြင်ဆင်နေသည့်အန်တီလေး အခန်းမှာ သွားရှုပ်ရင်း ကျိတ်ရယ်နေမိလေ၏။ စဉ်းစားကြည့်ပါ၊ သူနဲ့တစ်နည်းနည်းတော့ ရင်းနှီးလာရတာမဟုတ်လား။

'အလကားဟာလေး' 'ငတုံးမလေး' 'နုံလိုက်တာမှ လွန်

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com

ရော' ဆိုပြီး တစ်ခါတစ်မျိုး မရိုးအောင်ပြောနေတာလည်း သဲမနာပါလေ။ နားမလည်တာက နည်းနည်း။ သူနဲ့ရင်းနှီးချင်စိတ်က များများမို့ အကြိအဖန်နည်းနဲ့ ရောက်သွားရတာကို။

စာရင်းပြတာတော့ စိတ်ရှည်ပြီး လူကိုကျ စိတ်မရှည်တာ ဘာ့ကြောင့်ပါလဲ။ ဘယ်လိုလူကြီးလဲ မသိပါဘူးနော်။ 'ချောစုခင်'ရဲ့ 'ရေခဲတုံးကြီး'ပဲဖြစ်မယ်ထင်ပါရဲ့။

"တီလေး"

"ဟင်! ဘာလဲ၊ ငါ ဒီမှာ မျက်ခုံးဆွဲနေတယ်။ ငြိမ်ငြိမ်လေး နေစမ်းပါ"

"Night duty ဝင်ရမှာကို ဒီလောက်ထိ မှုန်နေအောင်ပြင်စရာလား။ တီလေးကို ဘယ်သူလာကြည့်မှာမို့လို့လဲ၊ ဒီအပျိုကြီးတော့ မရိုးတော့ပါဘူးနော်"

"မိန်းကလေးပဲဟဲ့၊ အလှမကြိုက်တဲ့သူ ရှိလို့လား။ ဘာထူးထူးခြားခြားပြင်လို့လဲ။ မျက်ခုံးဆွဲပြီး နှုတ်ခမ်းဆိုးရုံကို"

"နှုတ်ခမ်းဆိုးဦးမှာ"

သဲ အံ့ဩသလိုမေးလိုက်ပေမယ့် တီလေးက စိတ်မဆိုးဘဲ နှုတ်ခမ်းဆိုးတာကိုသာ အာရုံစိုက်နေလေ၏။ ပြဿနာပဲ ခါတိုင်း ညဂျူတီဝင်ရင် သနပ်ခါးရေကျဲလေး လူးလေ့ရှိပါလျက်





အခုတော့ ထူးခြားစွာပြင်ဆင်နေတာကို။

ကြည့်ဦး! Lip stick က မိတ်ကပ်ရောင်ဖျော့ဖျော့လေးမို့ တီလေးနဲ့ အင်မတန်မှလိုက်ဖက်နေတာလေ။

"လူတွေ ကြည့်ကုန်ကြတော့မှာပဲ"

"ကြည့်ကြည့်အေ"

"ဘယ်သူနဲ့ Date ထားသလဲ၊ မှန်မှန်ပြောနော်"

"ဟယ်! စပ်စပ်စုစုနဲ့၊ တကယ်ပဲ"

"တီလေးမှာ ဘဲရှိနေပြီဆိုရင်လည်း ဒက်ဒီ့ကို အသိပေးဦးနော်"

"ဟဲ့! ကလေးမှမဟုတ်တဲ့ဟာ၊ ဘာလို့ပြောရမှာတုန်း"

"ကြည့်စမ်း! ဒါဆို တီလေးမှာ ကြိုက်မယ့်သူရှိနေတာ သေချာပြီ။ ပြော. ဘယ်သူလဲ"

အတင်းကြီး လိုက်မေးနေသည့် တူမဖြစ်သူကို မျက်စောင်းခဲလိုက်မိပါ၏။ ဆံနွယ်ရှည်တွေကို သေချာဖြီးသင်လျက်ကျစ်ဆံမြီးကျစ်နေတာမို့ ဂရုတစိုက်လုပ်နေရ၍ ရန်မလုပ်အားပါချေ။

ကြိုက်မယ့်သူ ရှိနေပြီတဲ့လား။ မဟုတ်တာ၊ ဟိုတစ်နေ့ကပဲ ဆုံခဲ့ရသည့်မျက်နှာတစ်ခုက အာရုံထဲ ကွက်ခနဲပေါ်လာလေ



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ အို! လူကို ဖျတ်ခနဲတစ်ချက်လေးကြည့်ပြီး အကြည့်လွှဲသွားတာကိုက မိန်းမတွေကို စိတ်မဝင်စားမှန်း သိသာစေတာလေ။

တည်ငြိမ်လိုက်တာနော်၊ ထက်ကို မြင်လိုက်သည်နှင့် နှစ်လိုဖွယ်ပြုံးပြပြီး ဖော်ရွေစွာနှုတ်ဆက်လေ့ရှိတဲ့ အမျိုးသားတွေနဲ့မတူဘဲ တစ်မူထူးလွန်းနေတာလေ။ ယောက်ျားတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာကိုက အသက်အရွယ်နဲ့မလိုက်ဖက်အောင်ကို တည်ငြိမ်ရင့်ကျက်မှုကို မြင်သာစေတာမို့ စိတ်ထဲမှာ ကျေနပ်သဘောကျမိပါဏ်။

"ကိုလတ်ကြီးလားဟင် တီလေး"

"ဟယ်! ကြံကြံဖန်ဖန်၊ မဟုတ်ပါဘူး"

"သိဘူးလေ၊ မနှစ်တုန်းက အိမ်ကိုလာလည်ပြီး ဒက်ဒီတို့ရှေ့မှာ တီလေးကို စိတ်ဝင်စားနေသလိုမျိုး ပြောသွားဖူးတာကို"

ရှာဖွေတွေးတတ်ပါ့၊ ကိုလတ်ဆိုတာ ထက်နဲ့ကျောင်းနေဘက် သူငယ်ချင်းလေ။ အခုထိ တစ်ဆေးရုံတည်း အတူအလုပ်ဆင်းနေတာမို့ နေ့တိုင်းနီးပါး တွေ့ခွင့်ရနေသူပါ။ နာမည်က နေဖင်လတ်။

"တီလေးကို ဖွင့်ပြောပြီးပြီလား"





"ပြောဖူးသားပဲ"

"ဒါဖြင့် Yes or No! "

"သူငယ်ချင်းအချင်းချင်းကြီး အဲဒီလိုစိတ်မပြောင်းချင်ပါဘူးဟယ်၊ ကလေးက ကလေးပီပီနေစမ်း သဲရယ်။ သွားခါနီးလာခါနီး လိုက်မရှုပ်စမ်းပါနဲ့"

"ညနေစာ မစားတော့ဘူးလား"

"မစားဘူး"

"ဟွန်း! ရှိတာမှ လူလေး လေးငါးယောက်ကို တစ်ခါမှ ထမင်းလက်ဆုံစားရတယ်မရှိဘူး။ ကြာလေကြာလေ ကိုကြီးလို အထီးကျန် ကျန်လာလေပဲ"

ဘုရားရေ! အထီးကျန်တယ်တဲ့။ ဘာသဘောပါလိမ့်။ သဲပြောပုံက သူကပဲ အသည်းကွဲဖူးသလိုလို၊ ဒါမှမဟုတ် မိသားစု အပယ်ခံထားရသလိုကြီးဖြစ်နေတာကိုး။ ဖွ! လွဲစေ ဖယ်စေ၊ အသည်းကွဲဖူးတာတော့ မဖြစ်ပါစေနဲ့လား။

"သူ့မှာ မိစုံဖစုံရှိနေပါလျက်နဲ့ ဘာအထီးကျန်စရာ ရှိလို့လဲ"

"ရှိတာပေါ့ တီလေးရဲ့၊ မိဘနဲ့ အနှစ် (၂၀)ကျော်ကြာအောင် ခွဲနေခဲ့ရတော့ သူ့ခမျာ ဖေဖေမေမေဆိုတာတောင် ရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



မခေါ်ဝံ့တော့ဘူး''

အလို! မဆိုင်လိုက်တာ၊ ထက်ဆို ငယ်ငယ်ကတည်းက အမေမဲ့ခဲ့ရတာလေ။ ထက် (၁၀)တန်းနှစ်မှာမှ ဖေဖေက နောက်အိမ်ထောင်ပြုခဲ့တာပါ။ ဒါလည်း ထက်နဲ့တိုင်ပင်ပြီးမှ ယူခဲ့တာပင်။ မိထွေးနဲ့လည်း မတည့်တာမျိုးမဟုတ်ဘဲ တမင်ပင် ဒီကအစ်ကိုဝမ်းကွဲဆီမှာ ကျောင်းလာတက်တဲ့အကြောင်းပြချက်နဲ့ ဆက်နေဖြစ်ခဲ့တာလေ။

ထက်လို မိထွေးနဲ့နေရတာမျိုးမဟုတ်ဘဲ သူက ဘာကြောင့် မိဘတွေကို ရဲရဲမခေါ်ဝံ့ရပါလဲ။ အကြောင်းတစ်ခုခုတော့ ရှိမှာပါလေ။ မမတို့ပြောဖူးသလိုမျိုးဆိုရင်တော့ ညီဖြစ်သူကို ငယ်စဉ်ကတည်းက မုန်းခဲ့တဲ့အရှိန်နဲ့ မိဘတွေကိုလည်း ခပ်တန်းတန်းဆက်ဆံတာမျိုးပဲ ဖြစ်လောက်မှာပါ။

''သူများကိစ္စချည်း စိတ်ဝင်စားမနေနဲ့။ စာမေးပွဲနီးပြီမဟုတ်လား။ စာကျက်ဦး''

''အင်းပါ''

အောက်ထပ်ကိုဆင်းကာ မမကိုနှုတ်ဆက်လိုက်ပြီး တိုက်ရှေ့ကို ထွက်လာခဲ့ပါ၏။ ကားဂိုဒေါင်ထဲမှ အဆင်သင့်ထုတ်ထားပြီးဖြစ်သည့် ကားဖြူလေးကို တံခါးဖွင့်ကာ တက်လိုက်ပြီး သော့





ဖွင့်လိုက်ပါသည်။ ခြံထဲမှ ဖြည်းဖြည်းချင်း မောင်းထွက်ခဲ့ပြီး လမ်းပေါ်ကွေ့လိုက်စဉ် တစ်ဖက်ခြံရှေ့မှာ Truck ကားတစ်စီး ရပ်ထားတာကို လှမ်းမြင်လိုက်ရလေ၏။

ကားက ကားကြီးမို့ ထက်အတွက် လမ်းက အတော်ကျဉ်းနေတာမို့ ကားကိုရပ်လိုက်ရပါသည်။ ကားပေါ်မှပစ္စည်းတွေချနေတာမို့ ကြာဦးမှာထင်ပါရဲ့။ ဒါ သူ့ပစ္စည်းတွေဖြစ်မယ် ထင်ပါရဲ့။ များလိုက်တာနော်။

''အန်တီဒေါက်တာ သွားတော့မလို့လား''

''ဟုတ်တယ်''

ကြည်ပြာ လှမ်းနှုတ်ဆက်တာမို့ ခေါင်းအသာညိတ်ပြလိုက်မိ၏။ ခြံထဲမှ ခေါင်းပြူထွက်လာတာမို့ ထက် ရယ်ချင်သွားမိပါသည်။ အန်တီဒေါက်တာဆိုတော့လည်း စိတ်ဝင်စားပြီး ကြည့်မှာသားပါပဲ။

''ဒေါက်တာ လမ်းပိတ်နေပြီထင်တယ်''

''ရပါတယ် ကိုဖေယျာ''

''ခဏလေးပါနော်၊ ဒီမှာပြီးတော့မယ်''

သူက ကားသမားကို တီးတိုးသွားပြောလိုက်တော့ ကားကြီးက စက်နှိုးလျက် ခြံထဲကို ဝင်ကွေ့ကာ ထွက်သွားပေးပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ'တဲ့ လေးစားသမှုနဲ့ပဲ ခေါ်ဝေါ်လိုက်လေသလား။ ခေါ်တာကိုပဲ ကျေးဇူးတင်ရသေးတာလေ။

"ကျေးဇူးပါပဲ ကိုဇေယျာ"

သူက အားနာပြုံးဖြင့်သာ ခေါင်းပြန်ညိတ်ပြလိုက်လေ၏။ အလို! တကယ့်ကိုမှ ရှားရှားပါးပါးအပြုံးမျိုးပါလား။ ရွှေချထားရလောက်အောင် မြင်ရခဲတဲ့လူရဲ့အပြုံးပေကိုး။

ပစ္စည်းတွေကို ခြံဝကနေ အိမ်ထဲထိ သယ်ရဦးမှာမို့လို့ အလုပ်ရှုပ်ရဦးမှာလေ။ ဟိုဆရာဝန်မလေးက သူ့ကို 'ကိုဇေယျာ' တဲ့။ ရင်းရင်းနှီးနှီးခေါ်သွားတာပါလား။ ဆရာဝန်တစ်ယောက်က အခုလို သူ့ကိုလေးစားသမှုနှင့် ခေါ်သွားတာမို့ အားနာမိသည်လေ။

"ကိုကြီး!"

"ဟာ! ကျစ်! လာရှုပ်ပြန်ပြီ၊ စာမေးပွဲနီးနေပြီဆိုပြီး စာမကျက်ဘူးလား"

မျက်နှာရှုံ့တွပြလိုက်ပေမယ့် ချာတိတ်မကဖြင့် မဖြုံပါချေ။ သူ့မှာ ပစ္စည်းတွေသိမ်းဆည်းဖို့အလုပ်တွေ ရှိနေတာကိုး။

"ဘာတွေလုပ်နေတာလဲ"

"ဘာလုပ်လုပ်"





သူ့အကြည့်က သူမထံ ဖျတ်ခနဲရောက်သွားကာ မျက်မှောင်ပိုကြုတ်သွားရပြန်လေ၏။ လုပ်လာပြန်ပြီ။ အပေါ်က T-Shirt ဝတ်ထားပေမယ့် အောက်က အသားကပ်ဘောင်းဘီနက်နဲ့ကိုး။

"ဝတ်လာပြန်ပြီ၊ ကြည့်!"

"ဘာဖြစ်လို့လဲ"

"မင်းကိုယ်မင်း သိပေါ့"

"သဲက ဘာဖြစ်နေလို့လဲ ကိုကြီးရဲ့"

"အဲဒီလိုဘောင်းဘီမျိုးကို လူရှေ့သူရှေ့ဝတ်စရာလား။ မင်းမှာ အရှက်မရှိဘူးလားကွ"

"ကိုကြီးပဲ အတိုမဝတ်နဲ့ဆိုလို့ စတော့ကင်ဝတ်ပြန်တော့လည်း ကိုကြီးက တစ်မျိုးကွာ။ ကိုကြီးညီမလည်းမဟုတ်ဘဲနဲ့ ထောင့်ချေ့အောင် လိုက်ကျပ်နေရလား"

"ငါ့ညီမသာဆိုရင် အခုလောက်ဆို မင်းဒီလိုဝတ်စားပုံနဲ့ ငါရိုက်သတ်လို့ သေလောက်ပြီ"

"ကိုကြီးနော်"

ခြေဆောင့်ပြန်၏။ ကိုယ့်ကိုယ်ကို နည်းပညာကျောင်းသားဆိုပြီး လူကြီးဆန်မလားမှတ်တယ်၊ အိမ်က စွတ်အလိုလိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



ပုံနဲ့ လန်ပျံ့နေတာကိုး။ ဟင်းနော်၊ စိတ်ရှိလက်ရှိသာ ပိတ်ထုရဂျုပ်ဖြစ်တော့မှာပဲ။

"ပြောလိုက်ရင် ခြေဆောင့်ရတာနဲ့၊ နှုတ်ခမ်းစူ စိတ်ကောက်ပြရတာနဲ့။ လူကြီးပြောတာကို မနာခံဘဲ စိတ်ဆိုးဖို့ပြင်နေ။ ပြောမရရင် နောက်ကို စာလာမမေးနဲ့။ အေးရော"

"ကြည့်! လူကို အရှုပ်ထုပ်ကြီးကျနေတာပဲ။ ပျစ်ပျစ်နှစ်နှစ်ပြောရတယ်လို့"

"အရှုပ်ထုပ်ပဲလေ၊ အခုလည်း ငါအလုပ်ရှုပ်နေတာမြင်ရဲ့သားနဲ့ တမင်လာရှုပ်တာမဟုတ်လား။ အလိုက်ကမ်းဆိုးကို မသိဘူး"

"ကိုကြီးကလည်း၊ သဲက ကိုကြီးတို့ညီအစ်ကိုကို သဲအစ်ကိုတွေလို သဘောထားတဲ့ဟာကို။ အဲဒီလို ချိုးချိုးဖဲ့ဖဲ့မပြောပါနဲ့"

"မပြောစေချင်ရင် အပြောခံရအောင် မဝတ်နဲ့ပေါ့။ ငါကလည်း စေတနာနဲ့ပြောတာ။ မကြိုက်ရင်‌‌,နေ"

"ဘာစေတနာလဲ"

"ဟဲ့! ညီမလေးလိုသဘောထားတဲ့ စေတနာပေါ့ကွ။ မကြိုက်ဘူးမှတ်လား၊ မကြိုက်ရင် ငါရှိနေတဲ့အချိန် ငါ့မျက်စိရှေ့





ရောက်မလာနဲ့ ဒါပဲ"

ကဲ! မှတ်ရော၊ စိတ်ရှိလက်ရှိပြောအပြီး သူ ခြံတွင်းသို့ဝင်လိုက်စဉ် ချာတိတ်မက သူ့လက်မောင်းကို ဖျတ်ခနဲဆွဲထားလေ၏။ ရော်! ခုနကပဲ စူပုပ်နေတဲ့မျက်နှာက ချက်ချင်းကျော့ကျော့မော့တက် ဖြစ်သွားပြန်ချေပြီ။ အပြောင်းအလဲကလည်း မြန်ပါ့။

"ဒါဆို တီလေးလို ရိုးရိုးလေး ဝတ်ရမှာလား၊ ဟုတ်လား။ အဲလိုမျိုးဝတ်မှ ကိုကြီးကြိုက်မှာလား"

"ငါ့ကိုမရှုပ်စမ်းနဲ့၊ ဖယ်. . . လွှတ်စမ်း! ကလေးမဟုတ်ဘာမဟုတ် ပြောမကောင်းဆိုမကောင်းလေး"

သူ ပျစ်ပျစ်နှစ်နှစ်ပြောပြီး လက်ဖြုတ်နေပေမယ့် ချာတိတ်မက မဖယ်ပေးသည့်အပြင် အတင်းကိုဖက်တွယ်ထားတာလေ။ ဒုက္ခပဲ၊ လူတွေမြင်ရင် တစ်မျိုးထင်ကြမှာကို ဤကလေးမမစိုးရိမ်ဘူးတဲ့လား။

သက်ပြင်းကို ကျိတ်ရှိုက်မိပြန်ချေပြီ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

နံရံကပ်ဗီရိုတွေ ဖေဖေထည့်ပေးတာမို့ သူကျေးဇူးတင်ရတာ အမှန်ပါလေ။ စာအုပ်တွေကို သူ့နေရာနှင့်သူ နေရာတကျစီရ၏။ ရသက ရသ၊ အတွေးအခေါ်က သပ်သပ်၊ အတတ်ပညာက သပ်သပ်၊ ဘာသာပြန်တွေက သပ်သပ်ဖြင့် စာအုပ်တွေ စီထပ်တော့ ဗီရိုတွေပြည့်လုနီးပါးပါပဲ။

Drawing board ကို သူကိုယ်တိုင် စိတ်တိုင်းကျလုပ်ထားတာမို့ တစ်ခုချင်းစီကို သူ့နေရာနှင့်သူ တပ်ကာ မှလီပြန်ကျပ်ရပါ၏။ ပြတင်းပေါက်နား အလင်းရောင်ဝင်သည့်နေရာထောင့်နားမှာမို့ နေရာသိပ်မယူပါချေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်!"

လာပြန်ပြီ၊ သူ ဒီလိုအထဲမှာ ရှိနေချိန် အဲဒီလို တံခါးလာခေါက်တာမျိုးကို မုန်းပါတယ်ဆိုမှ လာပြန်ပြီတစ်မှောင့်။ စိတ်က တိုလာရပြန်ချေပြီ။ တစ်နေ့လုံး အခန်းကို နေသားကျအောင် စီမံနေရတာမို့ ခုထိ ရေပင် မချိုးရသေးပါလေ။

"ကိုကို"

"ဘာလဲကွာ၊ ဒီမှာ အလုပ်လုပ်နေတယ်။ မအားဘူးကွ"

"ဖေဖေ ခေါ်ခိုင်းလိုက်လို့ပါ ကိုကိုရ"

"နောက်မှလာမယ်လို့ ပြောလိုက်ကွာ"

"အခုလာလို့ပြောလိုက်တာ ကိုကိုရဲ့ အောက်မှာ ဧည့်သည်တွေရောက်နေလို့၊ အဲဒါ အခုလာခဲ့ပါတဲ့"

"ဟာကွာ၊ ကျစ်! ဒီမှာ ချွေးတွေသံတွေနဲ့၊ ရေတောင် မချိုးရသေးဘူးကွ"

သူရေရွတ်လိုက်ပေမယ့် ညီညီက မကြားတော့ပါလေ။ အခုပဲ အောက်ထပ်ဆင်းသွားသည့်ခြေသံကို ကြားနေရတာကိုး။ ခက်တာပဲ၊ နဂိုကတည်းက အသန့်ကြိုက်ပါတယ်ဆိုမှ ဒီချွေးစော် နံနံနဲ့ ဧည့်သည်ကို ဆင်းတွေ့ရဦးမတဲ့။

ဖေဖေတို့များ အလုပ်ရှုပ်ပုံ။ အဲဒီလိုမျိုးလူတွေနဲ့ မိတ်ဆက်ပြီး ဧည့်ခံရတဲ့အလုပ်လောက် ဒေါသဖြစ်စရာကောင်းတာမျိုး မရှိတော့တာလေ။ သူက လူရှင်းသူရှင်း တစ်ယောက်တည်း အေးအေးဆေးဆေးနေရတာကို နှစ်သက်တဲ့သူကိုး။

ကဲ! ထားတော့၊ လူကြီးခေါ်တယ်ဆိုမှ ဆင်းမတွေ့ရင် မကောင်းဘူးလေ။ မှန်တေတေမျက်နှာဖြင့်ပင် သူဆင်းခဲ့ရတော့၏။ လက်နှင့်ခြေထောက်ရော မျက်နှာကိုပါ ရေဆေး သစ်ခဲ့ရပါသည်။

"အဲဒါ ကျွန်တော့်သားကြီးပဲ ကိုမြတ်ဆွေ၊ ငယ်ငယ်က သူ့အဘိုးအဘွားတွေနဲ့ပဲ နေခဲ့တဲ့သူပေါ့"

"သားကြီးက အတော်ခန့်တာပဲ"

"သန့်လည်း သန့်၊ ကျန်းမာရေးလည်း ကောင်းတယ်။ သားငယ်ကသာ ငယ်ငယ်ကတည်းက ချူချူချာချာနဲ့ ကြီးပြင်းလာတာ၊ လာ, သားကြီး။ ဒါ ဖေဖေ့မိတ်ဆွေ ကိုမြတ်ဆွေလေ။ Construction လုပ်ငန်းထောင်ထားတယ်။ သားအလုပ်ဝင်မယ်ဆိုလို့ ဖေဖေခေါ်ပြီး မိတ်ဆက်ပေးတာ"

ဖေဖေက နှစ်ယောက်ထိုင်ဆက်တီမှာ ထိုင်နေတာမို့ ဆောင်နေရာလွတ်ကို ပုတ်ပြလိုက်သဖြင့် သူဝင်ထိုင်လိုက်ရလေ၏။ ချွေးစော်နံနေတာမို့ ဖေဖေ့ကို သူအားနာလိုက်တာလေ။ မေမေ့



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ချည့်သည်အတွက် တစ်ခုခုသွားစီစဉ်ပေးနေတယ်ထင်ပါရဲ့။

"သားကြီးက အခု ဘယ်နှနှစ်ရှိပြီလဲ"

"(၂၅)ထဲမှာပါ အန်ကယ်"

ဩော်. . . အန်ကယ့်သမီးထက် (၄)နှစ်ကြီးတာပေါ့၊ သမီးရန့်က A.G.T.I ဆင်းလေ။ အခု အန်ကယ့်အလုပ်ထဲမှာပဲ သူ့ကို အားကိုးနေရတာပေါ့။ သမီးက ဖအေ့ရင်ငွေ့နဲ့ပဲ ကြီးပြင်းလာရတာဆိုတော့ နည်းနည်းတောင် ယောကျ်ားဆန်ချင်နေသေးတယ် ကိုဇော်ဟိန်းရေ့"

"သားလို အားကိုးရတာကိုး ကိုမြတ်ဆွေရယ်။ မိတဆိုးလေးဆိုပေမယ့် လိမ္မာရေးခြားရှိတာ ကံကောင်းတာပေါ့ဗျာ"

ပြသနာပဲ၊ ဘယ့်နှယ် သမီးရှိနေတဲ့အဖေမျိုးနဲ့မှ လာမိတ်ဆက်ရတယ်လို့။ စကားအသွားအလာက လမ်းကြောင်းမြင်ရင် အလွယ်လေးမို့ သူ့မျက်နှာ အမ်းတမ်းတမ်းပင် ဖြစ်သွားရပါသည်။ လာပြန်ပြီ နောက်ထပ်မိန်းမတစ်ယောက်။ နာမည်က 'ရန့်'ဆိုသည်မို့ နှုးညံ့သိမ်မွေ့မယ့်နိမိတ်ပါလေ။

"ဘယ်လိုဖြစ်လို့ ဖင်တကြွကြွဖြစ်နေတာလဲ သားရဲ့။ ထိုင်နေဦးမှပေါ့"





"ကျွန်တော်အလုပ်လုပ်နေလို့ပါ၊ ရေလည်း မချိုးရသေးတော့ အားနာလို့"

"ရပါတယ် သားကြီးရဲ့၊ ကိုဇော်ဟိန်းတော့ ကုမ္ပဏီလောကမှာ လက်ခမောင်း ထခတ်နိုင်ပြီဗျာ။ ဒီလိုသားမျိုးရထားတာ ရွှေအိုးပဲဗျ။ အားကိုးလိုက်ရမယ့်ဖြစ်ခြင်း"

"ဟုတ်တယ် ကိုမြတ်ဆွေရေ့၊ ခုတလော သားကြီးကိုသားမက်တော်ချင်လို့ စကားတောက်ကြတဲ့လူတွေ အများသားကလား"

"ဟုတ်တာပေါ့၊ ဘယ်လိုလဲ သားရဲ့၊ ချစ်သူတွေဘာတွေများ ရှိနေပြီလား"

သူ့မျက်နှာ ရဲခနဲဖြစ်သွားရလေ၏။ ဒုက္ခပါပဲ၊ လူတစ်ယောက်လုံး ရှေ့မှာရှိနေပါလျက်နဲ့ သားသမီးအရေးတွေ ပြောနေရုံမက အခု သူ့မှာ ချစ်သူရှိလားလို့ မေးနေလေပြီ။ ယောကျ်ားချင်းမို့ ပွင့်ပွင့်လင်းလင်းပြောတာမှန်ပေမယ့် ဒီကိစ္စကိုတော့ သူမပြောချင်ပါလေ။

"ဟောဗျာ! ငြိမ်နေပါရောလား"

"ရှိနေလား သား၊ ဘာဖြစ်လဲ၊ သားအဖချင်း ပွင့်ပွင့်လင်းလင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မရှိပါဘူး ဖေဖေရ"

ဦးဆုံးခေါ်မိသည့် ဝိသေသကြောင့်ထင့်၊ ဖေဖေက သတိထားမိသွားပြီး သူ့ပခုံးကို ဖျတ်ခနဲဖက်ကာ တင်းတင်းညှစ်လိုက်လေ၏။ ရယ်သံခပ်တိုးတိုးဖြင့်ရယ်ရင်း သဘောကျသွားပုံပါလေ။

"သားကြီးက ကျှန်တော်တို့နဲ့ ခွဲနေခဲ့ရတော့ သားအဖချင်းဖြစ်ပေမယ့် ခေါ်ပြောတာကအစ စိမ်းတုန်းပါပဲ ကိုမြတ်ဆွေ"

"အိမ်က သမီးပေါက်ကျော်မကတော့ ဖအေနဲ့ အရမ်းရင်းနှီးပါ့ဗျာ။ ကျှန်တော် နောက်မိန်းမ ယူမယ်ဆိုရင်တောင် သူ့အရင်လေ့လာပြီး သဘောတူလက်ခံမှ လက်ထပ်ခွင့်ရမှာတဲ့။ အဲဒီလိုသမီးမျိုးဗျို့"

တဟားဟားရယ်ကြပြန်လေ၏။ ကြည့်စမ်း! အဲဒီကောင်မလေးကျ အဖေနဲ့သိပ်ကိုရင်းနှီးပွင့်လင်းလွန်းလှချည်လား။ စကားကို ပွင့်ပွင့်လင်းလင်းပြောတတ်ပုံရတာမို့ သူတောင် သဘောကျသလို ဖြစ်သွားရပါသည်။ သဘောရိုးကို ဆိုလိုတာပါလေ။

"ကျှန်တော် ရေမချိုးရသေးဘူး၊ ချွေးတွေနဲ့"

"ကဲကဲ. . . ခွင့်ပြုလိုက်ပါဗျာ၊ သားက အတော်အသန့်ကြိုက်ပုံပဲကို၊ ဒါဖြင့် အန်ကယ့်ကုမ္ပဏီမှာ ဘယ်တော့လောက် အလုပ်စဆင်းနိုင်မလဲ သားကြီး"





သူ ထမည်ကြံရုံရှိသေး၊ စကားက ဆက်ပြန်ချေပြီ။ ဖေဖေ့ကို ငဲ့ကြည့်လိုက်တော့ မေးဆတ်ပြလိုက်သည်မို့ ချက်ချင်းအဖြေပေးခိုင်းမှန်း သူနားလည်လိုက်ပါ၏။

"ဒီနေ့ Sunday ဆိုတော့ Tuesday လောက်ဆိုဖြစ်မလား အန်ကယ်"

"OK! သိပ်ဖြစ်တာပေါ့၊ မနက်အလုပ်ချိန်အတိုင်း လာခဲ့လိုက်ပါလား။ ဒီမှာ Visiting card, လောလောဆယ် သွားတားလိုင်းတွေ မမှတ်နိုင်သေးရင် အန်ကယ့် driver ကို ကားလွှတ်ကြိုပေးမယ်လေ"

"နေပါစေ အန်ကယ်၊ ကျှန်တော် Taxi နဲ့လာလို့လည်းဖြစ်ပါတယ်။ ကိစ္စမရှိပါဘူး"

လိပ်စာကတ်ကို သူ တရိုတသေလှမ်းယူကာ ပြောပြီးသည်နှင့် အိမ်ပေါ်သို့ သုတ်ခြေတင်တက်တော့ပါ၏။ အမယ်လေး နော်၊ ကားတောင် အကြိုလွှတ်ဦးမလို့ဆိုပဲ။ ဘယ့်နှယ် သဘောတွေ စွတ်ကောင်းနေကြတာပါလိမ့်။

ဖေဖေ့မျက်နှာကိုမြင်ရုံဖြင့် သူ့အတွက် အဘယ်မျှဂုဏ်ယူနေကြောင်း သိသာစေပါ၏။ တကယ်ပဲ အပြင်မှာ သူ့ကြောင့်ဖေဖေမျက်နှာပွင့်နေလေသလား။ တကယ်ဆို ကြားတဲ့အလုပ်


www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ မိန်းမတွေပဲ လုပ်တတ်တာမို့ မေမေသာ ပြောရမှာလေ။

ဘယ်ပြောလို့ရပ့ါမလဲ၊ မေမေလည်း ကတော်တွေကြား ထဲ သူ့အကြောင်းတွေ ဖွကောင်းဖွနိုင်တာပဲလေ။ သူတစ်ယောက် တည်း ပြုံးလိုက်မိရင်း လုပ်လက်စအလုပ်ကို လက်စသပ်ကာ အခန်းကို သန့်ရှင်းရေးလုပ်လိုက်တော့၏။

ရေစိမ်ချိုးပြီးမှ အဝတ်အစားလဲကာ စာအုပ်ဖတ်ပြီး နပ် ရန် ပြင်လိုက်မိသည်။ နောက်မှ ခုထိ ကားထွက်သွားသံမကြား သေးတာမို့ ညည့်သည်မပြန်သေးဘူးဟု သူခန့်မှန်းမိလိုက်ပါ၏။ ဒီလိုကြီးရှောင်နေလို့ မဖြစ်သေးပါဘူး၊ သူ့ကိုကူညီမယ့် BOSS တစ်ဦးအနေနဲ့ လေးစားသမှုထားပြီး နှုတ်ဆက်ရဦးမှာလေ။

အတွေးဖြင့် သူဆင်းခဲ့တော့ ညည့်ခန်းမှာ ဘယ်သူမှ ရှိ မနေပါချေ။ ဘယ်ရောက်သွားပြီလဲ တွေးလိုက်စဉ် ထမင်းစားခန်း ထဲက ပြန်ထွက်လာကြတာနှင့် တိုးလေ၏။

''ဟော! ဆာနေပြီလား သားကြီး''

''ဟင့်အင်း''

''သားကြီးက သမီးနဲ့အတော်အကြိုက်တူတာကိုးဗျ။ ဟိုပေါက်ကျော်မလည်း အသီးအရွက်ပဲကြိုက်တာ။ ကြက်ဟင်း ခါးသီးချက်လို့ကတော့ ထမင်းအသားကုန်စားတော့တာလေ''





လာပြန်ပြီ နောက်တစ်ခွန်း၊ ဘယ်ကနေ ဘယ်လို လိုက် ဲ့နေရတာပါလိမ့်နော်။

''သမီးလေးက အဖေနဲ့ပဲ ကြီးလာရတာဆိုတော့ မိန်း လေးတွေလို အချက်အပြုတ်ရော ရလို့လား ကိုမြတ်ဆွေ''

''ဒါတော့ ရတယ် မခင်ဦးရေ၊ ကျွန်တော့်ညီမလက် ဲ အပ်ခဲ့ရတာမို့ ချက်တတ်ပြုတ်တတ်ပါရဲ့။ ဒါပေမဲ့ စိတ်မြန် က်မြန်ရှိလွန်းလို့ သူ့အဒေါ်က လျှပ်စီးလက်မလို့ နာမည်ပေး ဲ့အထိပါဗျာ''

''သမီးကို တစ်ရက်လောက် ခေါ်ခဲ့ပါဦး ကိုမြတ်ဆွေ၊ းတဲ့ရက်ပေ့ါနော်''

''ဒါတော့ သမီးကိုပဲ မေးရမှာပဲ မခင်ဦးရေ၊ အဲဒီပေါက် ော်မက အလုပ်လည်း လောဘကြီးသေးသကိုးဗျ''

''ဟုတ်လား၊ တော်တာပေ့ါရှင်''

တူရပြန်ချေပြီ။ ဘယ်လိုဖြစ်ပြီး ဒီကောင်မလေးကျမှ ိုက်တူရပြန်တာပါလိမ့်နော်။ ညည့်ခန်းမှာ ခဏထိုင်ကာ အချို ည့်ခံပြန်လေ၏။ တကူးတကဖိတ်ကြားတာမျိုးမဟုတ်ဘဲ ခရီး ဝင်လည်တဲ့ညည့်သည်ကိုလည်း မေမေတို့ သေချာစီစဉ် ညည့် ေးတာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com

"သားကြီးက စကားနည်းပုံရတယ်"

"ဟုတ်တယ်၊ မလိုအပ်ရင် မပြောဘူး ကိုမြတ်ဆွေရေ၊ ပြောပြီဟေ့ဆိုရင်လည်း တရှူးရှူးနဲ့ ဒေါသသံက ပါသေး"

"တူပ့် တူပ့်. . . အိမ်က ပေါက်ကျော်မကလည်း ရှင်းရှင်းဘွင်းဘွင်းလေ။ မိန်းကလေးဆိုပြီး နွဲ့နွဲ့လေးမထင်နဲ့ ကိုဖော်ဟိန်းရေ၊ ဆိုဒ်ထဲမှာ သူကိုယ်တိုင် ပေကြိုးတိုင်းပြီး ထုစရာရှိဝင်ထုတဲ့အဆင့်ထိ ပါလေရာ ငါးပိချက်ပေ့ါ။ အလုပ်သမားတွေအားလုံးက မိန်းကလေးဆိုပြီး သူ့ကို အထင်မသေးရဲဘူး၊ မာလည်းမာတာကိုး။ အောက်ခြေဝန်ထမ်းတွေကိုကအစ အဆင့်အတန်းမခွဲဆက်ဆံတယ်။ ကူညီတယ်။ ဒါကြောင့်လည်း ကျွန်တော့် Construction အပျက်အစီးအပျောက်အရှ မရှိသလောက်ပဲလေ။ ကဲ! ကိုယ့်သမီးအကြောင်း ချီးမွမ်းခန်းဖွင့်နေမိတာ ကြားရာတော့ရောက်နေပြီ။ ခင်းသာသိရင် စိတ်ဆိုးဦးမှာ"

ကြည့်စမ်း!. . . သူများအဖေတွေများ သမီးကို ငုံထားမတတ်ချစ်တာ သိသာစေလိုက်တာနော်။ စကားထဲမှာကိုက ပေါ်လွင်နေတာကိုး။ ဒါဖြင့် သူ့ကိုရော ဖေဖေတို့ မချစ်ကြလို့လား။ မဟုတ်နိုင်လောက်ပါဘူးလေ။

ဒါဆို အငယ်ကောင်ကိုရော၊ ဟုတ်တယ်၊ ညီညီကိုပဲ





ဖေဖေတို့ ပိုချစ်တာ သေချာတာပေ့ါ။ အခု သူ့မှာ ဂုဏ်ယူစရာ B.E ဘွဲ့လေး ရှိနေလို့သာ လူကြားထဲ ထုတ်ကြွားနေတာလေ။

မိဘတွေရဲ့ချစ်ခြင်းကို လစ်လျူရှု ပစ်ပယ်ခံရချိန် သိတတ်စအရွယ်ကစပြီး စာတစ်ခုတည်းကိုပဲ တစိုက်မတ်မတ် ကြိုးစားဖြစ်ခဲ့တာကြောင့် အခုလို လူရာဝင်ဘွဲ့တစ်ခု သူရခဲ့တာပါပဲ။ ဘာပဲဖြစ်ဖြစ် ဖေဖေတို့တွေ သူ့အပေါ်မှာ ညီညီလောက် မချစ်ဘူးဆိုတဲ့ သံသယကတော့ဖြင့် ရင်ထဲပျောက်မသွားသေးပါချေ။

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အလွမ်း

အတ္တတွေ ပုံးလျှမ်း
ငါ့နလုံးသား စုံလုံးကန်းခဲ့
အချစ်အကြောင်း မသိဘူး
သံယောဇဉ်လည်း မထားတတ်ဘူး
နှောင်ကြိုးလည်း မငင်တတ်ဘူး
ငါသိထားတာက....ငါ
ငါသင်ထားတာက....ပညာ
ငါတတ်ထားတာက....ဘဝအတတ်
လောကအာရုံထက်
ဘာကိုမှ ငါမခံစားတတ်ခဲ့
သိတယ်....မြင်တယ်
အောင်ပွဲခံတယ်
ဒါကလွဲ ဘာမှမရှိခဲ့
မင်းနဲ့မဆုံတွေ့ချိန်အထိ
ငါ့ကမ္ဘာက
အမှောင်တွေဖုံးလွှမ်း
အလင်းပြပြုလေးပဲ ရှိနေခဲ့တာပါလေ....





အချစ်က မိုက်မဲဝဘူး.....
ဒဏ်ရာတွေ ပြည်နှက်နေတဲ့
ရောဂါဆိုးပဲ ဖြစ်မှာပါ....
ဟိန်းဇေယျာ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

Taxi က သူညွှန်ပေးလိုက်သည့်အတိုင်း ကုမ္ပဏီရှေ့ တည့်တည့်မှာပင် ရပ်ပေးလေ၏။ လောလောဆယ်တော့ သူ့အတွက် ဖေဖေ ကားဝယ်ပေးထားပေမယ့် ယူမမောင်းဖြစ်သေးပါချေ။ ကားခရှင်းပေးပြီး ကားပေါ်မှ သုံဆင်းလိုက်စဉ် Taxi နောက် နေရာကွက်လပ်သို့ ကျွမ်းကျင်စွာ ဝင်ရပ်လိုက်သည်က နောက်ဆုံးပေါ်ကားတစ်စီး။

အဲဒီနောက် ဘေးဘီဝဲယာကို တစ်ချက်မှမကြည့်ဘဲ လက်ထဲ File တစ်ထပ်ကြီးကိုင်လျက် မိန်းကလေးတစ်ဦး ဆင်းလာလေ၏။ ဝတ်ထားသည်က ရှပ်ပုံစံ blouse အပြာနုကို style



www.burmeseclassic.com

www.burmeseclassic.com



pants နက်ပြာဖြင့် တွဲဝတ်ထားလေသည်။ ဆံပင်တို့ကတော့ ခပ်တိုတိုကပ်ကပ်။ မြင့်မားသွယ်လျသည့်အရပ်အမောင်းနှင့် သူမ Style က အတော်လေး ကြည့်ရအဆင်ပြေပါသည်။

"ဟာ! ကျစ်!"

PLatform ပေါ် တက်လိုက်စဉ် သူမလက်ထဲမှ File တစ်ခု လျှောကျသွားပါ၏။ အမြင်မတော်တာမို့ သူကူညီရန် ပြင်လိုက်စဉ် သူမက ဖျတ်ခနဲ ခြေကွေးထိုင်ချလိုက်လေသည်။ ဒူးထက်မှာ နဂို File တွေကို ထပ်တင်ထားပြီး ခုနကျသွားသည့် File ကို လက်တစ်ဖက်ဖြင့်စမ်း၍ ကောက်လိုက်ကာ ချိုင်းကြားထဲ ညှပ်လိုက်လေ၏။

တယ်ဟုတ်ပါလား၊ ကိုယ့်အားကိုယ်ကိုးတတ်တဲ့စရိုက်လေးကတော့ ချစ်စဖွယ်လေးပါပဲ။ ပြီးနောက် ဆတ်ခနဲ ပြန်ထရပ်ပုံကလည်း ကျွမ်းကျွမ်းကျင်ကျင်။ သူပြုံးပင် ပြုံးလိုက်မိပါ၏။ စိတ်မြန်လက်မြန် ဖျတ်လတ်တက်ကြွနေပုံက ဒီနေ့ခေတ်နဲ့အညီ တစ်ပြေးကို ညီလို့ပါလေ။

Doorman ဖွင့်ပေးလိုက်သည့် မှန်တံခါးမှ သူဆက်ဖြတ်လာခဲ့၏။ အပေါ်ထပ်တက်ရန် Lift က အဆင်သင့်ရှိနေတာမို့ သူဝင်လိုက်စဉ် ခုနမိန်းကလေးပါ သူ့နောက်မှ လိုက်ဝင်လာ





လေသည်။ လက်တစ်ဖက်က File တစ်ထပ်ကြီးကို ထိန်းထားရတာမို့ ချိုင်းကြားမှာ File တစ်ခုညှပ်ထားသည့်လက်ကို ဆန့်မရသဖြင့် ခလုတ်အနီး ကပ်သီးကပ်သပ်တိုးကပ်လျက် နှိပ်ရန်ပြင်လိုက်လေ၏။

သူ မပြုံးမိအောင် သတိထားလျက် နံပါတ် (၅)ခလုတ်ကို နှိပ်လိုက်မိပါသည်။

"ကျေးဇူး"

ခပ်တိုးတိုးပေမယ့် ပီပီသသပါပဲ။ Lift အပေါက်ဝနားမှာ ဖြစ်နေတာမို့ သူမ ခြေလှမ်းကို နောက်ပြန်ဆုတ်လိုက်သဖြင့် သူက ရှောင်လိုက်သလို ဘေးဘက်ရွှေ့ရပ်လိုက်ရာ သူမလှည့်အကြည့်နှင့် ဆုံသွားရပါ၏။ အလို! သိပ်ကို တောက်ပ သက်ဝင်လှတဲ့ မျက်လုံးလဲ့လဲ့လေးတွေ ဒီကောင်မလေးမှာ ရှိနေတာပါလား။

မိန်းမလှကလေးတစ်ယောက်လိုမျိုး လှပခြင်းထက် ကလေးတစ်ယောက်နှယ် အပြစ်ကင်းဟန်လေးက မျက်နှာဝင်းဝင်းလေးမှာ ပေါ်လွင်နေတာလေ။ ဘာမှမလိမ်းခြယ် မပြင်ဆင်ထားသည့်မျက်နှာလေးက ပြောင်ရှင်းပြီး ကြည့်ကောင်းနေတာကို သူမြင့်နေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''ကိုဟိန်းဇေယျာထင်တယ်''

''ဟုတ်ပါတယ်၊ ဘယ်လိုသိတာလဲ''

''ဟိုတစ်နေ့က ဖေဖေပြောထားတဲ့ပုံစံကို မှန်းဆကြည့်လိုက်တာလေ။ ရန်နဲ့ပါ''

တော်သေးတာပေါ့၊ 'ရန်'ဆိုပြီး သူမကိုယ်သူမ မိတ်ဆက်ပေလို့။ သူက သူမကိုယ်သူမ 'ကျွန်တော်'လို့ သုံးမည်ဟု ထင်မှတ်ထားတာပါ။ ကိုယ့်နာမည် ကိုယ်ထည့်ပြောလေ့ရှိတာကို မှန်းပေမယ့် ဒီတစ်ခါတော့ဖြင့် သူနှစ်သက်သွားရပါ၏။

File ညှပ်ကိုင်ထားသည့်လက်ကို ဖြန့်လျက် Shake လုပ်ချင်နေပုံမို့ သူပဲ သူမလက်ကိုကိုင်၍ နှုတ်ဆက်လိုက်ရပါ၏။ အနောက်တိုင်းဆန်သည့်ဟန်မျိုးမရှိဘဲ ရင်းနှီးနွေးထွေးကြိုဆိုပုံပါပဲ။

''ကျွန်တော် ကူသယ်ပေးရမလား''

သူမ အံ့ဩသွားလေ၏။ ပြီးနောက် ပြုံးမြမြဖြင့် ခေါင်းအသာခါပြလိုက်ပါသည်။

''အစ်ကိုက ရန့်ထက် (၄)နှစ်ကျော်တောင် ကြီးတာလေ၊ ကျေးဇူးပြုပြီး ကျွန်တော်လို့မသုံးပါနဲ့လို့ မေတ္တာရပ်ခံပါတယ်''

'အစ်ကို'တဲ့၊ အဘယ်မျှနွေးထွေးလိုက်ပါသလဲ။ ညီညီ





သူ့ကို 'ကိုကို'လို့ခေါ်တဲ့အသံထက် ဒီ'အစ်ကို'လို့ခေါ်လိုက်သံက သူ့ရင်ထဲနွေးပြီး ဆင်းသွားတာအမှန်ပါလေ။

''ရန့်က ကိုယ်နိုင်တဲ့ဝန်ပဲ ထမ်းလေ့ရှိတာမို့ပါ။ တစ်မျိုးမထင်လိုက်ပါနဲ့''

''ရပါတယ်''

''ရောက်ပြီအစ်ကို၊ ရန့် ဒီFile ပေး ထားပြီးရင် အစ်ကို့ကို ဝန်ထမ်းတွေနဲ့ မိတ်ဆက်ပေးမယ်။ ဖေဖေက (၁၀) နာရီကျော်မှ လာမှာပါ''

ကဲ! သူဘာမှမေးစရာမလိုအောင် အကွက်ကို စေ့ပြောသွားလိုက်တာလေ။ ရပ်သွားသည့် Lift ထဲမှ စင်္ကြံလမ်းသို့ ထွက်လိုက်ကြ၏။ သူမနှင့်ယှဉ်လျှောက်မိစဉ် ဤကလေးမအရပ်အနည်းဆုံး (၅)ပေ (၅)လက်မခန့်ရှိမည်ဟု ခန့်မှန်းလိုက်မိလေ၏။ သူ့ပခုံးသာသာမှာ သူမနားရွက်ဖျား ရှိနေတာကိုး။

ရုံးခန်း Lock က Doorlock မို့ သော့ဖွင့်ပြီး လှည့်ပြီးမှ ချောက်ခနဲ အသံမြည်ကာ ပွင့်လေ၏။ သူမဦးဆောင်ခေါ်ရာနောက် သူလိုက်ဝင်လိုက်ရပါသည်။

''ဟိုခုံက အစ်ကို့ခုံလေ၊ ရန့်နဲ့ တစ်ခန်းတည်း ထားတာပါ။ အစ်ကို့အတွက် သီးသန့်ရုံးခန်းလိုချင်ရင်တော့ ဖေဖေ့ကိုပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ လောလောဆယ် လုပ်ငန်းမကျွမ်းကျင်သေးလို့ ရန့်ကို လက်တွဲခေါ်ပါတဲ့။ နယ်မှာနေတုန်းက အလုပ်ဝင်ဖူးခဲ့လား"

"အင်း. . . (၆)လလောက်ပဲ ရှိတာပါ"

"(၆)လလည်း မဆိုးပါဘူး။ လာလေ, ဝန်ထမ်းတွေနဲ့တွေ့ရအောင်။ ရန့်က အလုပ်ချိန်ဆိုရင် ရုံးခန်းထဲမှာ ရှိချိန်နည်းတယ်။ အမြဲတမ်း ဆိုဒ်တွေထဲ ရောက်နေတတ်လို့။ ဒါနဲ့ပဲ ရုံးအလုပ်တွေကို အိမ်ကိုပဲ သယ်ပြီး လုပ်ရတော့တာပေါ့။ ဖေဖေက အဲဒါကို အလုပ်လောဘကြီးလို့တဲ့။ အချိန်မှမရှိတာကိုး။ နော့. . . အစ်ကိုရယ်"

ဖော်ရွေစွာ ရှင်းပြနေပြန်၏။ ဒီလိုတော့လည်း နှုတ်ကသိပ်အစွာကြီးမဟုတ်ပါလေ။ အန်ကယ်ပြောတုန်းကတော့ သူ့သမီးကို အစွာလေးဆိုတာကိုး။

"အလုပ်ကိစ္စဆိုရင်တော့ ပျော့နေလို့မဖြစ်ဘူး အစ်ကိုရဲ့။ တစ်ခါတစ်ခါ ဖျက်ကျတဲ့လူတွေမျိုးနဲ့လည်း တိုးရတတ်တာကိုး။ ရန့်က နည်းနည်းတော့ စွာတယ်၊ ပြောစရာရှိရင် အားမနာတမ်းပြောတတ်လို့လေ။ အစ်ကိုနဲ့ပြောရင်း ရန့်ဘက်က ဘောင်ကျော်တာမျိုး Foul ဖြစ်တာမျိုးဖြစ်သွားရင် နားလည်ပေးပါလို့ ကြို ပြောထားပါရဲ့။ လာ, အစ်ကို"





File တွေကို Aluminum အံဆွဲထဲမှာ သူ့နေရာနှင့်သူ သေသပ်စွာသိမ်းဆည်းလိုက်ပြီး သော့ခတ်လိုက်လေ၏။ ရောက်တာနဲ့ ခုံမှာထိုင်ကာ အမောဖြေသည့်အလုပ်မျိုး သူမ မလုပ်ပါချေ။ သိမ်းစရာရှိတာသိမ်းပြီးသည်နှင့် သူ့ကိုမေးဆတ်ခေါ်လျက် ကုမ္ပဏီထဲ တစ်ပတ်လှည့်လေတော့၏။

"ခဏနေ ဖေဖေရောက်လာတာ စောင့်ပြီးရင် ဆိုဒ်ထဲသွားတော့မှာ။ အစ်ကို လိုက်ဦးမလား"

"အန်ကယ်လွှတ်ရင် လိုက်မယ်"

"ပြီးရော၊ ကားပါလာလား"

"မပါဘူး။ လမ်းတွေ သိပ်မသိသေးလို့ ကိုယ်မမောင်းဖြစ်ဘူး"

"ရတယ်လေ၊ ရန့်ကားနဲ့ပဲ အတူသွားကြတာပေါ့။ Never mind."

လမ်းလျှောက်ရင်း Phone သံမြည်လာတာမို့ ဘောင်းဘီအိတ်ကပ်ထဲမှ Phone ကို သူမထုတ်ကိုင်လိုက်လေ၏။ လမ်းသွားဟန်ကလည်း တခြားမိန်းကလေးတွေလို ခြေလှမ်းလှလှလေး [illegible]သာ ခပ်မြန်မြန် ခပ်သွက်သွက် ခြေလှမ်းကျဲကျဲပါလေ။

"ဟဲလို ဖေဖေ၊ ရောက်ပြီ။ အခုပဲ ရုံးကဝန်ထမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ မိတ်ဆက်ပေးဖို့ Round နေပြီ။ ဟင်! ဘာလဲ၊ ဟုတ်, သူကားမှမပါတာ ဖေဖေရဲ့။ ထမင်းချိုင့်ဘယ်ယူလာပါ့မလဲ။ ရပါတယ်၊ ရန်နိမှာ ချိုင့်ပါလာတာပဲကို၊ ဘယ်နေရာမှာပဲစားစား ရတာချည်းပဲ။ Don't worry! ''

''အဲဒီဖေဖေကတော့ လာရင် ဖြောင့်ဖြောင့်တန်းတန်း မလာဘူး။ လမ်းကနေ ကြိုပူနေတယ်။ အစ်ကိုက ဆိုင်ဟင်း မစားနိုင်ဘူးတဲ့လေ''

သူ မျက်ခုံးမြင့်သွားရပါ၏။ အဲလိုလေး! အန်ကယ်က သူထမင်းမစားရမှာကို ကြိုပူပေးသတဲ့လေ။ တော်ပါသေးရဲ့၊ သူမမျက်နှာထက်မှာ သူ့ကို မနာလိုဟန်မျိုး မတွေ့ရတာကိုး။ သမီးဖြစ်သူထက် သူ့ကို သဒ္ဒါပိုနေပါရောလား အန်ကယ်ဦးမြတ်ခွေး။

''အားလုံး ဒီကိုတစ်ချက် အာရုံစိုက်ပေးပါ''

အလုပ်လုပ်နေသည့်လူအားလုံး ခုံမှာထိုင်နေရာမှ ထရပ်လိုက်ကြလေ၏။ Hall ထဲမှာ သူမအသံက အတော်အောင်ပြီး ကြည်လင်ပြတ်သားတာပါပဲလား။

''ဒါ ဒီနေ့ ရန့်တို့ကုမ္ပဏီကို အလုပ်စဝင်တဲ့ GM အသစ်ပဲ။ နာမည်က ကိုဟိန်းဇေယျာတဲ့။ မှတ်ထားပါ၊ နောက်ဆို လုပ်ငန်းနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းကိစ္စတွေမှန်သမျှ ဖေဖေနဲ့ရန်





မရှိရင် ဒီ GM က ကိုယ်စားလက်မှတ်ထိုးပေးမှာပါ။ အားလုံး သဘောပေါက်ကြတယ်နော်''

''ဟုတ်ကဲ့''

''ကျန်တဲ့အသေးစိတ်မှန်သမျှ Meeting လုပ်ရင် အကုန်မေးလို့ရပါတယ်။ အလုပ်ဆက်လုပ်နိုင်ကြပါပြီ''

ကဲ! ဒါပဲလား။ သူမက သူ့ကို မန်နေဂျာနှင့်လက်ထောက် မန်နေဂျာတို့လောက်သာ တစ်ဦးချင်းမိတ်ဆက်ပေးပြီး Hall ထဲမှ ချက်ချင်းပြန်ထွက်ခဲ့လေ၏။

'မင်္ဂလာပါ သားကြီးရေ့''

''မင်္ဂလာပါ အန်ကယ်''

လုပ်ပြန်ပြီ၊ နာမည်မခေါ်ဘဲ သားကြီးတဲ့။ အာလုပ်သံကြီးဖြင့် တရင်းတနှီးခေါ်ချလိုက်ပြန်ပြီကိုး။ အန်ကယ်နှင့် စကြံလမ်းမှာဆုံတော့ သူ့ကျောကို လက်ဖြင့်ကိုင်ထားရင်း စကားပြောနေသဖြင့် သူခြေလှမ်းကို နှေးလိုက်ရပါ၏။ သူမက သူတို့ကို ကျော်တက်သွားပြီး ရုံးခန်းထဲဝင်သွားချေပြီ။

''ရှေ့တစ်ပတ်ထဲလောက်မှ ရုံးအားလုံးက မန်နေဂျာတွေ စုခေါ်ပြီး Meeting လုပ်ရမှာ။ အဲဒီတော့မှ သားနဲ့အကုန်မိတ်ဆက်ပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သမီးက ရုံးသိပ်မထိုင်လို့ သားအတွက် သူ့ရုံးခန်းထဲမှာပဲ နေရာချပေးထားတာ ဖြစ်ရဲ့လား။ သားအတွက် သိပ်အဆင်မပြေရင် အဲဒီဘေးကအခန်းကို ရှင်းပေးမယ်လေ"

"ရပါတယ်အန်ကယ်၊ ကိစ္စမရှိပါဘူး"

"လိုရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ အားမနာနဲ့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"အခု ရုံးစထိုင်မလို့ပေါ့လေ"

"မဟုတ်ပါဘူး အန်ကယ်၊ ရန့်နဲ့ ဆိုဒ်ထဲလိုက်ဖို့ ပြောပြီးပါပြီ"

"ငါ့သမီးကတော့ကွာ၊ သားရောက်တာနဲ့ စမောင်းတော့တာပဲ။ သူနဲ့လိုက်ရင်တော့ မောပြီ သားကြီးရေ"

အန်ကယ်ပြောတာကြောင့် သူပြုံးလိုက်မိပါ၏။ ရန့်လည်း ဘာထူးလို့လဲ။ သူ့လိုပဲ အလုပ်တစ်ခုကလွဲပြီး တခြားဘာအာရုံမှ မရှိတာကိုး။

"ဖေဖေဘာမှာဦးမလဲ၊ အလုံက ဆောက်လက်စတိုက်ဝင်ပြီးရင် FMI ဝင်မယ်၊ အဲဒီကနေ ဒီကို နှစ်ချက်လောက်





ရောက်မှပဲ ထမင်းစားဖြစ်မှာ။ ညနေ စက်မှုဇုံက ရေသန့်စက်ရုံဦးတော့မှာကို သွားကြည့်ရင် လေးခွဲဆိုပြီးပြီ"

"မှာစရာမရှိဘူး၊ နှစ်ချက်အထိဆို ကြာတယ်၊ စောစောပြန်ခဲ့မှပေါ့။ သမီးအစ်ကို ဗိုက်ဆာလိမ့်မယ်"

"ဆာတဲ့အချိန် ချိုင့်ဖွင့်စားလို့ရတာပါပဲ ဖေဖေရယ်။ သွားစို့ အစ်ကို"

ကဲ! ခေါ်နေပြီမို့ သူလိုက်ရတော့မှာလေ။ ဘယ်လိုမိန်းကလေးပါလိမ့်။ သွက်လက်ချက်ချာရုံမျှမက သူ့ကိုပင် ဦးဆောင်နေတာကိုး။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ပြန်လိုက်ပို့ပေးမယ်"

"နေပါစေ"

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့၊ လမ်းကြုံလို့ လိုက်ပို့တာပဲဟာ။ တမင် တကူးတကကြီးမှမဟုတ်တာကို"

တကူးတကကြီး မဟုတ်တာက အကြောင်းမဟုတ်။ အကြောင်းက အိမ်အထိလိုက်ပို့မှုဖြစ်တော့မှာလေ။ မေမေက ရန့်ကို အရမ်းတွေ့ဖူးချင်နေတာမဟုတ်လား။ အိမ်အထိ လိုက်ပို့ရင်တော့ ပွဲသိမ်းပြီပဲလေ။

"ထမင်းစားလို့ကောင်းရဲ့လား အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒီလိုပါပဲ"

"အန်တီနဲ့တော့ လက်ရာကွာတာပေါ့၊ ဒါပေမဲ့ ရန့်ချက်တဲ့ကြက်ဟင်းခါးသီးက ဖက်ကျောမတက်စေရဘူး၊ အာမခံတယ်"

သူပြုံးလိုက်မိပါ၏။ ဒီကောင်မလေးနဲ့ စကားပြောရတာ အတော်အသက်ရှူချောင်ပါ၏။ ဘာကိုမှ မကွယ်မဝှက် ဘွင်းဘွင်းကြီးပြောတတ်တာကိုး။

"OFF ရက်ဆို အစ်ကိုဘာလုပ်တတ်လဲ"

"အိမ်မှာပဲ စာဖတ်တယ်"

"ဘာစာအုပ်တွေ ဖတ်လဲ"

"အစုံပဲ"

"အဟုတ်! ရန့်တောင် ခုထိ Kim Philby ရဲ့ The Spy I Loved ကို ဖတ်နေတာ တစ်ဝက်ပဲ ရောက်သေးတယ်။ အလုပ်မအားတာနဲ့ ဆက်မကိုင်နိုင်သေးဘူး"

"အဲဒီစာအုပ်က သိပ်မထူပါဘူး၊ Page တောင် 170 ကျော်ပဲရှိတာ"

"အင်း. . . ဟုတ်တယ်"

"စုံထောက်ဇာတ်လမ်းတွေ ကြိုက်တယ်ပေါ့လေ"

"အဟင်း. . . ဟုတ်တယ်၊ တစ်ခါတလေ စိတ်ပြေလက်





ပြောက် ရုပ်ရှင်ကားတွေကြည့်ရင်တောင် Murder She Wrode လိုကားမျိုးပဲ ကြည့်ဖြစ်တယ်၊ အိပ်မငိုက်ဘဲ စိတ်ဝင်စားစရာကောင်းလို့လေ။ အမှုတစ်ခုကို ဘယ်လိုဖော်ထုတ်မို့ ရှာဖွေလဲဆိုတာ စိတ်လှုပ်ရှားရတာကိုး"

တူကိုတူနေတာပါလေ။ သူတော့ ဝါသနာတူယောကျ်ားဆန်တဲ့ မိန်းကလေးနဲ့ ရေစက်လာဆုံနေရပါရောလား။ ဖေဖေတို့သာသိရင် ဘာပြောကြဦးမှာပါလိမ့်။

"အစ်ကို့စာအုပ်တွေ ဟိုမှာပဲ ထားခဲ့ရလားဟင်"

"ယူလာတယ်၊ ဖေဖေက ကိုယ့်အတွက် စာကြည့်ခန်းသဘောမျိုး အလုပ်ခန်းသီးသန့်ထားပေးထားတယ်"

"ဒါဖြင့် အဲဒီအခန်းကိုတော့ ရန့် လာလည်လို့ရမှာပေါ့နော်"

"အင်း"

"အစ်ကို့အင်းကြီးက အင်တင်တင်ကြီးပါလားကွ။ ဘာလဲ, ရန့် စာအုပ်ငှားမှာစိုးလို့လား။ ရန့်မှာ ရှိတဲ့စာအုပ်တွေနဲ့ လဲဖတ်မှာပါ အစ်ကိုရဲ့။ ရန့်လည်း စာအုပ်ရှိသေတဲ့လူမို့ ဝယ်ဖတ်တာပေါ့။ ဘယ်လိုလဲ၊ ခေါ်မှာလား"

"ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားမှပါ အစ်ကိုရယ်၊ ပိတ်ရက်မှာ ရန်နဲ့အတူ ကားလိုက်စီးဦး"

"ဘာလုပ်ဖို့လဲ"

"ဩော်, သူ လမ်းတွေသိရအောင်လို့လည်း စေတနာနဲ့ခေါ်ရသေးတယ်။ ပြောပုံကိုက ဘာလုပ်ဖို့လဲတဲ့။ ဘာလဲ, ရန်နဲ့ Date တာကို အစ်ကို့လေဒီသိရင် ဗိုက်ခေါက်လိမ်မှာစိုးလို့လား"

"ကြဲကြဲဖန်ဖန်"

စကားအစ်တာပဲလား။ အဖေဖြစ်သူ မေးပြီးသားမို့ သူ့မှာ ချစ်သူမရှိတာကို ဤကလေးမ သိသင့်သည်လေ။ 'လေဒီ' တဲ့။ အဘယ်ကြောင့် ဒီလိုစကားလုံးမျိုးကို သုံးရတာပါလိမ့်။

"ဟာ! စဉ်းစားနေလိုက်တာ၊ ရန်ပြောတာကိုတောင်မကြားဘူးလား"

"ဘာလဲ"

"အစ်ကို့ရင်ထဲမှာ ရှိနေပြီမဟုတ်လားလို့"

"ဘာကိုရှိရမှာလဲ"

"ခုနပဲ ရန်ပြောတဲ့လေဒီလေ"

"ဩော်. . . မရှိပါဘူးလို့ဆိုနေ"





"ပြောလို့မရဘူးလေ၊ လူငယ်တွေဆိုတာ လူကြီးတွေမသိအောင် ဖုံးဖုံးဖိဖိနဲ့ တိုးတိုးတိတ်တိတ် ခိုးလုပ်တတ်တာတွေရှိတာကိုး။ မဟုတ်ဘူးလား"

ဘုရားရေ! ဒါဘာအဓိပ္ပာယ်လဲ။ သူ့ကိုမေးသလိုနဲ့ သူမမှာရော ချစ်သူရှိနေတယ်လို့ ဆိုလိုလေသလား။ ဒါဆိုရင်တော့ သူနဲ့သူမကို သဘောတူချင်နေကြတဲ့ လူကြီးတွေရဲ့သဘောထားက တစ်မျိုးတစ်ဖုံပြောင်းသွားနိုင်တာလေ။

"ဘာလဲ, ရန့်မှာ ချစ်သူရှိတယ်လို့ ကိုယ့်ကိုအသိပေးချင်တာလား"

"ဘယ်လို! ရန့်မှာ"

"အင်းလေ"

"ဟာဟ! အစ်ကိုက ရယ်ရတယ်ကွာ၊ ရန့်ကိုမြင်တာနဲ့ ယောကျ်ားတွေက အလိုလိုလန့်နေပြီးသား။ ဘယ်သူကကြိုက်ရဲမှာလဲလို့"

ပြောလည်းပြော၊ သဘောကျသလိုဖြင့် ရယ်နေပြန်ချေ၏။ ဘယ်လိုဟာလေးပါလိမ့်နော်။ ဟန်ကို မဆောင်တတ်တာပဲလား။

"တိ! "



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး!"

နောက်နားမှ ကျော်တက်လာသည့်ကားကြောင့် သူမ ကားရှိန်လျှော့လိုက်ပါ၏။ ဘေးဘက်မှကျော်တက်ပြီး ကားရှေ့သို့ရောက်လာကာ ပိတ်လိုက်တာမို့ ဘရိတ်ကို နင်းလိုက်ရပါ၏။

"သေတော့မှာပဲ၊ ယာဉ်စည်းကမ်းကိုမသိဘူးလား မသိဘူး။ တောက်!"

"ပြေပြေလည်လည် ပြောပါ ရန့်ရယ်၊ ပြဿနာမဖြစ်ချင်ပါနဲ့"

"ရန့်က မမှားဘူးလေ အစ်ကိုရဲ့၊ သူကမှ ပြဿနာရှာတာ"

ရန့်က သူ့ဘက်ကိုလှည့်ပြီး စကားပြောနေစဉ်မှာ ရှေ့ကားက တံခါးဖွင့်ပြီး လူတစ်ယောက် ဆင်းလိုက်လေ၏။ အလို! အင်မတန်ခန့်ပြီး Model Boy လို အရုပ်မြင့်နေသည့်လူငယ်ဖြစ်နေတာပါပဲလား။

"Sorry ပါ ရန့်၊ မင်းရဲ့ကားမှန်း သိလိုက်လို့ အခုလိုဖြစ်သွားရတာပါ။ နောင့်ယှက်သလိုဖြစ်သွားရင် တောင်းပန်ပါတယ်"

"ရဲသီဟ"





"Thanks! ရန့်၊ ကိုယ့်ကိုမှတ်မိနေတဲ့အတွက်ပါ"

အလာကြီးပါပဲလား၊ ရန့်မှာ ဤသို့ Style ကျသည့် ယောက်ျားလေးသူငယ်ချင်းမျိုး ရှိနေလိမ့်မည်ဟု သူလုံးဝထင်မထားမိတာ အမှန်ပါ။ ဒီလူငယ် ဘယ်ကနေဘယ်လို ပေါ်လာရတာပါလိမ့်။

"နည်းနည်းပါးပါး ယာဉ်စည်းကမ်းလေးတော့ လေ့လာထားသင့်တာပေါ့၊ တိုက်မိရင် ဘယ်လိုလုပ်မလဲ၊ ရန့်ကားပေါ်မှာ ညှိသည်ပါလာတဲ့ဟာ၊ တစ်ခုခုဖြစ်သွားရင် ဘယ်ကောင်းမလဲ စဉ်းစားကြည့်ပေါ့"

"ထပ်ဆင့်တောင်းပန်ပါတယ် ရန့်ရယ်၊ ကိုယ်က ဂျပန်ကပြန်ရောက်တာ လပိုင်းပဲရှိသေးလို့ ခွင့်လွှတ်ပေးပါ"

"တော်သေးတာပေါ့၊ ယာဉ်ထိန်းရဲမရှိတဲ့နေရာမို့လို့ပဲ၊ တော်တော်ပြဿနာရှာ, သိလား။ အခုဘာလုပ်နေလဲ"

"ဘာမှမစဉ်းစားရသေးဘူး။ သဘော်တော့ နားလိုက်ပြီ"

ဒါဖြင့် သဘော်သားပေါ့လေ။ ဒါကြောင့်မို့ အသားကဖြူဝင်းနေတာကိုး။ နိုင်ငံခြားက ပြန်လာတဲ့လူတိုင်း (အရိပ်ထဲလုပ်ရသူဆို) အသားဖြူလာတာ သဘာဝလေ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကားတွေ ပြဿနာရှာလိမ့်မယ်၊ ပြောစရာရှိတာ မြန်မြန်ပြော"

"Visiting Card"

"ဘာ!"

"ရန့်ရဲ့ Visiting Card ပေးလေ၊ ဒါမှ ကိုယ် Contact လုပ်လို့ရမှာပေါ့"

"ကျစ်! ရှုပ်လိုက်တာ၊ ရော့၊ မြန်မြန်ထွက်တော့"

" OK! Thanks ပါ ရန့်"

ရန့်က ကား Dashboard ထဲမှ ကတ်တစ်ကတ်ကို နှိုက်ယူလိုက်ပြီး ပေးလိုက်စဉ် ထိုလူငယ်မျက်နှာမှာ ကျေနပ်အပြုံး ပြပြီး ကားပေါ်တက်မောင်းသွားလေ၏။ ရန့် ကားသော့လှည့်ပြီး စက်နှိုး၍ သူ့ကိုပြောလိုက်ပါသည်။

"State တုန်းကတည်းက သူငယ်ချင်းလေ၊ စာအရမ်းတော်တာ။ အထက်တန်းအောင်ကြတော့ ရန့်က G.T.C တက်ပြီး သူက အဲဒီလိုင်းဘက် သင်တန်းတက်ပြီး Chief Engineer ဖြစ်သွားတာပေါ့"

ချိုးမွမ်းတာလား၊ သူလည်း B.E ဘွဲ့ရထားမှန်း သိပါလျက် သူ့ကိုတော့ အင်ဂျင်နီယာလို့ ရန့် မမြင်နိုင်ဘူးတဲ့လား။





"လမ်းထိပ်မှာပဲ ရပ်ပေးရင်ရပြီ"

သူမ ဖျတ်စနဲလှည့်ကြည့်ပြန်လေ၏။ ကျိတ်မှား ပြုံးလိုက်လေသလား။ သူ မရိပ်မိလိုက်ပါလေ။

"ဘာလဲ၊ အိမ်ကလူကြီးတွေ ရန့်ကိုမြင်မှာစိုးလို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ခြံထဲထိပို့တာကို လက်ခံရမှာပေါ့"

"..."

"အိမ်ထဲထိ မခေါ်ချင်ဘူးပေါ့လေ"

"အာ. . . ကိုယ်က ရန့် မိုးချုပ်မှာစိုးလို့ စေတနာနဲ့ပြောတာပါ။ အဲဒီသဘောမပါပါဘူး"

"ရန့်ကတော့ ရှိတယ်လို့ ယူဆမိတာပဲ"

"ကျစ်! မဟုတ်ပါဘူးဆို"

"ပြီးတာပဲ"

ပြောသည့်အတိုင်း လမ်းထဲသို့ ချိုးကွေ့ဝင်ပြီး ခြံထဲသို့ ဆက်မောင်းလေ၏။ ဒုက္ခပဲ. . . အိမ်ရှေ့မှာပေါ်စောင့်နေတာ မေမေလေ။ ရန့်ကိုတွေ့သွားရင်တော့ စကားတွေဆက်တော့မှာကိုး။

"သားကြီး ပြန်လာပြီ"

သူ ကားတံခါးဖွင့်ဆင်းလိုက်စဉ် မေမေက ကားထဲသို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကာ စပ်စုချေပြီ။

"ဒါဘယ်သူလေးလဲ"

"ရန့်ပါ အန်တီ"

"ဟယ်! သမီးလေး ရန့်လား၊ အန်တီတို့ တွေ့ဖူးချင်နေတာ။ ဆင်းပါဦးလား သမီးရယ်"

"မှောင်နေပြီလေ မေမေ၊ အားနာစရာကြီး"

"ဩော်, သားကလည်း ရောက်မှတော့ တစ်အောင့်လေး တွေ့ပါရစေ။ လာ. . . သမီး"

လက်ကိုအတင်းဆွဲခေါ်ချေပြီ။ သွားပြီ ဟိန်းဇေယျာရေ့၊ ဟိုနေ့ညက ပြောထားသမျှ အတည်တွေဖြစ်ကုန်ရင်တော့ အခက်ပါပဲ။

"အို! သမီးက အရပ်တော်တော်မြင့်တာပဲ၊ ကြည့်ပါဦး အစ်ကိုရယ်၊ ကိုမြတ်ဆွေသမီးတဲ့။ ချောလိုက်တာနော်"

"အာ. . . အန်တီက ပြောတော့မယ်၊ ရန့်ရုပ်က ရွက်ကြမ်းရေကျိုအဆင့်ပဲရှိတာပါ"

"ဒီလိုပဲ သမီးရေ့၊ ရှမ်းကြိုက်တော့ နွားချောတာပေါ့"

"ဟာ. . . ဖေဖေပြောမှပဲ ရန့်တော့ နွားဖြစ်ပြီ"

"ငါ့သားက နာတယ်တဲ့ဟေ့"





ဝေါခနဲရယ်ကြချေပြီ၊ အားနာတာရော မျက်နှာပူတာပါရောကြောင့် သူ့မျက်နှာလွှဲပြီး အကြည့်က ရန့်ကိုမကြည့်ဘဲ ရှေ့လိုက်စဉ် လှေကားမှဆင်းလာသည့်ညိုညိုမျက်နှာအကြည့်နှင့် သွားဆုံသွားရပါ၏။

ကြည့်စမ်း! ဒီကောင့်အပြုံးက သူ့ကိုခနဲ့တဲ့တဲ့ပြုံးပြီး နှုတ်ခမ်းရွဲ့သလိုမျိုး ပြုံးပြနေတာကိုး။

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘယ်လိုလဲ သား"

"ဘာကိုပြောတာလဲ ဖေဖေ"

"ကိုမြတ်ဆွေရဲ့သမီးလေးကိုပြောတာလေ"

"ဩော်, ဒါလား။ ရန့်က ပွင့်လင်းပါတယ်ဖေဖေရဲ့။ ဖော်ရွေမှုလည်းရှိတယ်။ အလုပ်လုပ်ရင်လည်း တိကျပြတ်သား တယ်"

ကော်ဖီငုံ့သောက်ရင်း ပြောနေမိတာမို့ သူမော့မကြည့် မိပါလေ။ ဘာစကားမှ ထပ်မလာတာမို့ ဖေဖေ့ထံအကြည့်က ရောက်သွားစဉ် သူကော်ဖီသီးရတော့သည်။ အားလုံးအကြည့်က



www.burmeseclassic.com

www.burmeseclassic.com

အပြုံးတို့နှင့်အတူ သူ့ထံစူးစိုက်ရောက်နေတာကိုး။

"အဟွတ်! အဟွတ်! ဘာလဲ ဖေဖေရ"

"ဘာကိုမေးတာလဲ"

"ဖေဖေပြုံးတာကို ပြောတာလေ"

"ပြုံးတော့ ဘာဖြစ်လဲ"

"ဖေဖေပြုံးတာက တစ်မျိုးအဓိပ္ပာယ်ရှိနေသလိုကြီး"

"ဩော်, ပြုံးတာကိုပဲ အဓိပ္ပာယ်ဖော်ရဦးမယ်လို့"

"မေမေ့အပြုံးလည်း ဒီလိုပဲ"

"အမယ်လေးဟယ်, နေရင်းထိုင်ရင်း ကျုပ်ကိုပါ အမှုတွဲထဲ ဆွဲထည့်နေပြန်ပါပြီ"

"အဲဒါ အိုးမလုံလို့ အုံပွင့်တာလို့ခေါ်တယ် ကိုကိုရဲ့"

တောက်! ပါလာပြန်ပြီ။ မိဘတွေနဲ့ ဒီရက်ပိုင်းကလေးအတွင်းမှာပဲ ရင်းနှီးခွင့်ရတာလေ။ ဒီကောင် သူ့ကိုရောချင်တာကို သိပေမယ့် တမင်မသိချင်ယောင်ဆောင်နေတာပါ။

"ကလေးက ကလေးလိုနေ၊ နေရာတကာ ဝင်မပါချင်နဲ့"

"ကျွန်တော်က အကောင်းပြောတာပါ ကိုကိုရ"

"မလိုဘူး၊ အကောင်းရောအဆိုးရော ဘာမှမပြောနဲ့"





"ဖေဖေတို့က သားများ ရန်ကိုသဘောကျနေပြီလားလို့ ထင်နေကြတာပါ သားကြီးရဲ့"

ဖေဖေ ကြားဝင်ထိန်းပေးလိုက်မှန်း သူသိပါ၏။ သဘောကျနေပြီလားဟူသည့်စကားကြောင့် သူ့မျက်နှာအပ်တမ်းတမ်းဖြစ်သွားရပါသည်။ ဘာအဓိပ္ပာယ်ကြီးပါလိမ့်။ သူ့စကားတွေထဲမှာ ရန့်အပေါ် မရိုးမသားစိတ်မျိုးမရှိပါဘဲ အဘယ့်ကြောင့် ဤသို့ထင်ရတာပါလိမ့်။

"ဟိုကကြားလို့ ဒေါသူပုန်ထနေပါဦးမယ် ဖေဖေရယ်"

"ဘာလို့လဲ"

"သူ့အဆက်ကြီး သိသွားမှာစိုးလို့လေ"

"သူ့အဆက်"

"အင်း"

"ဟုတ်လို့လား သားရဲ့၊ ကိုမြတ်ဆွေပြောတော့ သူ့သမီးမှာ ရည်ရွယ်သူမရှိသေးဘူးဆို"

"ဒါက လူငယ်တွေရဲ့စိတ်ထဲမှာပဲ ရှိတတ်တာမျိုးပါ ဖေဖေ၊ နေရာတကာဖွင့်ပြောလို့မကောင်းတာမျိုးလည်း ရှိတာပဲ"

"သားပြောနေပုံက သမီးရဲ့ကောင်လေးကိုပဲ မြင်ဖူးသလိုလို အပိုင်ကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးလိုက်မိပါ၏။ 'ရဲသီဟ'တဲ့။ သူ့ထက်ပိုချော ပိုချမ်းသာသည့် လူငယ်တစ်ယောက်ပါလေ။ ဒီလိုလူနဲ့ သူက ဘာမှမဆိုင်သလို ရန့်လိုမိန်းကလေးက သူ့လိုလူကို ရွေးမှာတဲ့လား။ ဟိုကောင်လေးထံမှာ သူနဲ့ယှဉ်လိုက်ရင် ဘာမှန်းမသိတဲ့အရောင်တွေ ဖြာထွက်နေသလိုမျိုး ရှိနေသလို သူခံစားနေမိတာပါလေ။

"လုပ်ဖော်ကိုင်ဖက် ဖြစ်နေပြီပဲ မေမေရယ်။ သူ့ကိုလာတွေ့တာမျိုး၊ Phone တဂွမ်ဂွမ်ဆက်နေတာမျိုး၊ တစ်ကြိမ်မဟုတ်တစ်ကြိမ် တိုးနေရတာပဲဟာ။ ကျွန်တော် အလုပ်သွားဖို့ပြင်တော့မယ်"

"ဟာ! ကိုကြီးပြီးသွားပြီလား။ ဒီမှာ မာမီ ပူတင်းဖုတ်ပြီး လာပို့တာ စားပါဦး"

သူ မတ်တပ်ရပ်လိုက်ပြီး ခုံရွှေ့လိုက်စဉ် ရောက်လာသည့်ကောင်မလေးကြောင့် စိတ်ရှုပ်ရပြန်ပါ၏။ စောစောစီးစီး ပြဿနာလာရှုပ်ပြန်ပြီလေ။

"ငါ အချိုမကြိုက်ဘူး"

"ကိုကြီးကလည်း သဲ စေတနာနဲ့လုပ်လာပြီး ကျွေးတာကို၊ တစ်ဖွန်းလေးပဲဖြစ်ဖြစ် စားပါကွာ"

"ကျစ်! မကြိုက်ပါဘူးဆိုနေမှ ဘယ်လိုဖြစ်နေလဲ"





သူမျက်နှာတည်ပြီး လေသံမာမာဖြင့် ပြောပေမယ့် သူမက သူ့လက်မောင်းကို ဖျတ်ခနဲကိုင်လိုက်လေ၏။ ပြဿနာပဲ၊ အလုပ်သွားတော့ပါမယ်ဆိုနေမှပဲ။

"တစ်ဖွန်းပဲလေ ကိုကြီး. . . နော်၊ သဲ ခွံ့ကျွေးမယ်လေ"

"ကျွတ်! ငါမစားချင်ဘူးလို့ ဘယ်နှခါပြောရမလဲ"

"စားလိုက်ပါ၊ သားကြီးရယ်၊ ကလေး ကျေနပ်အောင်"

"ကိုကိုမစားရင် ငါစားမယ်ဟေ့, သဲရေ့၊ ဒီလောက်တောင် ခွံ့ကျွေးချင်နေတာ,ကျွေးစမ်း"

ညီညီက ခုံရွှေ့ပြီး မတ်တပ်ရပ်လိုက်လေ၏။ ကြည့်စမ်း! ချာတိတ်မလေးက သူ့ကိုစေတနာဖြင့် ကျွေးချင်တာကို ဒီကောင်က ကြားဖြတ်ပြန်ပြီလေ၊ သူနဲ့ပတ်သက်လာတိုင်း ဒီလိုကဖျက်ယဖျက်အလုပ်ပဲ ဒီကောင်လုပ်နေဦးမှာပဲလား။

"အာ. . . ကိုကို့ကို ခွံ့ချင်တာမှမဟုတ်တဲ့ဟာ၊ သဲက ကိုကြီးကိုခွံ့ချင်လို့ပါဆို"

"ဟ! သူမှမစားချင်တာလေကွာ"

"ကဲပါ. . . သားကြီးရယ်၊ ညီမလေးစေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ တစ်ဖွန်းလောက်ပဲ စားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကဲ! ဖေဖေက လမ်းဖွင့်ပေးနေလေပြီ။ ဒါကိုမှ သူက မလျှောက်တတ်ရင် ညံ့ရာကျတော့မှာပေါ့။ ကောင်းပြီ ညီညီဦး ရေ့၊ မင်းထက် ထမင်းအရင်စားခွင့်ရခဲ့တဲ့ငါလိုလူက မင်းထက် အစစအရာရာ အမြဲခြေတစ်လှမ်း သာနေစေရမှာအမှန်ပါပဲ။

"ကဲကဲ! ခွဲ့ကွာ. . . ခွဲ့"

သူခေါင်းငုံ့လျက် ပါးစပ်ဟလိုက်တော့ ချာတိတ်မ၏ မျက်နှာက မှို့ရသလို ဝင်းပသွားလေ၏။ ပြီးနောက် ပူတင်းကို ဖွန်းဖြင့်ဖဲ့ကာ သူ့ကိုဂရုတစိုက် ခွံ့ကျွေးလေသည်။ ညီညီ့မျက်နှာ အနည်းငယ်တည်သွားပါ၏။ သူ ဤသို့စားလိမ့်မည်ဟု ထင်မထား တာကြောင့် ဖြစ်ဟန်တူပါသည်။ ဒါတော့ ငါလည်းမတတ်နိုင် ဘူး ညီညီ။

"ကျေနပ်ပြီလား"

"ကျေနပ်ပြီ"

"ကျွန်တော်သွားပြီ ဖေဖေ"

"တီ! တီ! "

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် သူ တွန့်ခနဲဖြစ်သွား ပါ၏။ ဒီဟွန်းသံကို သူ ကောင်းကောင်းကြီးမှတ်မိနေတာပါလေ ရန့်ကတော့ ဘာစိတ်ကူးပေါက်ပြီး ရောက်လာပြန်ရတာပါလိမ့်





"ဘယ်သူလဲ သား"

"ရန့်ကားသံ ထင်တာပဲ"

ကောင်မလေးခေါင်းက ဆတ်ခနဲလှည့်လာလေ၏။ သူ ထွက်လာသည့်နောက်မှာ ကပ်လိုက်လာသည့်ချာတိတ်မကြောင့် သူ စိတ်တိုလာပါ၏။ ဘယ့်နှယ်! အလုပ်သွားမယ့်သူနောက်ကို လိုက်လာတာပါလိမ့်။

"သွားစို့လေ ခစ်ကို၊ ကားယူတော့မှာလား"

"မယူသေးပါဘူး"

"ရန့်ကားကို မောင်းကြည့်လိုက်လေ၊ လာ"

ရန့် ကားပေါ်မှဆင်းပြီး သူ့ကိုနေရာဖယ်ပေးလိုက်စဉ် ချာတိတ်မက သူ့လက်မောင်းကို ဖျတ်ခနဲဆွဲလိုက်လေ၏။

"ဟာ! အလုပ်သွားတော့မယ်ဆိုမှ ဒါ ဘာလုပ်တာလဲ၊ ဖယ်"

"သူက ဘယ်သူလဲ ကိုကြီးရဲ့"

"ဘယ်သူဖြစ်ဖြစ် မင်းအပူလား"

"သိချင်လို့မေးနေတာ ပြောပြမှပေါ့ ကိုကြီးရဲ့"

"ကျစ်! စပ်စပ်ယှက်ယှက်ကွာ၊ ဖယ်လို့ဆို"

ရန်းရင်းဆန်ခတ်ဖြစ်နေပုံကြောင့် ရန့် ပြုံးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခြေအနေကိုများ လှောင်ချင်နေပြီလား။ ဒီလိုမိန်းကလေးတွေနဲ့ ရှုန်း၊ရှုန်း၊ရှုန်း၊ရှုန်း၊ဖြစ်နေတာ ဟိန်းဇေယျာဘဝမှာ တစ်ခါမှမရှိတာအမှန်ပါလေ။

"တို့က အစ်ကိုနဲ့အလုပ်အတူတူလုပ်နေတဲ့သူပါ ညီမလေးရဲ့"

"ဒါဆို ရှင်က B.E ဘွဲ့ရလား"

"မဟုတ်ပါဘူး။ တို့က G.T.C ဆင်းပါ"

ချာတိတ်မလေးက နှုတ်ခမ်းကွေးတက်ကာ ပြုံးလိုက်လေ၏။ ကြည့်စမ်း! ရန့်ကိုများ အထင်တသေးနဲ့ မတူမတန်သလို Style မျိုးနဲ့ ဆက်ဆံနေပုံပါလား။

"ဒီဘွဲ့လေးနဲ့များ ကိုကြီးရဲ့တွဲဘက်လို့ ပြောရတယ်လို့"

"သဲသိမ့်သိမ့်သက်"

"ဘာလဲကွာ"

"ရန့်က မင်းထက်ကြီးတဲ့ အစ်မအရွယ်ကွ"

"အိုး! သဲက တစ်ဦးတည်းသောသမီးပါ ကိုကြီးရဲ့။ ဘာအစ်မမှ သဲမှာမရှိဘူး"

"ကျစ်! ကိုယ့်ထက်အကြီးကို လေးစားတတ်ဖို့ ပြောနေတာကွ။ မင်းက အခုမှ နည်းပညာကျောင်းသူအဆင့်ပဲ ရှိသေး





တာ၊ ရန့်က ဘွဲ့ရပြီးသား။ မင်းထက် လုပ်ငန်းကျွမ်းကျင်တဲ့အနေအထားရှိနေတဲ့လူတစ်ယောက်ကို အသက်အရရော ဝါအရပါ တလေးတစားဆက်ဆံပါ"

"ဘာဆိုင်လို့ အဲဒီလိုပြောရမှာလဲ ကိုကြီးရဲ့၊ မလုပ်နိုင်ဘူး"

"ကျစ်! တော်တော်ခက်ပါလား။ မင်းကို ဒီလောက်ခေါင်းမာလိမ့်မယ်လို့ ထင်မထားဘူး"

"နေပါစေ အစ်ကို၊ ကလေးအရွယ်ပဲဟာ"

"ရှင်, သဲကိုကလေးဆိုပြီး မနှိမ်ပါနဲ့၊ မကြိုက်ဘူး"

ကျွတ်! အတော်ပြဿနာရှာတဲ့ ချာတိတ်မပါပဲလား။ ရန့်ကို သူ့အားနာနေမိပေမယ့် ထိုချာတိတ်မကတော့ဖြင့် ရန့်ကို ရှုံ့ရှုံ့ရဲရဲစိုက်ကြည့်နေတာလေ။

"တော်သင့်ပြီ သဲသိမ့်သိမ့်သက်၊ ငါ့ညီသည်ကို မင်းမချေမင်ဆက်ဆံစရာ ဘာမှမရှိဘူး"

"ကိုကြီး"

"သူ့ကိုယ်စား ကိုယ်ပဲတောင်းပန်ပါတယ် ရန့်၊ ကလေးမို့ ဗွေမယူပါနဲ့"

"ရပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနော်၊ ဘာမှတောင်းပန်စရာမလိုဘူး။ သဲပြောတဲ့စကားထဲမှာ ဘာတစ်လုံးမှ တင်တင်စီးစီးမပါသေးဘူး"

"မင်းနဲ့ အလာပ သလာပ ပြောဖို့ ငါတို့မှာ အချိန်မရှိဘူး။ သွားစို့ ရန့်"

"ကိုကြီး"

သူက ရန့်လက်မောင်းကိုကိုင်လျက် ကားပေါ်တက်စေကာ မောင်းသူထိုင်နေရာဘက်ကို သွား၍တက်လိုက်စဉ် ဟိုချာတိတ်မတစ်ယောက် ဒေါပွလျက် ကျန်ရစ်ခဲ့လေ၏။

"ဒီချာတိတ်မလေး လူကြီးတွေ အလိုလိုက်တာနဲ့ ပိုပိုဆိုးလာသလိုပဲ"

ရန့်က သူ့ကိုလှည့်ကြည့်လိုက်ပြီး ပြုံးပြလိုက်ပါ၏။ ဆိုးတယ်ဆိုတာထက် ပိုသာတဲ့ ဝန်တိုမှုတွေကို အစ်ကိုမြင်ပါရဲ့လား။ မိန်းကလေးအချင်းချင်းသာ နားလည်နိုင်တဲ့အခြေအနေမျိုးပါလေ။ အစ်ကို့အပေါ် ပိုသာတဲ့သံယောဇဉ်တွေနဲ့ သဲသိမ့်သိမ့်သက်ဘက်က တစ်ဖက်သတ်ဖြစ်တည်နေတာကို အစ်ကိုမြင်သာအောင် ရန့်ဘယ်လိုပြောရပ့ါမလဲ အစ်ကိုဟိန်းဇေယျာ။

⌘⌘⌘



## အခန်း (၁၂)

"ဘယ်လိုဖြစ်ပြီး တရှုံ့ရှုံ့ငိုနေရတာလဲ"

တစ်နေ့လုံး ထမင်းမစားဘဲ အခန်းထဲအောင်းနေတာတဲ့။ စာမေးပွဲဖြေတုန်းကတော့ ဒီသူမရဲ့ရယ်သံနဲ့ ဆူညံခဲ့ရတဲ့အိမ်က အခုတော့ တိတ်ဆိတ်ငြိမ်သက်နေတာလေ။

"သမီး. . သဲသဲ"

တံခါးကိုအသာခေါက်လျက် ခေါ်ပေမယ့် အထဲက ပြန်ထူးမလာပါလေ။ မနက်အစောကြီးတုန်းကဖြင့် မမကို ပုတင်းဖုတ်ပေးပါဆိုပြီး အတင်းပူဆာသံ ညံခဲ့ပါလျက် အခုညမှာတော့ ဒီလိုဖြစ်နေရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်၊ တီလေး ပြန်ရောက်တာ တံခါးဖွင့်ပါဦး"

တုပ်တုပ်မျှမလှုပ်ပါလေ။ အိမ်ကကောင်မလေးတွေပါ မကာ၊ မအေဖြစ်သူ လာခေါက်တဲ့တံခါးကိုတောင် ဖွင့်မပေးတာ အဒေါ်ဖြစ်သူ သူမ လာခေါက်တာရော ဘာမှမတုံ့ပြန်ဘူးလား။

"သဲ, တီလေးနဲ့စကားပြောရအောင်လေကွယ်"

"ပြောချင်ဘူး"

'ဘူး'နောက်မှာ တုန်နေတဲ့ရှိုက်သံက ဤကလေးမ ငိုနေမှန်းသိနေတာလေ။ ဟိုဘက်အိမ်က ပြန်ရောက်လာကတည်းက တစ်နေ့လုံး အခန်းအောင်းနေသတဲ့လား။

"သဲရယ်, ခဏလေးဖြစ်ဖြစ် တံခါးဖွင့်ပေးပါ။ သမီး နေကောင်းရဲ့လား စမ်းပြီးရင် တီလေး ပြန်ထွက်ပါ့မယ်"

"လူက နေကောင်းတယ် တီလေးရဲ့"

ဟော! လူက နေကောင်းတယ်ဆိုတော့ စိတ်က နေမကောင်းဘူးပေါ့လေ။

ဘယ်လိုလဲ သဲရယ်၊ လူကြီးတွေ စိတ်ပူအောင် မလုပ်ချင်ပါနဲ့လား။ တီလေးလည်း ရင်တွေပူနေပြီလေ။

"စိတ်က မကောင်းဘူးပေါ့၊ ဟုတ်လားသမီး"

"ရင်ထဲမကောင်းတာပါ တီလေးရာ"

ရွှေပဒေသာစာပေ



"တံခါး ခဏလေးဖွင့်ပါလား သမီးရယ်"

ရှုပ်ခနဲခြေသံကြားလိုက်ရတာမို့ ထလာပြီမှန်း သိလိုက်ပါ၏။ သဲက ခပ်ဆိုးဆိုးကလေးလေးမှမဟုတ်တာဘဲ၊ ချော့မေးချော့ပြောရင် အကုန်ဖွင့်ပြောတတ်တဲ့သူပါလေ။

ကလစ်ခနဲ Lock ဖွင့်သံနှင့်အတူ တံခါးဟသွားပါ၏။ မျက်နှာက ငိုထားသဖြင့် မျက်ခွံတွေ မို့အစ်ဖောင်းနေလေသည်။ ရင်ထဲ အတော်လေး ထိထိခိုက်ခိုက်ခံစားနေရတယ်ထင်ပါရဲ့။

"တီလေး ဝင်ခဲ့မယ်နော်"

ခေါင်းကိုအသာညိတ်ပြသဖြင့် အခန်းထဲဝင်လိုက်ပါ၏။ ထက်, အခန်းထဲရောက်စဉ် သဲက အခန်းတံခါးကို Lock ချလိုက်လေ၏။ ဘယ်လိုလဲ၊ မမတို့ကိုမသိစေချင်တာ သေချာပါရောလား။

"ကဲ. . . ပြော"

"ဘာပြောရမှာလဲ"

"ရင်ထဲမကောင်းတဲ့အကြောင်းကို ပြောတာလေ"

"မပြောချင်ပါဘူး"

မျက်နှာက ရှုပုပ်သွားပြန်လေ၏။ အမြဲရယ်ပြုံး ပျော်ရွှင်နေတတ်သည့်ကလေးတစ်ယောက်ကို မျက်ရည်ပေါက်ပေါက်ကျ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အောင် မည်သို့သောအကြောင်းအရာကများ ဖြစ်တည်စေတာပါ လိမ့်။

"မပြောရင် သမီးရင်ထဲ ကျိတ်ခံစားနေရမှာပေါ့ သဲရဲ့။ တီလေးကို အဒေါ်လိုထက် သူငယ်ချင်းလို သမီးသဘောထား တာမဟုတ်လား။ ဒီအဒေါ်ကိုမှမပြောရင် သမီး ဘယ်သူ့ကို ရင် သွားဖွင့်လို့ရပ့ါမလဲ"

မျက်ရည်က ပေါက်ခနဲကျပြန်လေ၏။ အငိုမလွှယ်တတ် တဲ့ကလေးက ရှိုက်တောင်ရှိုက်တတ်နေပြီလေ။

"ဒီနေရာက. . . ဒီနေရာက နာတယ် တီလေးရဲ့။ နာ တယ်"

ရင်ဝကို သုံးလေးချက်ထုပြပြီး ထက်ရင်ခွင်ထဲ တိုးဝင် တာမို့ ခပ်တင်းတင်းလေး ပွေ့ပိုက်လိုက်ရပါ၏။ တကယ်ပဲ ရင် နာနေရှာတာပါလား။ အဲဒီလိုရင်နာရမှာစိုးလို့ ဒီလိုမျိုး အသည်း အက်မှာစိုးရိမ်လို့ ဘယ်သူစိမ်းယောကျ်ားတစ်ယောက်ကိုမှ မချစ် မိခဲ့တာပါ။ အချစ်ဆိုတဲ့အရာကို ထက် လက်မခံဖြစ်ခဲ့တာလေ။

အခုတော့ ထက် မခံစားချင်တဲ့ဝေဒနာဆိုးက ထက်ရဲ့ တူမလေးဖြစ်တဲ့ သဲဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးဝင်လာရ တယ်လို့။ ဘယ်လိုလူကများ သဲရဲ့နှလုံးသားနုနုလေးကို ဆွဲကိုင်





လှုပ်နိုင်စွမ်းရှိခဲ့ပါသလဲကွယ်။

"သဲ"

"သူ့မှာ. . . သူ့မှာ. . . ချစ်သူရှိနေပြီထင်တယ်"

"ဘယ်သူ့ဆီမှာလဲ"

"ကို. . . ကိုကြီး"

အလို! ထင်ထားတဲ့အတိုင်းပါပဲလား။ သူ့ကိုမှ ထက် တူမလေးက စိတ်ဝင်စားနေရတယ်လို့။ သဲရယ်, သက်တူရွယ်တူ မဟုတ်ပါဘဲ ကိုယ့်ထက်အသက်ကြီးတဲ့အရွယ်ကိုမှ ဘာကြောင့် စိတ်ကူးယဉ်ရပါသလဲ။ ရင်မောရပ့ါ။

"ဟုတ်လို့လား သဲရယ်"

"ဟုတ်တယ် တီလေးရဲ့၊ ရန့်တဲ့။ သူ့လေဒီလေးကို နည်းနည်းမှအထိမခံဘူး။ လူရှေ့သူရှေ့ကြီးမှာ အားမနာတမ်း သဲကိုငေါက်လိုက်တာ မပြောပါနဲ့။ ဒီကဖြင့် စေတနာတွေ ရေစီး တမ်းမြှုလိုက်ပြီး မှန်တွေသွားကျွေးတာ၊ လူကိုနှစ်ပြားမတန်အောင် ပြောလိုက်တာ။ အဲဒီမိန်းမရဲ့ရှေ့မှာ အအော်ခံရတာ အနာဆုံးပဲ သိလား"

ရှိုက်ပြန်ချေပြီ။ 'ရန့်'တဲ့လား။ နာမည်လေးကိုက ဆွဲ ဆောင်မှုရှိနေမှတော့ လူလည်း အတော်ကိုလှမှာအမှန်ပါပဲ။ သူ


www.burmeseclassic.com

www.burmeseclassic.com



လိုလူက ဘယ်လိုမျက်စိနဲ့ မည်ခဲ့သိုသောမိန်းကလေးကို ရွေးချယ်လိုက်တာပါလိမ့်နော်။

"သေချာလို့လား"

"သေချာတယ်၊ အဲဒါကြောင့် သဲကိုအပြောမခံတာပေါ့ တီလေးရဲ့။ ခါတိုင်းလည်း သူ့လက်ကို သဲချိတ်တာပဲဟာ။ အဲဒီမိန်းမရှေ့ကျ သဲလက်ကိုဖြုတ်ချတယ်လေ။ ပြီးတော့ အဲဒီမိန်းမလက်မောင်းကိုတောင် ကိုင်ပြလိုက်သေးတာ တီလေးရဲ့။ သိပ်မုန်းဖို့ကောင်းတာပဲ"

"သူ့ကိုလား"

"သူ့ကိုမဟုတ်ပါဘူး။ ဟိုမိန်းမကိုပြောတာ"

"ကျွတ်! သမီးကလည်း အဲဒီမိန်းမဆိုပြီးမပြောနဲ့လေ၊ ရိုင်းရာကျမှာပေါ့"

"မသိဘူး, ပြောမှာပဲ၊ ပုံစံကိုက ကလန်ကလားနဲ့။ ပိန်ညှောင်ညှောင် မဲကျုတ်ကျုတ်ရုပ်ကို ဘယ်လိုကြည့်ပြီး မျက်စိကျတယ်မသိဘူး။ ဆံပင်တိုတိုညှပ်ထားတာကိုက တကယ့်ကို အချော်တကောက်ရုပ်"

"ဘာလဲဟဲ့, အချော်တကောက်"

"အခြောက်ကိုပြောတာလေ တီလေးရဲ့၊ ဒါလေးတောင်





မသိဘူးလား"

စိတ်မကောင်းဖြစ်နေသည့်ကြားမှ ကျိတ်ပြုံးမိလေ၏။ မုန်းတယ်ဆိုမှတော့ သဲမျက်စိရှေ့မှာ ဒီကောင်မလေးက လှတတာဘယ်ဖြစ်တော့မှာလဲ။ သူကိုယ်တိုင် ညိုသူမို့ ညိုညက်ညက်အသားအရေမျိုးနဲ့ကောင်မလေးကိုပဲ ရွေးတာထင်ပါရဲ့။

"သဲ ကြည့်မရပေမယ့် သူကချစ်လို့ရွေးခဲ့တာလေကွယ်၊ မုဒိတာပွားမှပေါ့"

"အို! ဘာကိစ္စ မုဒိတာပွားပေးရမှာလဲ၊ မပွားနိုင်ပေါင်။ အမြင်ကပ်ပါတယ်ဆိုနေမှ ဘာကိုကြည့်ပြီးကြိုက်လဲဆိုတာ မသိတော့ပါဘူး။ မျက်နှာက သဲလို ပြည့်ဖောင်းဖောင်းလေးလည်း မဟုတ်။ Body structure ကလည်း ထန်းပင်ကို အဝတ်ပတ်ထားသလို ရှည်မြော့င့်မြော့င့်ရယ်။ သဲကိုကြည့်ပါလား, ဒီလောက်လှတဲ့ခန္ဓာကိုယ်၊ သူငယ်ချင်းတွေက နင့်ပေါင်တံက International Model တွေလိုပဲ စင်းနေအောင် လှတယ်ဆိုလို့ Shot pants တွေ ထည်လဲဝတ်တာလည်း အလကားပဲ"

မျက်ရည်တို့က ဘယ်ပျောက်သွားချေပြီမသိ။ ကိုယ်ခန္ဓာကို တစ်ပတ်လှည့်ပြကာ စဉ်ဆက်မပြတ်ပြောနေသည်က နှိုင်းချိုင်စကားတွေချည်းသာ။ ဟုတ်ပါတယ်၊ ထက်တူမမို့ အပိုပြော



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ပါလေ။ သဲက တကယ့်ကို ဖူးဖူးရွရွလေး ငယ်နုလှပနေတဲ့ အရွယ်ကောင်းလေးပါပဲ။

"ဒီခါးလေး တစ်ထွာဖြစ်ဖို့ ဒီရင်လေး ချီနိုင်ဖို့ ဒီတင်လေး ကားစွင့်နိုင်ဖို့ နေ့စဉ် Body Beauty ကစားထားသမျှ ဘာလုပ်ရတော့မှာလဲ"

"ဩော်, သမီးရယ်၊ သူတစ်ယောက်တည်း ယောကျ်ားဖြစ်တာမှမဟုတ်တာဘဲ"

"အဲဒီလိုမပြောပါနဲ့ တီလေးရဲ့၊ သဲဘော်ဒါတွေထဲမှာလည်း ယောကျ်ားပီသတဲ့ကောင်တွေ တစ်ပုံကြီးပါ။ ဒါပေမဲ့ မတူဘူး။ တူကိုမတူတာ"

`ဟုတ်တယ်၊ ဒါကို ထက်လည်း ဝန်ခံချင်ပါတယ်လေ။ ထက်တွေ့ဖူးသမျှ အမျိုးသားတွေထဲမှာလည်း သူနဲ့တူတဲ့သူရယ်လို့ ရှိမှမရှိတာကိုး။ ထက်ကိုမြင်ရင် ရောချင်တာ၊ ဖော်ရွေချင်တာတွေများပြီး စကားတွေ ဖောင်ဖွဲ့ပြောလေ့ရှိကြသလောက် သူက မျက်နှာထားမာပြီး အနေတည်တာကို လက်တွေ့မြင်နေရတာမဟုတ်ပါလား။

"စတွေ့တုန်းကတော့ အမြင်ကပ်တယ်ဆို"

"အင်း, ဟုတ်တယ်၊ အဲဒီတုန်းကတော့ သဲကို သူက အဖက်မတန်သလိုမျိုး ဆက်ဆံခဲ့တာကိုးလို့"

အခုရော ဘာများထူးလို့လဲ၊ သဲအပေါ် ကြင်ကြင်နာနာ ပြောဆိုတာများ ရှိလို့လား။ ဒါကို ဒီကလေးမ ဂရုမထားမိသလိုပါပဲလေ။

"ညီညီကိုလည်း မေးကြည့်ပါဦး သဲရယ်။ သူနဲ့ အဲဒီ ဘယ်သူ",

"ရန်လေ, ရန်၊ ဒီမိန်းမနာမည် မပြောချင်ပါဘူးဆိုနေမှပဲ"

"အေး,. အဲဒီရန်နဲ့ တကယ်တွဲနေတာမှဟုတ်ရဲ့လား။ သေချာရဲ့လားလို့"

"အဲဒီမိန်းမကတော့ အလုပ်အတူတူတွဲလုပ်နေတာလို့ ပြောတာပဲလေ။ ကျစ်! အောက်လိုက်တာကွာ၊ အဲဒီ G.T.I ဘွဲ့ ပါမွှားလေးကို ဘာမက်စရာများရှိလို့လဲ။ ရှာချင်းရှာ ဘွဲ့တူဖြပ်တူ ရှာပါလားလို့"

"သဲလည်း အခုမှကျောင်းသူပဲ ရှိသေးတာလေကွယ်"

"အို! အချိန်တန်ရင် B.E တွေ M.E တွေ ရမှာပေါ့ တီလေးရဲ့၊ မဟုတ်ဘူးလား။ သူ့မှာသာ ဦးနှောက်ရှိရင် ဒီလိုတွေးမှာပေါ့။ အလကားလူကြီး၊ ဦးနှောက်မရှိတဲ့လူကြီး"





www.burmeseclassic.com

www.burmeseclassic.com

ပြုံးမိပြန်၏။ ကလေးတွေစိတ်ကို လိုက်မမီပါလားနော်။ အခုပဲ ငို၊ အခုပဲ စကားတွေပြော၊ ဟော! အခုလေးတင် သူ့ကို အမြင်ကပ်ပြီး ပြောနေပြန်တာလေ။ အချစ်ဆိုတာ ဘယ်လိုမျိုးလဲကွယ်။

"သူက ဦးနှောက်နဲ့မရွေးဘဲ နှလုံးသားနဲ့ရွေးတာပဲဖြစ်မှာပေါ့ သမီးရဲ့"

"နှလုံးသားနဲ့ရွေးတာ? မဖြစ်နိုင်ပါဘူး။ အဲဒီမိန်းမအပေါ် နှစ်လိုစွဲမက်တဲ့အကြည့်မျိုးနဲ့ကိုကြီးမှ မကြည့်တဲ့ဟာ"

"အဲဒါဆို သူတို့ချစ်သူမဟုတ်ကြသေးလို့ပေါ့ သဲရဲ့"

"ဟင်း. . . ရင်ကြီးရယ်, မောပါ့။ မသိတော့ဘူး တီလေးရယ်၊ သဲခေါင်းထဲမှာ ကိုကြီးအပေါ်ချစ်တာတစ်ခုတည်းပဲ ရှိတော့တယ်"

ဖက်လုံးကို တင်းကျပ်စွာ ဖက်လိုက်ပြီး အိပ်ရာထက် ပစ်လှဲချလျက် မျက်စိစုံမှိတ်ထားသည့်တူမတော်ကို ထက် ဒေး သာကြည့်နေမိတော့၏။

ကြွေးကြော်ချေပြီကော၊ သဲသိမ့်သိမ့်သက်က ဟိန်းဇေယျာကို ချစ်နေပြီတဲ့လေ။

⌘⌘⌘



အခန်း (၁၃)

ကားအနီရဲရဲလေးကို စက်စမ်းရင်း သူနှာခေါင်းရှုံ့လိုက်မိလေ၏။ မျက်စိထဲ စူးလိုက်တာနော်။ သူက အရောင်ဆို ခပ်မှိုင်းမှိုင်း ခပ်ဖျော့ဖျော့မျိုးကိုသာ သဘောကျတာလေ။ ခပ်မှိုင်းမှိုင်းဆိုလို့ ရန်နေစဉ်ရွေးဝတ်သမျှ Colour တိုင်းဟာ သူ့မျက်စိထဲ ကျိန်းတယ်ရယ်လို့ တစ်ကြိမ်မှမရှိတာကိုး။

"ကိုကိုကားစမ်းရင် ကျွန်တော့်ကိုလိုက်ပို့"

"ဘယ်ပို့ရမှာလဲ"

"ဟာ! သင်တန်းပေါ့"

"မင်းသင်တန်းကို ငါမှမသိတာ၊ ကိုယ့်ဟာကိုယ်သွား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်းဗျာ"

"မင်းမှာလည်း ကားရှိတဲ့ဟာပဲ၊ မောင်းသွားပေါ့"

"ကျွန်တော့်ကားက Date out နေပြီဗျ။ ကိုကို့ကားက အမိုက်စားလေး"

ကြည့်စမ်း! သူ့ထက်အရင် ကားစီးခွင့်ရပါလျက် အခု သူ့အတွက် ဖေဖေဝယ်ပေးထားတဲ့ကားကိုမှ လုချင်နေသတဲ့။ အဲဒါပဲ၊ အငယ်ဆိုတာ အကြီးတွေကိုဗိုလ်ကျဖို့ လူဖြစ်လာတယ်ဆိုတာ မှန်နေတာလေ။

"ကိုကိုမမောင်းချင်ရင် ကျွန်တော်မောင်းမယ်လေ၊ သော့ပေး"

"ဘာကိစ္စပေးရမှာတုန်း၊ ဒါ မင်းကားမှမဟုတ်တာ"

"ကိုကိုကလည်းဗျာ၊ တစ်ခါလေးပဲ စမ်းမောင်းကြည့်မလို့ပါ။ ကပ်စေးကလည်း နည်းပါ့"

တောက်!. . . ဒင်းတော့ မလွယ်ပါဘူး၊ သက်မဲ့ကားကိုတောင် အသစ်မြင်တာနဲ့ အဟောင်းကိုပစ်ချင်နေတာလေ။ လူဆိုရင်ကော ရည်းစားတစ်ယောက်ပြီးတစ်ယောက် ထားရင်တော့ အခက်ပါပဲ။

"ညီအစ်ကိုတွေ ဘာဖြစ်နေကြပြန်ပြီလဲ"





"ဒီမှာမေမေရာ၊ သားက ကိုကို့ကားကို ဒီတစ်ရက်လေးပဲ အစမ်းမောင်းကြည့်မလို့ဆိုတာ ပေးမမောင်းဘူး"

"ဟော့ကောင်! မင်း မေမေ့ကိုမချွန်နဲ့ကွ။ ငါ့ကို ဖေဖေ ကားဝယ်ပေးတာ မင်းမကျေနပ်ရင် ပွင့်ပွင့်လင်းလင်းပြော၊ ရတယ်။ ဖေဖေမဝယ်ပေးလည်း ငါ့ပိုက်ဆံနဲ့ငါ ဝယ်စီးနိုင်တယ်ကွ"

"ဟယ်! သားရယ်၊ ပြောနေလိုက်တာ ရန်သူကြီးကျနေတာပဲ။ ညီလေးက သားကိုစနေတာပါ၊ တကယ်ပြောနေတာမှ မဟုတ်တာ။ သားလေးကလည်း ကိုကိုမကြိုက်တာ မလုပ်ရဘူးလေ"

"ဒါလေးပဲ ပြောမိတာပါဗျာ"

မေမေ ကြားဝင်ရှင်းပေးတာမို့ သူ့ကားအနီးမှ ညီညီ နောက်ဆုတ်သွားတော့၏။ ချော်လဲရောထိုင်ဆိုတာ ဒါမျိုးပဲဖြစ်မယ်ထင်ပါရဲ့။ တကယ်မောင်းချင်လို့ သူ့ဆီက သော့တောင်းနေတာမှန်း မျက်လုံးကိုစိုက်ကြည့်ရုံနဲ့ သိနိုင်တာလေ။

"တောက်!"

သူ တက်ခေါက်ကာ ကားစက်နှိုး၍ မောင်းထွက်ခဲ့ပါ၏။ ဒေါသကြောင့် ခြံဝရောက်စဉ် ကားရှိန်လျှော့ဖို့မေ့ပြီး ကားကို



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းပင်ကွေ့ကာ လမ်းပေါ်တက်လိုက်စဉ် လူရိပ်တစ်ခုကို မည်းခနဲတွေ့လိုက်ရသဖြင့် အလန့်တကြား ဘရိတ်ဖမ်းအုပ်လိုက်ရလေသည်။

"ဟာ!"

"အမယ်လေး!"

တိုက်မိသွားတာလား၊ ပွတ်မိသွားတာလား သေချာမသိပေမယ့် ပုံခနဲလဲသွားသည့်လူ၏ အာမေဋိတ်သံက အမျိုးသမီးတစ်ဦးဖြစ်မှန်း သူသိလိုက်ပါသည်။ ကားတံခါးကိုအမြန်ဖွင့်ပြီး ဆင်းကာ လမ်းဘေးမှာလဲကျသွားသည့် အမျိုးသမီးကို သူအမြန်ပွေ့လိုက်ပါ၏။

ဆံပင်ရှည်တွေကို ဖယ်ရှားလိုက်စဉ် မြင်လိုက်ရသည့် မျက်နှာကြောင့် သူ ထူပူသွားမိတော့၏။ ဒုက္ခပါပဲ၊ ဒေါက်တာ့ကိုမှ သူ ကားတိုက်မိရတယ်လို့။

"ဒီမှာ ဒေါက်တာ. . . ဒေါက်တာ. . . သတိထားပါဦး ဒေါက်တာ"

မေးစေ့လုံးလုံးလေးကိုကိုင်၍ သူခေါ်ပေမယ့် မထူးပါလေ။ ကော့ရွန်းလှပလွန်းသည့်မျက်တောင်ရှည်တို့က ပွင့်မှမပွင့်တာကို။





"ဒေါက်တာ"

"အင်း"

နှုတ်ခမ်းထက်မှ ခပ်သဲ့သဲ့ညည်းသံကြောင့် သူအားတက်သွားမိပါ၏။ တော်ပါသေးရဲ့၊ သတိပြန်လည်လာပေလို့ပဲ။

"သတိရလာပြီလား၊ ဘာဖြစ်သွားသေးလဲ၊ ဘယ်နာသွားသေးလဲဟင်"

"ကိုဇေယျာ"

"ဟုတ်ပါတယ် ကျွန်တော်ပါ၊ ကျွန်တော့်ကားနဲ့ ဒေါက်တာ့ကိုများ"

"ဟင့်အင်း၊ မတိုက်မိပါဘူး၊ ရုတ်တရက် ဖြုန်းခနဲမြင်လိုက်ရလို့ လန့်ပြီး ခြေခေါက်လဲသွားတာပါ။ ကျွတ်! ကျွတ်!"

ခြေမျက်စိနေရာကိုကိုင်၍ ညည်းလိုက်တာမို့ သူအားနာသွားရပါ၏။ သေစမ်း! ဟိန်းဇေယျာ၊ အမျိုးသမီးတွေနဲ့မပတ်သက်ချင်ပါဘူးဆိုမှ ခုတော့ မိန်းကလေးသုံးယောက်က သူ့ဝန်းကျင်မှာ မကြာခဏပေါ်လာတတ်တာလေ။

"ထလို့ရလား၊ စမ်းကြည့်ပါဒေါက်တာ၊ မရရင် ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"မဟုတ်တာ ကိုဇေယျာရယ်၊ သွားစရာရှိတာ သွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ထက်က ရပါတယ်''

''သွားစရာရှိလို့ ထွက်လာတာမဟုတ်ပါဘူး ဒေါက်တာရဲ့။ ကျွန်တော် ကားစမ်းမောင်းကြည့်တာပါ။ ညီညီ့ကိုဒေါသဖြစ်ပြီး ထွက်လာရင်း အခုလိုဖြစ်ကုန်တာပဲ။ ဒေါက်တာ့ကားရော''

''Workshop ပို့ခဲ့တယ် ကိုဖေယျာ၊ စက်နည်းနည်း ဖောက်နေလို့လေ။ Night duty ထွက်ပြီးပြန်လာတာ၊ လမ်းထိပ်မှာပဲ Taxi ကိုရပ်ခိုင်းလိုက်လို့''

''အားနာလိုက်တာဗျာ''

''ရပါတယ်ရှင်၊ အိမ်နီးချင်းတွေပဲဟာ''

''ထကြည့်ပါဦး''

ထရပ်ခိုင်းနေပြီမို့ သူ့ပခုံးကိုပင် အားယူ၍ ကြိုးစားရပ်လိုက်ပါ၏။ ခြေထောက်က မျက်ခနဲနာပြန်တာမို့ ယိုင်သွားစဉ် သူက ထက်၏ခါးသိမ်သိမ်လေးကို ဖမ်းထိန်းလိုက်လေသည်။ အကျိုးတော့နည်းကုန်တော့မှာပဲ၊ ဒီမနက်မှ ဒီလူ၏အပွေ့အဖက်တွေ တစ်သီကြီးခံရတော့တာလေ။

''ကျွန်တော်ပဲ ပို့ပေးပါ့မယ် ဒေါက်တာ''

''အို!''

သူက ပြောလည်းပြော၊ ထက်ကိုလည်း ပွေ့ချီလိုက်





လေ၏။ မြန်လိုက်သည်ဖြစ်ခြင်း။ ထက်ကဲ ကားနဲ့ပဲ အိမ်ကိုပြန်ပို့မယ်ထင်ထားတာ၊ ခုတော့ သူက ထက်ကိုပွေ့ချီလျက် ခြံထဲသို့ ဝင်လာတာလေ။

ရင်ထဲမှာ ခြောင်းဆန်အောင် လှုပ်ရှားနေတာရော၊ ဤသို့ သူစိမ်းတစ်ဦးနှင့် ပွေ့ပွေ့ပိုက်ပိုက်မျိုး တစ်ခါမှမရှိဖူးတာရော ကြောင့်ပါ ထူပူပြီး မျက်နှာတစ်ခုလုံး ရဲရဲနီရချေပြီ။ ရင်တွေကတအားခုန်လိုက်တာနော်၊ သူကဖြင့် ဘာမှမဖြစ်သည့်နှယ် ထက်ကို တစ်ချက်မှငုံ့မကြည့်ဘဲ လမ်းဆက်လျှောက်နေတာလေ။

''ဟဲ့! ဘယ်လိုဖြစ်လာကြတာလဲ''

''ကျွန်တော့်ကားနဲ့ တိုက်မိမလိုဖြစ်သွားတာပါ အန်တီ''

''ဖြစ်ရလေ, ထက်ရဲ့ကားကရော''

''လမ်းလျှောက်ပြန်လာရင်း ဖြစ်တာပါ မမ၊ ကားကို Workshop အပ်ခဲ့တယ်''

''မသေကောင်းမပျောက်ကောင်းကွယ်၊ နင့်အစ်ကိုသိရင် ဒေါပွတော့မှာပဲ။ ဘာဖြစ်သွားသေးလဲ''

ဆက်တီပေါ် တင်ပေးလိုက်ပြီး သူ မတ်တတ်ရပ်လိုက်လေ၏။ အားနာမျက်နှာပူနေရပေမယ့် မမနဲ့သူ့ကို မိတ်ဆက်ပေးဖို့တော့ လုပ်ရဦးမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်ပဲ နည်းနည်းမျက်သွားတာပါ မမရဲ့။ တွေ့တွေ့ထူးထူးမဖြစ်ပါဘူး။ ဆေးလူးပြီး ပတ်တီးစည်းလိုက်ရင် ပျောက်သွားမှာပါ"

"ဆေးခန်းသွားပြမလားဟင်"

ထက် ပြုံးလိုက်မိပါ၏။ ဆရာဝန် ဆေးခန်းသွားပြရတာလောက် ရယ်စရာကောင်းတာ ဘာရှိတော့မှာလဲ။

"မလိုပါဘူးရှင်၊ နှစ်ရက်လောက် သတိထားနေရင် ပျောက်သွားမှာပါ"

"အားနာလိုက်တာဗျာ။ ကျွန်တော့်ကြောင့် ဒေါက်တာ အလုပ်ပျက်ရပြီ"

"နောက်နှစ်ရက်က ထက်ရဲ့ OFF ပါရှင်။ တကူးတက အလုပ်မပျက်ပါဘူး"

"တော်သေးတာပေါ့"

"ညီညီ့ရဲ့အစ်ကို ဟိန်းဇေယျာပါ မမ"

"ဪ, ဟိုဘက်ခြံက ကောင်လေးလား"

မမ တအံ့တသြဖြစ်သွားပါ၏။ ဒီအိမ်မှာ ဒီနာမည် အခုတလော ရေပန်းစားနေတာကို။ ကောင်လေးဟု တရင်းတနှီးခေါ်လိုက်၍ထင့်၊ သူ့မျက်နှာ တစ်မျိုးလေးဖြစ်သွားလေသည်။

ရွှေပဒေသာစာပေ



"ထိုင်ဦးလေ မောင်ဇေယျာ၊ ရောက်တုန်း စကားလေး ဘာလေး ပြောရတာပေါ့"

သူ အားနာနာဖြင့် ခုံမှာထိုင်လိုက်လေ၏။ ကဲ! အိမ်ထဲက အိမ်ပြင်မထွက်တတ်တဲ့လူတော့ အခု ထက်တို့အိမ်ကို ဝင်လည်သလိုဖြစ်နေပြီလေ။

"အစ်နီးရေ- တစ်ခုခုဖျော်ခဲ့ပါကွယ်"

"နေပါစေ အန်တီ"

သူက ထက် 'မမ'ခေါ်သည့်အတွက် မမကို အန်တီခေါ်ရတာပင် ရှက်ကိုးရှက်ကန်းဖြစ်နေပါ၏။ ထက်က ကိုကိုနှင့်တော်စပ်၍သာ မမဟုခေါ်ရသော်ငြား အသက်က အများကြီးကွာနေတာပါလေ။

ဖျော်ပြီးယူလာသည်က နွားနို့ဖြစ်နေသဖြင့် သူပြုံးမိသွားရပါ၏။ လူကို ကလေးပဲထင်နေ၍များလား။

"အလုပ်အကိုင်အဆင်ပြေရဲ့လား မောင်ဇေယျာ"

"ဟုတ်ကဲ့"

"အကူအညီလိုအပ်ရင်လည်း အန်တီတို့ကို အားမနာနဲ့ ပြောပါ။ ထက်ရဲ့ကိုကိုက အဆက်အသွယ်ကောင်းတယ်လေ"

"ဟုတ်ကဲ့ပါ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com


"သုံးဆောင်ပါ ကိုဖေယျာ၊ အစန်းရေ့ ထက်ကို ဆေးသေတ္တာလေး ယူလာပေးပါ"

"ဟုတ်ကဲ့ပါ မမ"

"အိမ်မှာ သမီးကတော့ အားလုံးအလိုလိုက်ထားလို့ တော်တော်ဆိုးတယ်။ မောင်ဖေယျာတို့ညီအစ်ကိုလည်း သိကြမှာပါ"

"အခုပဲ ညီညီ့ကိုဒေါသဖြစ်ပြီး ကားမောင်းထွက်လာတာတဲ့ မမရဲ့။ သူ့ညီအကြောင်း မစလေနဲ့"

"ဒေါက်တာကလည်း"

"အေးပေါ့၊ နှစ်ပေါင်းကြာရှည်ခွဲနေရတာဆိုတော့ ညီလေးနဲ့စိမ်းနေမှာပေါ့။ အန်တီတို့နားလည်ပါတယ်။ အန်တီတို့ကိုလည်း ဦးလေးတွေ အဒေါ်တွေလိုသဘောထားပြီး ဘာမဆို ရင်ဖွင့်တိုင်ပင်နိုင်ပါတယ် မောင်ဖေယျာ"

"ကျေးဇူးတင်ပါတယ် အန်တီ"

တကယ့်ကို နွေးထွေးစွာကြိုဆိုခြင်းပါပဲ။ မေမေတောင် သူ့ကို ဤသို့လေပြည်လေးနဲ့ နားဝင်အောင် မပြောဖူးတာမို့ ရင်ထဲမှာ နွေးထွေးသွားရတာ အမှန်ပါလေ။

"ကျွန်တော် လိမ်းပေးမယ်"



"အို! နေပါစေ မဟုတ်တာ"

ထက် ငြင်းဆန်ပေမယ့် သူက တကယ်ပင် ထက်ခြေထောက်ကို ဆေးနာနာလူးပေးပြီး ပတ်တီးစည်းနှောင်ပေးတာများ သေသေသပ်သပ်ပါလေ။ ရင်ခုန်စိတ်လှုပ်ရှားမှုရဲ့နောက်မှာ စိုးရိမ်ထိတ်လန့်မှုက ကပ်ပါလာလေ၏။

ဒီကိစ္စကို သဲ မသိရလေအောင် မမကို ထက် နှုတ်ပိတ်ရဦးမှာကိုး။

⌘ ⌘ ⌘


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ရယ်သံသဲ့သဲ့ကြောင့် သူ အိပ်ပေါ်မှဆင်းခဲ့ပါ၏။ ဘယ်အာ ညှော်သည်များ ရောက်နေလို့ပါလိမ့်။

"ကိုကိုကြီးကို အခုပဲ မေမေခေါ်နိုင်းလိုက်တာ"

လှေကားအလယ်မှာ ဆုံသည့်ကောင်မလေးကို သူက ခေါင်းညိတ်ပြလိုက်ပါ၏။ အနေကြာလာတော့လည်း ဒီမွေးစားညီမတွေ သူ့အပေါ် ပြောရဲဆိုရဲရှိနေပြီလေ။

"Happy Birthday to you! "

လက်ခုပ်သံတွေ ထွက်ပေါ်လာပါ၏။ ကြည့်စမ်း! ဒါ ညီညီမွေးနေ့ကို ကျင်းပနေတာပေါ့။ သူက ဘာမသိဘာမသိနဲ့ ဆင်း



www.burmeseclassic.com

www.burmeseclassic.com

လာမိရတယ်လို့။

"ကိုကြီး"

လာပြန်ပြီ ပေါက်ကျော်မ၊ ကျောင်းတွေ ပြန်ဖွင့်ပြီး သိပ်မတွေ့ရတော့ဘူးလို့ ထင်နေတာ အခုတော့ မျက်စိနောက် ရဦးမှာလေ။

"ကိုကို့ဖို့ ဘာမွေးနေ့လက်ဆောင် ပေးမှာလဲ"

"ငါမှမသိတာ"

"ကြည့်! ကိုယ့်ညီလေး တစ်ယောက်တည်း ရှိတာကို တောင် နည်းနည်းလေးမှဂရုမစိုက်ဘူး။ စိတ်ပုပ်ကြီး"

ကာယကံရှင်က ဘာမှမပြောပါဘဲ ကြားလူက ဝင်ပြော နေတာမို့ ပိုမြင်ပြင်းကပ်လာပါ၏။ အိမ်ရှေ့မှ ဝေါခနဲရယ်သံတို့ ကြောင့် ညီညီ့သူငယ်ချင်းတွေ ရောက်နေပြီမှန်း သူသိလိုက် သည်။

"အန်တီခင် ခေါ်နေတယ်လေ"

"ငါက ဗိုက်ဆာလို့ ဆင်းခဲ့တာ"

"ကြည့်! ကိုကို့သူငယ်ချင်းတွေနဲ့ ကိုကြီးကိုမိတ်ဆက် ပေးမလို့ပါဆို"

"မခင်ချင်ဘူး၊ ရှုပ်ရှုပ်ယှက်ယှက်"





"သားကြီးရေ့၊ ခဏကွယ်"

မေမေ့အသံ ထွက်လာပြီမို့ သူသက်ပြင်းကျိတ်ရှိုက်လိုက် မိပါ၏။ အဲဒီလို လူကြားထဲခေါ်ပြီး သူ့ကိုထုတ်ကြွားတာလောက် စိတ်ပျက်စရာကောင်းတာမျိုးမှ မရှိတာလေ။

"ခေါ်နေပြီ လာ"

ကျစ်! လက်မောင်းကိုချိတ်ပြီး ဆွဲခေါ်နေပြန်ချေပြီ။ ဤ ကလေးမ နေထိုင်ပုံမတတ်တာနဲ့တော့ အခက်ပါပဲ။ ဒီနေ့တော့ ဂါဝန်ရှည်လေးဝတ်ထားတာမို့ လုံလုံခြုံခြုံမြင်ရလို့ တော်ပါသေးရဲ့။

"အဲဒါ အန်တီ့သားကြီးလေ"

"ချောတယ်တော့"

"မင်းထက် အပုံကြီးခန့်တယ် ညီညီရေ့"

တစ်ယောက်တစ်ပေါက် ဝေဖန်သံတွေကြောင့် သူ အနေ ခက်နေသော်ငြား မေမေ့မျက်နှာကတော့ ပြုံးလျှက်သားပါလေ။ ဧည့်ခန်းမှာရှိနေသည့် လူငယ်တစ်စုက အရောင်စုံအသွေးစုံပါပဲ။ ညီညီကတော့ မွေးနေ့ရှင်မို့ အဖြူသန့်သန့်လေး ဝတ်ထားလေ ၏။ သူကတော့ အိမ်နေရင်း တစ်ပတ်နွမ်းဝတ်စုံ ခပ်မှိန်မှိန်နဲ့ပါ လေ။

"ကိုကြီးက ကိုကို့ဖို့ ဘာမွေးနေ့လက်ဆောင်မှ ဝယ်


www.burmeseclassic.com

www.burmeseclassic.com



မထားဘူးတဲ့ ဦးဦးရဲ့"

"လက်ဆောင်မလိုပါဘူးသမီးရယ်၊ သူ့ညီလေးကိုသာ Birthday kiss ပေးရင် သားငယ် ကျေနပ်မှာပါ"

"ဟေး! ဟုတ်တယ်၊ ပေးလိုက်လေ ကိုကြီး"

"ဟုတ်တယ်. . . ဟုတ်တယ်"

"ဖြောင်း! ဖြောင်း! ဖြောင်း! ဖြောင်း! "

"Birthday Kiss! Birthday Kiss! "

လူငယ်တစ်စုက လက်ခုပ်သံပြိုင်တူဖြင့် တောင်းဆိုနေလေပြီ။ ခပ်တည်တည်လေး ငြိမ်နေသည့်ညီညီ့ကို သူ ရှုတည်တည်ဖြင့် ကြည့်နေမိ၏။ ဒါ တမင်သက်သက် ခွင်ဆင်တာလေ။ သူ့လုံးဝမချစ်နိုင်တဲ့ညီ့ကို ဒီလိုနွေးထွေးစွာဆက်ဆံဖို့ ဖေဖေတမင်လုပ်တာပဲ ထင်ပါရဲ့။

"သွားလေ"

သဲက သူ့ကိုတွန်းလွှတ်နေပေမယ့် သူရပ်နေသည့်နေရာက မရွေ့။ အပျော်အပျက်သဘောဟု လူအများမြင်နေပေမယ့် မိသားစုတစ်ခုလုံးက အလေးအနက်ထားနေတာကိုတော့ သူ အလိုလိုသိနေပါသည်။ သူခြေမရွေ့တာမို့ သဲက ညီညီ့ထံရောက်သွားပြီး ညီညီ့ကျောကိုတွန်းကာ သူ့အနီးသို့ ပို့ပေးလေ၏။





ကဲ! သူဘာလုပ်ရမလဲ၊ မဝံ့မရဲကြည့်လိုက်သည့်ညီညီ့အကြည့်က ဖျတ်ခနဲကော်ဇောထက် ရွေ့သွားပါသည်။ ဒီကောင့်ကို ငယ်ငယ်ကတည်းက သူကြည့်မရခဲ့တာလေ။ အားလုံးတောင်းဆိုနေကြတဲ့ သူငယ်ချင်းတွေရှေ့ သူငြင်းဆန်လိုက်ရင် ဘာတွေဖြစ်ကုန်မလဲ။ ညီညီ အရှက်ရပေမပေါ့။

အသံတို့က တိခနဲတိတ်သွားလေသည်။ ညီအစ်ကိုနှစ်ယောက် ယှဉ်ရပ်သလိုဖြစ်နေသည့်အနေအထားမှာ တစ်ယောက်တစ်ကွဲ ကွာခြားချက်တွေကို မြင်သာနေပြီလေ။ သူက ညိုညိုထွားထွား၊ ညီက ဖြူဖြူသွယ်သွယ်၊ သူက တည်တည်ခန့်ခန့်၊ ညီက ပြုံးပြုံးချိုချို၊ ညီအစ်ကိုဟု ဘယ်လိုမှမထင်ရက်စရာအချက်တွေက သူတို့နှစ်ယောက်ကြားမှာ အများကြီးမှ အများကြီးရှိနေတာ အမှန်ပါပဲ။

မနာလိုမှုတွေ ပြည့်သိပ်နေခဲ့တဲ့ ရင်ထဲက ထုထည်က ခုထိ မကျေမွသေးပါလေ။ မွေးနေ့ကိုအကြောင်းပြုပြီး ညီ့ကိုမုန်းနေတဲ့ သူ့ရင်ထဲက အမုန်းတွေကို ဖေဖေတို့ သင်ပုန်းချေနိုင်းနေတာကို။ ခုံးဖြတ်ပေတော့ ဟိန်းဇေယျာ။

"ကိုကြီး"

လက်မောင်းကို လာကိုင်လိုက်တာကြောင့် သူ့အတွေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ရုတ်ချည်းပျောက်သွားပါ၏။ သတိပေးလိုက်တာလေ။ ဖျတ်ခနဲ ညီညီ့မျက်နှာကို လှမ်းကြည့်မိစဉ် ခေါင်းငုံ့သွားတာကို တွေ့လိုက်ရပါ၏။ အလို! ဒီကောင့်မျက်ဝန်းမှာ မျက်ရည်တွေ အိုင်ဖွဲ့နေတာပါလား။

ဘာဖြစ်လို့လဲ ညီညီ၊ ဘာဝမ်းနည်းစရာရှိသလဲ။ မင်းက ငယ်ငယ်ကတည်းက မိစုံဖစုံနေခဲ့ရတဲ့ကောင်ပါ။ ငါက မိဘတွေ သက်ရှိထင်ရှားရှိနေပါလျက်နဲ့ ရင်ငွေ့ဝေးခဲ့ရတဲ့ကောင်ပါ ညီညီ။ မင်းကသာ မေမေတို့မေတ္တာကို အပြည့်အဝရခဲ့ရတဲ့ကောင်ပါ။ ဒီအရွယ်ထိ နှစ်စဉ် မွေးနေ့တိုင်း မွေးနေ့တိုင်း မိဘတွေပေးတဲ့ လက်ဆောင်ကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ကောင်ပါပဲ။

ငါကတော့ 'ဖိုး'တို့'ဖွား'တို့ ပေးတဲ့လက်ဆောင်ကိုပဲ ရခဲ့ပြီး မေမေတို့ဆီက ဘာဆိုဘာမှ ငါမရခဲ့ပါဘူး။ အခု ဒီမှာ ပြန်နေမှပဲ ငါ့အတွက် ဖေဖေဝယ်ပေးတဲ့ကားကိုတောင် မင်းအရင် ဆုံးမောင်းချင်နေတာလေ။ ငါ့ကိုယ်ငါ အတော် အတ္တကြီးတယ် လို့ထင်ခဲ့ပါလျက် တကယ်တော့ မင်းကသာ ငါ့ထက် ပိုပိုင်ဆိုင် ခွင့်ရနေပါလျက်နဲ့ အတ္တပိုကြီးနေတာအမှန်ပါ။

"သားကြီး! ဟိန်းဖေယျာ"

ဖေဖေက သူ့ကျောကို အသာပုတ်လိုက်လေ၏။ တောင်း





ဆိုတာလား၊ မဟုတ်ဘူး. . . အမိန့်ပေးနေတာပါလေ။ ညီတစ် ယောက်ကို ရင်ထဲကမေတ္တာမပါဘဲ သူ ဤသို့ပြုမူရမှာကိုတော့ အတော်ဝန်လေးမိပါ၏။ Circumstance ဆိုတဲ့ ပတ်ဝန်းကျင် Condition အခြေအနေ အချိန်အခါကိုလိုက်လျောညီထွေ သူ မနေတတ်ရင် သူ့ကို 'လူ'လို့ ဘယ်သူမှမြင်နိုင်ကြတော့ မဟုတ်ပါချေ။

ခြေလှမ်းကို ရှေ့သို့တစ်လှမ်းလှမ်းလိုက်ကာ ညီညီ့ပခုံး ကို ဖျတ်ခနဲကိုင်လျက် နားထင်နေရာကို သူနမ်းရှိုက်လိုက်စဉ် တ်ခုပ်သံတို့ တဖြောင်းဖြောင်းထွက်လာလေ၏။ ရုတ်တရက် သူ့ကိုပြန်ဖက်လိုက်သည့် ညီညီ့လက်တံတို့က တင်းတင်းကျပ် ကျပ် သူ့ပခုံးကိုမှီလျက် ငြိမ်နေတာ အချိန်အတော်လေး ကြာ သွားပါသည်။

ဘုရားရေ! ဒီကောင် ငိုများငိုနေလေသလား။

"ကိုကို့ကို ညီအရမ်းချစ်တယ်"

တိုးတိုးလေး ပြောသံဖြစ်ပေမယ့် သူ့နားထဲတော့ ဗုံး ကွဲသလို အကျယ်ကြီးမြည်သွားရပါတာပါလေ။ ပြဿနာပဲ၊ ကောင် ဘာစိတ်ကူးပေါက်ပြီး ဤသို့ပြောလိုက်တာပါလိမ့်နော်။ အသာရှန်းတော့ ညီက သူ့ကိုပိုတင်းကျပ်စွာ ဖက်တွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်လေသည်။ ရင်ဘတ်ဆီမှ တုန်ရီနေသည့်အသိကို သူ ခံစားလိုက်ရသဖြင့် ဒီကောင် ငိုနေပြီမှန်း သူသိလိုက်ပါသည်။

"ဟော့ကောင်, လူတွေအများကြီးကွ၊ မင်းမရှက်ဘူးလား"

ရယ်သံတွေ ဝေါခနဲထွက်လာကြပေမယ့် ညီက သူ့ကို လွှတ်မပေးသေးပါလေ။ အလကားကောင်၊ လောဘကြီးကောင် ဒင်းအပေါ် လူတိုင်းချစ်ကြတာတောင်မှ သူ့ဆီကချစ်ခြင်းကို လို ချင်နေသေးတာလေ။

"သားတို့သမီးတို့ သူငယ်ချင်းက သူ့အစ်ကိုနဲ့ ငယ်ငယ် ကတည်းက ဒီလိုတစ်ခါမှနေခွင့်မရခဲ့ဘူး"

ဖေဖေ့အသံ တိုးတိုးထွက်လာပါ၏။ သူ့ကျောကို ဖေဖေ အသာပွတ်သပ်ပေးလိုက်စဉ် သူ ညီညီ့ကျောကို အသာနှစ်ချက် ပုတ်လိုက်မိသည်။ လူရှေ့သူရှေ့ မျက်ရည်ကျနေတာ မင်းမရှက် ပေမယ့် ငါရှက်တယ် ညီ။ 'ရွှတ်'ခနဲ သူ့ပါးကို နမ်းရှိုက်လျှင် ညီညီက ခွာထွက်လိုက်လေ၏။

"အာ. . . ဒီကောင်"

မျက်လုံးတွေ ရဲနေသေးတာမို့ ခုန တကယ်ငိုလိုက်မှန် သူသိနေပါသည်။ ကိတ်မုန့်အနီး မီးမှုတ်ဖို့ လူစုသွားစဉ် သူနော





ဖေးခန်းဘက် ဝင်ခဲ့လိုက်၏။ မနက် (၁၀)နာရီထိုးနေပြီမို့ မနက် ကတည်းက ဘာမှမစားဖြစ်သည့်ဗိုက်က ဆန္ဒပြချေပြီ။

"ဗိုက်ဆာတယ်၊ ထမင်းစားမယ်"

"ဟင်!"

ညီအစ်မနှစ်ယောက်က သူ့ကိုမျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေလေသည်။ မဟုတ်သေးပါဘူး၊ ဒီချာတိတ်မနှစ် ကောင် ဘာဖြစ်ရတာပါလိမ့်။

"ငါပြောတာ မကြားဘူးလား"

"ဟို. . . ဟို. . . ထမင်းမရှိဘူး ကိုကိုကြီးရဲ့"

"ဘာ! ဒီနေ့ ထမင်းမချက်ဘူးလား"

"ချက်တော့ချက်တယ်၊ မနက်က ဆွမ်းတော်ချက်ပြီး ပိုတဲ့ထမင်းက သမီးတို့စားလို့ကုန်သွားပြီ။ ဒီနေ့က ကိုလေးမွေး နေ့မို့ ကြာဆံချက်ပဲ ချက်. . . . ချက်. . ."

"တောက်! ဆာနေပါပြီဆိုမှ ထော်လော်ကန့်လန့်လုပ် ကြပြန်ပြီ"

"ဟိုလေ, သမီးတို့အခုချက်ပေး"

"တော်ပြီ၊ ငါ့ဘာသာငါ အပြင်ထွက်စားတော့မယ်"

"ခဏလေးပဲ စောင့်ရမှာပါ ကိုကိုကြီးရဲ့၊ (၅)မိနစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ကြာမှာပါ''

''မစောင့်နိုင်ဘူး၊ သေမယ့်မသာဆို နင်တို့ကိုစောင့်ရတာနဲ့ ပုပ်လောက်ပြီ''

သူငေါက်လိုက်တာမို့ ဟိုညီအစ်မနှစ်ကောင် ဖက်ပုသွားပါ၏။ ထမင်းစားခန်းထဲမှ ထွက်ရန်ပြင်လိုက်စဉ် ဝင်လာသည့်နှစ်ကောင်ကြောင့် သူစိတ်ပျက်ရပြန်ချေ၏။ လုပ်လာပြန်ပြီ ကိတ်မုန့်တုံးကို ပန်းကန်ထဲထည့်ပြီး လာခွံ့ပြန်တာလေ။

''ကိုကို ပါးစပ်ဟာ''

''အဲဒါ မစားချင်ဘူး၊ ငါ ထမင်းပဲစားချင်တာ''

''ဟလိုက်ပါ ကိုကိုရာ၊ ညီကိုချစ်ရင် နည်းနည်းပဲစား''

လာပြန်ပြီ ဒီအချစ်၊ တော်တော်လည်း အရုက်မရှိပြောရဲတဲ့ပါးစပ်။ အနောက်ဘက်မှာ VEDIO CAMERA ဖြင့်လိုက်လာသည့် သူငယ်ချင်းတွေကြောင့် သူပါးစပ်ဟာပေးလိုက်ရလေတော့သည်။ သေစမ်း! အချိုမုန့်းပါတယ်ဆိုမှ။

''ဒါ ဘယ်သွားမလို့လဲ''

''ဗိုက်ဆာလို့ အပြင်ထွက်မလို့''

''ထမင်းမရှိတော့ရင် သဲတို့အိမ် လိုက်စားလေ ကိုကြီးရဲ့''





''မလိုပါဘူး''

''ဘာမလိုဘူးလဲ၊ လိုက်ခဲ့ပါ. . . လာ''

လက်ကိုပိုင်စိုးပိုင်နင်းဖြင့် လာဆွဲနေသည့်ကောင်မလေးကို သူစိတ်တိုစွာ ကြည့်လိုက်မိတော့၏။

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ခေါင်းထက်ပန်ထားသည့် ကျောက်စီကလစ်ဖြူဖြူလေးတ ဖြုတ်ကျလု ခပ်လျှောလျှောဖြစ်နေလေ၏။ ဤကလေးမ သတိမထားမိလေရော့သလား။

"လာပါဆိုနေ"

"ကျစ်! မလိုက်ချင်ဘူး။ ငါ့ကိုအတင်းဆွဲမနေနဲ့လား"

"ရော်. ဒီကစေတနာနဲ့ ကျွေးချင်လို့ခေါ်နေတာပါနော်။ ဒီနေ့ သဲတို့အိမ်မှာ သီးစုံဟင်းချက်လို့ ကိုကြီးကိုစားစေချင်တာနဲ့ ပို့ပေးမလို့တောင် ပြင်ထားတာ။ လာပါ"

"ငါ့ကိုမဆွဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွဲတော့ဘာဖြစ်လဲ"

"မင်းကလစ် ပြုတ်ကျတော့မယ်၊ ပြန်တပ်ဦး"

လွှတ်ခနဲထွက်သွားသည့် စကားလုံးတို့ကို သူပြန်မဖမ်းလိုက်မိပါလေ။ ချာတိတ်မ၏ နှစ်လိုဖွယ်အပြုံးက သူ့အသည်းကို ယားကျိကျိဖြစ်လာစေ၏။ ဒုက္ခပါပဲ၊ သူ ဂရုစိုက်သလိုဖြစ်သွားရပြီကိုး။

"ကိုကြီး တပ်ပေးလေ"

"အံမာ! ဘာကိစ္စတပ်ပေးရမှာလဲ"

"သဲမှာ မှန်မှမရှိတာ၊ ဘယ်မြင်ရပါ့မလဲ။ ဒါကြောင့် ကိုကြီးတပ်ပေးလို့ပြောတာပေါ့။ ရော့"

ဆတ်ခနဲ ကလစ်ကိုဆွဲဖြုတ်ကာ သူ့လက်ဖဝါးထဲသို့ ထည့်ပေးလိုက်ပုံက မြန်ဆန်ပါ့။ လှေကားအနီး အလယ်လမ်းမှာ သူနဲ့သဲသိမ့်သိမ့်သက်သာ နှစ်ယောက်တည်းရှိတာလေ။ ခက်ပါ့ ချာတိတ်မရယ်။

"တပ်ပေးဆို"

သူ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပြီး သူမဆံစလေးကို သပ်တင်ပေးလိုက်မိပါ၏။ ပြီးမှ ကလစ်လေးကို နေရာတကျ တပ်ပေးလိုက်ပါသည်။ ခပ်မော့မော့လေးဖြစ်နေသည့် ပါးပြင်မို့မို့





ရဲရဲလေး၊ ဖျတ်ခနဲ ဝင့်ကြည့်လိုက်သည့် မျက်ဆံနက်တောက်တောက်လေးတို့က သူ့ရင်ကိုစိုးထိတ်သွားစဉ် ဖျတ်ခနဲလင်းသွားတာကြောင့် သူတို့ကို ဓာတ်ပုံရိုက်လိုက်မှန်းသိလိုက်ပါသည်။ သေပြီ ဟိန်းဇေယျာ။

"Thanks! ကိုကြီး"

"မြွတ်"

လျှပ်တစ်ပြက် သူ့လက်ခုံကို နမ်းရှိုက်လိုက်ပုံက ရဲတင်းပါ့။ သူ့မျက်နှာ နွေးခနဲဖြစ်သွားရသည်အထိ မျက်နှာပူသွားရတာအမှန်ပါလေ။ ခြေလှမ်းကိုရွှေ့လိုက်စဉ် လိုက်ကာ,မထားသည့် ညိုညိုနှင့် Camara ကိုင်ထားသည့်ချာတိတ်တစ်ယောက်ကို သူတွေ့လိုက်ရလေ၏။ ဒုက္ခပဲ၊ သူတို့အပြုအမူက သို့လောသို့လော ထင်စရာတွေ ဖြစ်ကုန်ပြီထင်ပါရဲ့။

"လာလေ, သွားစို့"

လက်ကို ဆုပ်ကိုင်ဆွဲခေါ်လိုက်သည့်နောက်သို့ သူပါလာရတော့သည်။ လက်ကို သူကရုန်း၊ ချာတိတ်မက ပြန်ဖမ်းဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်နေပုံက လူငယ်တစ်စု၏စိတ်ဝင်စားခြင်းကို ခံရတော့တာလေ။ မင်းနဲ့တော့ ခက်တယ် သဲသိမ့်သိမ့်သက်ရေ။

"ညှိသည်ပါလာပြီ မာမိရေ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့! ဘယ်သူလဲ"

သူမတို့အိမ်ထဲ ရောက်သည်အထိ သူ့လက်ကိုလွှတ်မပေးသေးပါချေ။ အပေါ်ထပ်ဆီမှ ဆင်းလာသည့်ဒေါက်တာ့ကို သူပြုံး၍ နှုတ်ဆက်လိုက်မိသည်။

"ခြေထောက်ကောင်းသွားပြီလား ဒေါက်တာ"

"ကောင်းပြီ ကိုဇေယျာ"

"ဟင်! ကိုကြီးက တီလေးခြေထောက်နာတာ ဘယ်လိုသိတာလဲ"

"ကိုယ့်ကားနဲ့ တိုက်မိမလိုဖြစ်ခဲ့လို့ပေါ့"

"ဟုတ်လား"

"ခြော်, ဘယ်သူများပါလာတာလဲလို့၊ မောင်ဇေယျာကို။ လာလေ, သား"

"ဟုတ်ကဲ့"

"အိမ်မှာ ထမင်းမရှိတော့ဘူးဆိုလို့ သဲတို့အိမ်ကို ခေါ်ခဲ့တာ မာမီ"

"ဟုတ်တာပေါ့၊ သားငယ်လေးမွေးနေ့ ချက်ရပြုတ်ရနဲ့ ထမင်းဘယ်ချက်အားပါ့မလဲ၊ အိမ်မှာစားသွားပါ မောင်ဇေယျာ၊ ဒီနေ့ ငါးခြောက်ထောင်းကြော်နဲ့ သီးစုံချဉ်ရည်ဟင်းချက်တယ်"





"ကိုကြီးက အသီးအရွက်ပိုကြိုက်တာ မာမီရ"

"စားချင်ရင် ခုပဲ လတ်လတ်ဆတ်ဆတ်ကြော်လို့ရပါတယ် သမီးရယ်။ တစ်အောင့်ပဲစောင့်"

"ထိုင်ဦးနော်၊ မမနဲ့ဝိုင်းကူလုပ်ပေးလိုက်ဦးမယ်"

ဧည့်ခန်းမှာ သူထိုင်တော့ ချာတိတ်မက သူ့အနီးမှာပင် ဝင်ထိုင်လိုက်လေ၏။ ဘယ်လိုဖြစ်ပြီး ဖားပျံလို လိုက်ကပ်နေတာ ဝါလိမ့်နော်။

"Album ကြည့်ချင်လား"

"အင်း"

"မရယ်ရဘူးနော်"

"အင်းပါ"

သဲက ဆက်တီစားပွဲအောက်မှ Album ပန်းရောင်လေးကိုယူလျက် သူ့ပေါင်ထက် တင်ပေးလိုက်လေ၏။

"သဲငယ်ငယ်တုန်းကနေ အခုထိပုံတွေ"

"ဟုတ်လား"

သူစဖွင့်တော့ ကလေးပေါက်စနပုံလေးတွေကို စတွေ့ရလေ၏။ ဖမ်းလျားမှောက်နေတာရော၊ နို့ဘူးကိုင်ပြီး ငုတ်တုပ်ထိုင်ရိုက်ထားသည့်ကလေးလေးက ဝဝလေးပါလေ။ လေးငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com

အရွယ်အထိ ၀၀ကစ်ကစ်ပုံလေးတွေကြောင့် သူပြုံးလိုက်မိပါ၏။ သူငယ်စဉ်ကတော့ ဓာတ်ပုံရိုက်မရိုက် သိပ်မမှတ်မိတော့ပါလေ။

"ဒါ မင်းပုံ"

"အင်း၊ တွေ့လား၊ မရယ်ပါနဲ့ဆိုတာကို၊ ကိုကြီးနော်"

လက်မောင်းကို ဖျတ်ခနဲထုလေ၏။ ဆယ်ကျော်သက်အရွယ်အထိ ၀၀လေးဖြစ်နေသည့် ဤကလေးမလေးက အခုဒီပုံစံဖြစ်အောင် မည်သို့များ လေကျင့်ခဲ့ရပါလိမ့်။

"ဟင်းဟင်း. . . ပေါင် (၁၂၀)ကျော်မယ်ထင်တယ်"

"ကြည့်ပါလား"

"ဟုတ်တာပြောတာလေ၊ ဒီလောက် Fatty ဖြစ်နေပုံထောက်ရင် တစ်အိမ်လုံးက ထမင်းအကုန်စားလို့ပဲဖြစ်မယ်"

"အမယ်, အခုမ၀တော့ပါဘူးနော်၊ ဒီ body နဲ့ မယ်ကမ္ဘာ၀င်ပြိုင်လို့ ရနေပြီ။ သိရဲ့လား"

"လှယဉ်ကျေးမယ်လောက်ပဲ မှန်းပါကွာ"

"ကိုကြီးနော်"

"ဟိုအပြာကရော"

"အဲဒါ တီလေးပုံတွေလေ၊ ကြည့်ချင်လား"

"နေပါစေ"





"ကြည့်ချင်ရင် ပြမယ်လေ၊ တီလေးက သူ့ Album ကို လူကြည့်ရင်မကြိုက်ဘူး။ သူပြန်သိမ်းဖို့မေ့နေတာပဲဖြစ်ရမယ်ရော့"

သဲ Album က ကြည့်ပြီးပြီမို့ သူပိတ်လိုက်ပြီး၊ အပြာရောင် Album ကိုဖွင့်လိုက်မိပါ၏။ ပိစိလေးကပုံမျိုးမဟုတ်ဘဲ ကျောင်းနေစအရွယ်မှစပြီး တက္ကသိုလ်တက်ချိန်အထိ ပုံတို့ကလှလှပပ။

"ဒေါက်တာက တော်တော်ယဉ်တယ်"

"သဘောကျတယ်ပေါ့လေ"

"အာ! ကိုယ်က ရိုးရိုးပြောတာပါ"

"ဘယ်သူက ဆန်းဆန်းမေးနေလို့လဲ"

ဆံပင်ကို ဖားလျားချထားပြီး မျက်နှာအနီးကပ်ရိုက်ထားသည့်ပုံကို သူခပ်ငေးငေးကြည့်နေမိ၏။ သူ့ထက်ကြီးပေမယ့် ငယ်နုအရွယ်တင်လှတဲ့ဟန်တို့က ဒေါက်တာ့ပုံရိပ်မှာ ထင်နေတာလေ။

"အဲဒီပုံပေါ့၊ ကိုလတ်ကြီး တောင်းနေတာ"

"ဘယ်က ကိုလတ်လဲ"

"တီလေးရဲ့အဆက်ကြီးပေါ့ ကိုကြီးရ၊ ဟိုရှေ့ကပုံထဲမှာ ပါတယ်လေ။ သူတို့ဘွဲ့အတူယူထားတဲ့ပုံထဲကလူ။ သဲ ပြ


www.burmeseclassic.com

www.burmeseclassic.com



မယ်”

လက်ရန်းပေါ်ရွေ့ထိုင်လျက် Album ကိုလာလှန်တော့မှ သူနှင့်အတော်လေး နီးကပ်နေပါ၏။ နာခေါင်းဝ,ရလိုက်သည့် မိတ်ကပ်နံ့သင်းသင်းကြောင့် သူအသက်အောင့်ထားလိုက်မိပါ၏။ ဒီကလေးမ တခြားလူငယ်တွေနဲ့လည်း ဒီလိုပဲ လက်ပွန်းတတီး နေတတ်တာမျိုးပဲလား။

“ဒီမှာလေ, မိုက်တယ်မဟုတ်လား”

အုပ်စုလိုက် ရိုက်ထားသည့်ဘေးမှာ နှစ်ယောက်တွဲပုံကြောင့် သူခေါင်းညိတ်လိုက်၏။ သူနဲ့တွဲ့ဝတ်စုံတူပေမယ့် ရသည့်ဘွဲ့က ကွာသည်ပဲ။ ပြုံးနေသည့်အမျိုးသားပုံကို သူကြည့်နေမိသည်။ ဤလူက ဒေါက်တာ့ရဲ့အဆက်ဆိုပဲ။

“တီလေးနဲ့လိုက်လား”

“အင်း”

သဲ၏ရယ်သံက ခပ်တိုးတိုး။ သူက အလိုက်သင့်လေး ပြုံးနေလိုက်ပါသည်။

“ထမင်းစားကြစို့ ကိုဖေယျာ”

အတွင်းခန်းလိုက်ကာဖယ်လျက် ခေါ်လိုက်သည့်ဒေါက်တာ့အသံကြောင့် သဲက Album ကို အမြန်ပြန်ပိတ်လိုက်လေ၏။





မလုံမလဲဟန်ပန်ကြောင့် သူပို၍ပြုံးမိပြန်ချေပြီ။ ဒီချာတိတ်မတော့ မလွယ်ပါလားနော်။

“လာ,သာ။ သား အသီးအရွက်ကြိုက်တတ်လို့ အစုံပဲ ကန်စွန်းရွက်စိမ်းစိမ်းလေး ကြော်ပေးထားတယ်။ ဒါက ထက်သုတ်ပေးတဲ့ ခရမ်းချဉ်သီးစိမ်းသုတ်လေ။ အားမနာနဲ့နော်၊ စားပါ မောင်ဖေယျာ”

အားနာလိုက်ပ..ဟု ပြောလုလု သူ့ပါးစပ်ကိုပိတ်ထားလိုက်ရတော့၏။ စေတနာအပြည့်ဖြင့် ချေ့ခံသည့်ထမင်းဝိုင်းက စားမြိန်တာအမှန်ပင်။ အိမ်မှာက သူတစ်ယောက်တည်းသာ စားဖြစ်တာကိုး။

“ဒါနဲ့ သဲဖေဖေရော”

“Golf သွားရိုက်တယ်လေ ကိုကြီးရဲ့ နေ့လယ်လောက်မှ ပြန်လာမှာ”

“ဩော်”

“အာလူးကက်တလိတ်လေ၊ ကြိုက်လား ကိုဖေယျာ”

“ဟုတ်ကဲ့”

ဒေါက်တာက ပြောလည်းပြောကာ ထည့်ပေးလိုက်လေ၏။ အာလူးကက်တလိတ်မှ ရနံ့ကို သူသတိရသွားမိပါ၏။ ရနံ့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူကြိုက်မှန်းသိလို့ မကြာမကြာချက်ကျွေးတတ်တာကိုး။

"ဟိုတလောက သားကို မိန်းကလေးတစ်ယောက်ပြန်လိုက်ပို့တာ တွေ့လိုက်မိသလားလို့"

စပ်စုတာလား။ တမင်တကာပဲမေးလိုက်တာထင်ပါရဲ့။ ဒေါက်တာက မျက်လွှာချသွားပေမယ့် သဲကတော့ သိချင်စိတ်မျက်ဝန်းတို့ဖြင့် သူ့ထံကြည့်နေတာပါလေ။

"ဩော်, ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်နဲ့အတူ အလုပ်ဆင်းနေတဲ့ရန်နုံပါ"

"သားတို့အတော်ရင်းနှီးနေပြီပေါ့လေ"

"အင်း, ဘယ်လိုပြောရမလဲ၊ ရန်နုံက ယောကျ်ားလေးပိုဆန်တော့ ပြောရဆိုရလွယ်တယ် အန်တီ။ ပေါင်းရမခက်တဲ့ ပွင့်လင်းတဲ့သူမျိုးပါ။ ကျွန်တော် အခုလုပ်နေတာ သူ့အဖေပိုင်တဲ့ Construction ပေါ့"

ဒီ့ထက်ဘာမှပိုမပြောဖြစ်ပါလေ။ ထမင်းစားပြီး အချိုပွဲတည်သည့် ပန်းသီးစိပ်ကိုလည်း ခဏနားရင်း သူစားဖြစ်လေ၏။ အပြန်မှာ အိမ်ဝလိုက်ပို့သည့်ဒေါက်တာ့ကို သူ ခပ်တိုးတိုးပြောလိုက်မိသည်။

"မနက်ဖြန် duty ဘယ်အချိန်လဲ ဒေါက်တာ"





"မနက် (၉)နာရီပါ၊ ဘာလုပ်မလို့လဲ ကိုဇေယျာ"

"ကျွန်တော် လိုက်ပို့ပေးမလို့ပါ"

အံ့ဩဟန်ဖြစ်သွားသည့် ဒေါက်တာ့ကိုကြည့်ရင်း သူ ပြုံးပြလိုက်မိပါ၏။ ခုတလော သူ တော်တော်ပြုံးနေမိပြီထင်ပါရဲ့။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဟဲလို"

မနက်စောစောခေါ်မိသည့် Phone နံပါတ်မို့ အံ့သြသွားမိပါ၏။ နံပါတ်ကလည်း အသစ်မဟုတ်လား။ ပြီးတော့လည်း အသံက အမျိုးသားတစ်ယောက်ရဲ့ခပ်သြသြအသံလေ။

"ရန်နိုင်လား, ကိုယ်ပါ"

ကဲ!. . . မပြောချင်တော့ပါဘူးနော်။ စောစောစီးစီးပြုံးမိအောင် ပြုစားနိုင်တဲ့လူပါပဲလား။ ကောင်းပြီ၊ မသိယောင်ဆောင်ပြီး စကြည့်ရအောင်နော်။ ဟိုတလောကတွေ့တဲ့သူငယ်ချင်း ရဲ့ သီဟအသံကိုတော့ ရန့် ကောင်းကောင်းကြီးမှတ်မိနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ကိုယ်လဲ"

"ဟာကွာ၊ ရန့်အိပ်ချင်မူးတူးဖြစ်နေပြီထင်တယ်။ ကိုယ်ပါ, ဟိန်းဇေယျာ"

"Sorry! အစ်ကို၊ ရန့် တကယ်ပဲအိပ်ချင်မူးတူးဖြစ်နေတာ"

"ညဉ့်နက်တဲ့အထိ ဘာတွေလုပ်နေလို့လဲ"

"စာဖတ်နေလို့ပေါ့၊ အလုပ်မှာတွေ့မယ့်ဟာကို Phone ဆက်တာ ဘာကိစ္စရှိလို့လဲ"

"ဪ, ကိုယ့်အိမ်ကို ရန့်ဝင်ကြိုနေမှာစိုးလို့ Phone ကြိုဆက်လိုက်တာ"

"ဘာလို့လဲ"

"ကိုယ့်ကားနဲ့ပဲ လာခဲ့မှာမို့လို့ပါ"

"ဩ, ဒီလိုလား၊ အစ်ကို့ကားကိုရော စမ်းမောင်းဖူးပြီးပြီမို့လို့လား"

"အင်း"

"OK! တယ်ပေါ့လေ"

OK လား မ OK လားဆိုတာကို သူကိုယ်တိုင် အသိဆုံးပါလေ။ ဒါကြောင့်လည်း ဒီမနက်မှာ ဟိုဘက်ခြံက ခေါက်





တာ့ကို ဆေးရုံလိုက်ပို့ဖို့ကိစ္စဖြစ်လာရတာကိုး။

"စမှောင်းတုန်းကတော့ မ OK ဘူး"

"ဟင်! ဘာတွေတိုက်မိသေးလဲ"

"လူ"

"ဟယ်! ဘာဖြစ်သွားလဲ"

"ဘာမှမဖြစ်ပါဘူး။ လန့်ပြီး ခြေခေါက်လဲသွားရုံလောက်ပါ"

"ဘယ်ကလူလဲဟင်၊ ယောကျ်ားလား မိန်းမလား"

"မိန်းမပါ၊ ဟိုဘက်ခြံက ဆရာဝန်"

"ဖြစ်ရလေ"

ဆရာဝန်တဲ့လား။ ပြီးတော့ အမျိုးသမီးတဲ့လေ။ ကားကိစ္စနဲ့ အစ်ကိုတို့ဘာဘာညာညာတွေ ဖြစ်ကြသေးလားဟု မေးချင်သော်ငြား မမေးဝံ့။ ရန့်တို့က ဤမျှမရင်းနှီးကြတာလေ။

"ရန့်နဲ့ဆုံဖူးတဲ့ သဲသိမ့်သိမ့်သက်ရဲ့အဒေါ်ပေါ့"

"ဪ"

စိတ်နည်းနည်းအေးသွားရပါ၏။ အဒေါ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ရန့်တို့အရွယ်ထက် ကြီးရင့်နေမှာ အသေအချာပေါ့တော်ပါသေးရဲ့၊ ရွယ်တူမဟုတ်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒေါက်တာ့ကို ဆေးရုံဝင်ပို့မှာမို့ ကိုယ်နည်းနည်း နောက်ကျမယ်ပြောချင်လို့။ ဒေါက်တာ့ကားက Workshop ပို့ထားလို့ပါ"

"ဒါများအစ်ကိုရယ်၊ ရပါတယ်"

"အန်ကယ့်ကို ရန်နဲ့ပဲပြောပေးထားပါနော်"

"OK!"

Phone က ပိတ်သွားချေပြီ။ Bye Bye! See you! လို့တောင် မပြောဖြစ်ပါလားနော်။ သဲသိမ့်သိမ့်သက်ရဲ့အဒေါ်ဆိုတော့ အနည်းဆုံး (၄၀)ဝန်းကျင်အရွယ်ပေါ့။ ဒီအရွယ်ဆိုတာ ကျက်သရေအရှိဆုံးဖြစ်ပြီး တည်ငြိမ်တင့်တယ်တဲ့ အပိုင်းအခြားပါပဲ။

လှတိုင်းလေးစားရတဲ့အလုပ်နဲ့ တည်တံ့တဲ့ဆရာဝန် အန်တီမမကို သူ တလေးတစားနဲ့ လိုက်ပို့ပေးတာကို ရန့်ဆီမှာ ခွင့်တောင်းရတယ်လို့။ အလုပ်နည်းနည်းနောက်ကျတာလေးကိုများ ဖေဖေက အပြစ်တင်မှာမို့လို့လား။ အံ့ပါ့ ကိုဟိန်းဇေယျာရယ်။

⌘





ကားကို တစ်ဖက်ခြံသို့ ချိုးကွေ့ဝင်လိုက်ပါ၏။ စောစောကပဲ သဲတစ်ယောက် ဖယ်ရီလာတာမို့ ကျောင်းသွားတာကို သူမြင်ပါ၏။ ဒီလိုမှမဟုတ်ရင် ဒေါက်တာ့ကိုလိုက်ပို့တာကိုသိရင် သူ့ကိုပြဿနာရှာမှာကိုး။

"တီ!"

"ဟော, ဘယ်သူများလဲလို့၊ မောင်ဇေယျာပါလား"

"ဒေါက်တာအဆင်သင့်ဖြစ်နေပြီလား အန်တီ"

"ရေချိုးနေတုန်းပဲ သားရဲ့၊ အထဲဝင်ထိုင်ပါဦးလား။ လာလေ"

ကဲ! ကူညီပြီဆိုမှတော့ အစအဆုံးပေါ့။ စောင့်ရမှာမို့ ကားပေါ်မှသူဆင်းပြီး ဧည့်ခန်းထဲဝင်လိုက်ရလေ၏။ အန်တီက အလှပန်းအိုးထိုးနေတာမို့ ဧည့်ခန်းဆက်တီစားပွဲပေါ်မှာ အရွက်ဆွေရော ပန်းခက်တွေပါ ရှုပ်နေတာလေ။

"တစ်ခုခုသောက်ဦးမလား သား၊ ဘာသောက်ချင်လဲ"

"နေပါစေ အန်တီ၊ ကျွန်တော် breakfast စားလာခဲ့ပြီ"

"ဪ. . . အေးအေး"

အန်တီက နှင်းဆီပန်းခက်ကို ကပ်ကြေးနှင့်ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေအရွက်တွေကိုပါ ဖြတ်လိုက်လေ၏။ ပြီးနောက် တစ်ကိုင်းချင်းကို ပန်းစိုက်ဆူးအတုံးမှာ လှလှလေး စီထိုးလေသည်။ ထို့နောက် အလှအုန်းပန်းအခက်လေးတွေကို လိုသလောက်ဖြတ်ကာ ထိပ်ဖျားတို့ကို ခပ်စောင်းစောင်းညီအောင် တိလိုက်ပြီး ခုနနှင်းဆီပန်းခက် ပန်းစိုက်ဆူးပေါ်မှာ ဘေးပတ်ပတ်လည် ကားကားလေး ထိုးလေသည်။ နောက်ထပ်လစ်လပ်နေသည့်နေရာမှာ နှင်းဆီပန်းခက်တို့ကို ထပ်ထည့်လိုက်ပြီး အဆုံးသတ်အဖြစ် ဖန်ပန်းကန်လုံးလှလှလေးထဲ အသာထည့်လျက် ရေလောင်းထည့်လိုက်လေ၏။

"လှလိုက်တာ"

"သားသဘောကျလို့လား။ မမခင်ရော ဒါမျိုးမလုပ်ဘူးလားကွယ့်"

"မပြောတတ်ပါဘူး။ ကျွန်တော်သတိမထားမိတာလည်း ဖြစ်မှာပါ"

"ခါတိုင်း ထက်ပဲ ထိုးပေးတာကွယ့်၊ ခုတလော သူမအားတာနဲ့ မလုပ်ပေးတော့တာ"

"ဒေါက်တာက အိမ်မှုကိစ္စလည်း ဝါသနာပါတာပဲ လေ"





"အင်း၊ အိမ်မှာ မအေဖြစ်သူကော အဒေါ်ပါ အစစအရာရာလိုက်လုပ်ပေးနေတာနဲ့ပဲ ပေါက်ကျော်မတစ်ယောက် ဘာမှမလုပ်တတ်တော့ဘူးလေ။ ရေသာခိုလို့ကောင်းပါလေရော"

"ငယ်လည်းငယ်သေးတာကိုး အန်တီရဲ့"

"အဲဒါကိုအကြောင်းပြုပြီး အခွင့်ကောင်းယူတတ်နေတာလေ"

တီးတိုးရယ်ဖြစ်ကြလေ၏။ ဒီရောက်မှ သူနဲ့ရင်းနှီးသည့် မိန်းကလေးသုံးယောက်ထဲမှာ သဲသိမ့်သိမ့်သက်က အညံ့ဆုံးဆိုတာကို သူကိုယ်တိုင် သိနေတာလေ။

"အို! ကိုဇေယျာ ရောက်နေပြီလား။ အားနာစရာကြီး"

"အပြန်ကျ ထက်က စောမှာထင်တယ်"

'ဟုတ်ကဲ့မမ၊ ထက်ဘာသာ Taxi နဲ့ပြန်ပါ့မယ်"

"ကားက ဘယ်တော့ရမှာတဲ့လဲ"

"ဆိုင်မှာ ပုံနေလို့ တစ်ပတ်လောက်စောင့်ပါလို့တော့ ပြောတာပဲလေ"

"မောင်ရင်တော့ တစ်ယောက်တည်းပြန်မှာ စိတ်မချပါဘူးကွယ်"

"ဒီတော့လည်း ကိုလတ် လိုက်ပို့ပေးမှာပေါ့မမရဲ့။ မှ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့"

ကိုလတ်တဲ့။ သဲပြောတာ တကယ်ပဲဖြစ်နေခဲ့တာကိုး။ ဓာတ်ပုံထဲမှာပါ မြင်ဖူးသည့်လူကိုမြင်ယောင်ရင်း သူ့စဉ်းစားလိုက်မိ၏။ တော်ကြာ ဆေးရုံလိုက်ပို့ရင်း သူနဲ့ဒေါက်တာ့ကို တွဲတွေ့သွားကာမှ အဲဒီဆရာဝန် အူတွေတိုပြီး ပြဿနာရှာရင်တော့ အခက်ပါလေ။

"ဒါဖြင့် ခွင့်ပြုပါဦးခင်ဗျာ"

"အေးအေး. . . သွား"

ကားတံခါးပါ သူဖွင့်ပေးတော့ ထက်မျက်နှာက ပြုံးချင်ချင်။ ဒီလိုတော့လည်း မိန်းကလေးတွေကို သူဦးစားပေးတတ်ပါလားလေ။

"ကျွန်တော်လိုက်ပို့တာကိုသိရင် ဒေါက်တာ့ချစ်သူတော့ ပြဿနာမရှာလောက်ပါဘူးနော်"

"ဘယ်လို! ချစ်သူ"

"အင်းလေ, ခုနပဲ ဒေါက်တာရွတ်လိုက်တဲ့ကိုလတ်ဆိုတာပေါ့"

"ကိုလတ်ကို ထက်ချစ်သူလို့ ဘယ်သူပြောတာလဲ ကိုဇေယျာ"





"Album ကြည့်တုန်းက သဲပြောလို့ပါ"

"ပေါက်ကရတွေ၊ ဒေါက်တာနေဇင်လတ်ဆိုတာ ထက်ရဲ့ Classmate ပါ။ အင်း. . . ထက်ကို Propose လုပ်ထားတာတော့မှန်ပါတယ်။ ဒါပေမဲ့ ချစ်သူမဟုတ်ပါဘူး"

"လောလောဆယ်မဟုတ်သေးတာလား ဒေါက်တာ"

ထက် နှုတ်ဆိတ်သွားမိပါ၏။ ကြည့်စမ်း! ထက်တို့နှစ်ယောက် အခြေအနေဘာဆိုတာမှမတူးခြားသေးခင်မှာ ထက်ကို နှောင့်ယှက်တဲ့သူက သဲတဲ့လား။ ဒီလိုကောလဟာလလွှင့်တော့ တူမလေးအတွက် အကျိုးပိုရှိသွားသလားကွယ်။

"ဒေါက်တာ"

"ဟင်"

"စိတ်ဆိုးသွားသလားဟင်"

"မဆိုးပါဘူး ကိုဇေယျာရဲ့၊ ဘာများစိတ်ဆိုးစရာရှိလို့လဲ၊ ထက်က ဒီလောက်စိတ်မနုပါဘူးရှင်"

"ဝင်းထဲအထိ ဝင်ပေးမယ်နော်"

"ဟုတ်ကဲ့၊ လိုက်ပို့ပေးတဲ့အတွက် Thanks ပါရှင်"

ဆေးရုံပေါ်တီကိုအောက်မှာ ကားရပ်ပေးလိုက်စဉ် ဆေးရုံဝမှာ ရပ်နေသည့် duty coat ဖြူဖြူနှင့်ဆရာဝန်က အံ့ဩသွား



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ဒေါက်တာထက်ထက်ခိုင်မာတစ်ယောက် လူစိမ်းနဲ့တွေ့လာတာ ဒီနေ့မှ ထူးထူးဆန်းဆန်းမဟုတ်လား။

''ရပါပြီ ကိုဇေယျာ''

'ဟုတ်ကဲ့''

''ထက်''

''ရှင်. . . ဩော်, ကိုလတ်''

ကားပေါ်မှဆင်းဆင်းချင်း ဘေးနားရောက်လာသည့် ကိုလတ်ကြောင့် စိတ်က ညစ်သွားရပါ၏။ နဂိုကမှ ထက်ကို သူ့အထင်လွဲနေတာလေ။

''ဒါကိုလတ်လေ, ကိုဇေယျာ''

''ဟုတ်ကဲ့''

''ဘေးအိမ်က သားကြီးပါ ကိုလတ်။ ကိုဟိန်းဇေယျာတဲ့''

နှစ်ယောက်သား အကြည့်ချင်း စုံပေမယ့် မျက်နှာကတည်နေကြပါ၏။ လက်ဆွဲနှုတ်ဆက်ရန် ဘယ်သူမှလက်မမြှောက်တာမို့ ထက်မျက်နှာက အုံ့သြသွားလေသည်။ ဘယ်လိုပါလိမ့်၊ ခင်မင်ရင်းနှီးရန် မိတ်ဆက်ပေးကာမှ ဘာတွေဖြစ်ကုန်တာလဲနော်။

''ခွင့်ပြုပါဦး ဒေါက်တာ''





''ဟုတ်ကဲ့ပါ ကိုဇေယျာ''

ကားကိုဆက်မောင်းထွက်ခဲ့ပါ၏။ ကုမ္ပဏီရောက်တော့ အရင်ရောက်နေပြီဖြစ်သည့် ရန့်၏ကားဘေးမှာပင် သူ့ကားကို ရပ်ထားလိုက်ပါသည်။ ရန့်၏ကား သျှားညိုရောင်လေးဘေးမှာ သူ့ကားသစ်လေးက နီရဲတောက်ပနေသည့်နှယ်လေ။

အာရုံထဲမှာတော့ 'ဟီလေးရဲ့အဆက်'ဟု ပြောခဲ့သည့် ဒေါက်တာနေဇင်လတ်ကို မြင်ယောင်လိုက်မိတာမို့ ခေါင်းကို ဆတ်ခနဲခါလိုက်မိတော့၏။ နားထား ဟိန်းဇေယျာရေ့။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

'ငါ'

အရိပ်ပေးနေတဲ့သစ်ပင်
နွယ်လာမရစ်ပါနဲ့....
ဟင်းလင်းရှင်းထားတဲ့ရင်ခွင်
ရင်ထဲလာမရှုပ်ပါနဲ့....
ကိုယ့်ခြေပေါ် ကိုယ်ရပ်နေတာ ငါ
ကိုယ့်ဝမ်း ကိုယ်ရှာဖြည့်နေတာ ငါ
ကိုယ့်လမ်း ကိုယ်သွားနေတာ ငါ
ကိုယ်ရဖို့ လုနေတာလည်း ငါ
ကိုယ်ပိုင်တာ စွန့်ဖို့ဖြင်ထားတာလည်း ငါ
ငါနဲ့ငါသည်သာ နှိုင်းယှဉ်ရာ
ငါ့အတ္တကို လာမထိပါးချင်ပါနဲ့....





မြင်နေကျပုံစံမျိုးနဲ့မပေ့ါပဲ ထူးခြားနေတဲ့ယောကျ်ားတစ်ယောက်နဲ့ ဆုံချိန်မှာ ကလေးပီပီ ရယ်မိခဲ့တယ်။ ကိုယ့်ကိုတစ်စက်လေးမှကြည့်မရဘဲ မျက်စိစပါးမွေးစူးနေတဲ့လူကြီးကိုမှ စိတ်ဝင်စားမိရတယ်လို့....

သဲသိမ့်သိမ့်သက်


www.burmeseclassic.com

www.burmeseclassic.com



မာကျောတဲ့အရာဆိုတာ ဘာကိုပဲပြောပြော သူ့ဆန့်ကျင်ဘက်နဲ့တွေ့ရင် ပျော့သွားစမြဲပါပဲ။ ဘေးနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားတွေကိုတော့ စိတ်မကူးဘဲ ကိုယ့်ကိုယ်ကိုသာကြည့်တတ်တဲ့ယောကျ်ားတစ်ယောက်ကိုမှ သန္တာတွေပိုမိခဲ့ရတာလေ။ အများထဲကနေ တစ်မူထူးခြားနေတဲ့သူလိုလူကိုမှ စူးစူးနင်နင် ချစ်မိရတယ်လို့....

ထက်ထက်နိုင်ဇာ



'ဘက်'ဆိုတာ နေရာတကာမှာ ရှိစမြဲပါ။ လျှပ်စစ်မှာလည်း 'ဖိုဓာတ်'နဲ့'မဓာတ်' ရှိ...သလို လူတွေမှာလည်း 'ယောကျ်ား'နဲ့'မိန်းမ'ဆိုပြီး ခွဲခြားထားရှိတယ်လေ။ ကိုယ့်ကိုယ်ကို ဓာလှပြီလို့ ထင်ထားခဲ့တဲ့နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိတဲ့သူ့လိုလူကိုမှ ဘာကြောင့်စိတ်ယိုင်ခဲ့မိတာပါလိမ့်။ ကိုယ့်ဘက်ပဲကိုယ်ကြည့်လေ့ရှိတဲ့သူ့ကိုမှ ချစ်မိခဲ့တာ အံ့သြစရာပါလေ....

ရနံ့

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ရုံးခန်းကိုဖွင့်ဝင်လိုက်တော့ အခန်းထဲမှာ ရန့်ရှိမနေပါချေ။ အန်ကယ့်အခန်းမှာများလား။ အတွေးဖြင့် ချက်ချင်းပင်ပြန်ထွက်ခဲ့ပါ၏။

"ဒေါက်! ဒေါက်!"

'ဝင်ခဲ့ပါ'ဟု အမိန့်မရသေးတာမို့ သူအံ့ဩသွားရပြန်ပါ၏။ တံခါးက Lock ချထားတာမို့ အထဲမှာ အန်ကယ်ရှိနေမှန်း သူသိလေသည်။

"ကိုဟိန်းဖေယျာ"

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



နောက်နားဆီမှအသံကြောင့် သူလှည့်ကြည့်လိုက်တော့ စာရေးကလေး မျိုးနိုင်ဖြစ်နေလေ၏။ ဒါဆို Meeting မရှိတာ အသေအချာပါပဲ။ မဟုတ်ရင် သူ့ကို အစည်းအဝေးရှိတယ်လို့ ကြိုပြောမှာကိုး။

"ရန့်က"

"Boss အခန်းမှာပါ အစ်ကို၊ စောစောကပဲ ရောက်လာတာ။ ဘာဖြစ်လာတယ်မသိပါဘူး။ မျက်နှာကြီးတင်းနေတာနဲ့ Boss က အခန်းထဲခေါ်လိုက်တယ်"

"အင်း"

အခြေအနေမကောင်းမှန်း သူသိလိုက်တာမို့ လှည့်ထွက်ရန် ပြင်လိုက်စဉ် တံခါးက ချပ်ခနဲပွင့်သွားပါ၏။

"ရန့်"

ရန့်က သူခေါ်တာကို မသိသလိုဖြင့် ထွက်သွားတာမို့ တအံ့တသြဖြင့် သူရပ်ကျန်ခဲ့ရလေ၏။ တံခါးက ပွင့်လျက်သား ဖြစ်နေတာမို့ ရုံးခန်းထဲမှအန်ကယ်က သူ့ကိုမြင်နေပါ၏။

"သား၊ မောင်ဇေယျာ"

"ဗျာ! အန်ကယ်"

"ခဏကွယ်၊ အတော်ပဲ...အန်ကယ်နဲ့ အပြင်ခဏ





လိုက်ခဲ့ပေးပါ"

"ဟုတ်ကဲ့"

ခေါ်မှာတော့ ဟုတ်ကဲ့ရတာပေါ့။ ကြည့်ရတာ သားအဖ နှစ်ယောက်ကြား ပြဿနာတစ်ခုခုကြောင့် စကားများကြတယ် ထင်ပါရဲ့။ အန်ကယ်လည်း မျက်နှာမကောင်းတာကိုး။ ရန့်မျက်နှာကတော့ မကြည်မလင်ဖြစ်နေပုံလေ။

"အလုပ်လုပ်ရတာ အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ပြေပါတယ် အန်ကယ်"

ရုံးခန်းပြင်ထွက်ကာ သူတို့အခန်းဘက် လမ်းလျှောက်ရင်း ပြောတာမို့ ခေါင်းညိတ်ရပါ၏။ ဘာလဲ၊ အလုပ်နဲ့ပတ်သက်ပြီး အမှားအယွင်းများရှိနေလို့လား။ ရင်ထဲမှာ အလိုလိုပူလာရချေပြီ။

"သမီးရေ့၊ ဖေဖေတို့ အပြင်ခဏသွားဦးမယ်။ Phone တွေဘာတွေဝင်လာရင် ကြည့်ရှင်းထားလိုက်ဦး"

"ဖေဖေတို့က ဘယ်သွားမှာလဲ"

"သိပ်မဝေးပါဘူးသမီးရဲ့"

"သူ့ကို ဘာကိစ္စနဲ့ခေါ်ရတာလဲ"

"ဟာ! ငါ့သမီးကတော့ မဟုတ်တာ ဂျစ်နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရန့်က ဂျစ်တာမှမဟုတ်တာ၊ ဒီမှာအလုပ်တွေ တစ်ပုံကြီးပဲ။ ပြီးရင် ဆိုဒ်တွေထဲ ပတ်ရဦးမယ်။ လုံးချင်းတိုက်ဆောက်ပေးရမယ့်မြေကွက်ကို ဒီနေ့မှသွားမကြည့်ရင် ပြဿနာက တက်တော့မယ်။ သုံးလပဲ အချိန်ရတာကို"

သူပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ဘယ့်နှယ်ကြောင့် ပြဿနာအရင်းခံက သူဖြစ်နေရပါလိမ့်။ အလုပ်နောက်ကျလို့လား။ အလုပ်တွေ ကူမလုပ်ပေးလို့လား။ ဒါမှမဟုတ် ဒီနေ့မှ မှတ်မှတ်ရရ အလုပ်နောက်ကျမိလို့လား။

ပြဿနာပဲ၊ ပွင့်ပွင့်လင်းလင်းရှိတဲ့မိန်းကလေးက ဒီနေ့မှ ဘာမှမပြောဘဲ သူ့ကိုရန်ရှာနေသလိုပါပဲလား။

"ခဏပဲလေ သမီးရာ"

"ပြီးရော. . . ပြီးရော၊ ရန့်ကတော့ ကိုယ့်အလုပ်ကိုယ်ပြီးအောင် လုပ်မှာပဲ၊ ပြီးမှ ဘယ်ရောက်နေလဲဆိုပြီး Phone နဲ့ လိုက် မ Check နဲ့။ Contact မရအောင် Phone ပိတ်ထားမှာ၊ ဒါပဲ"

"ဩော်, ဖေ့သမီးကကွာ"

ဟောကြည့်! ဖအေကို စိတ်ကောက်တာပဲလား။ ဒါမှမဟုတ် သူ့ကိုပဲ စိတ်ကောက်တာလား မသိပါလေ။ သေချာတာကတော့ အန်ကယ့်ကိုရော သူ့ကိုပါ စကားကောင်းကောင်းမပြောတာပါပဲ။

"အန်ကယ်သွားမယ့်နေရာက အရေးကြီးကိစ္စလား ခင်ဗျာ"

"အင်း, ကြီးတယ်လို့ပြောလည်း ရတယ်၊ မကြီးဘူးပြောလည်း ဖြစ်တာပဲ"

သေစမ်း။ အရေးမကြီးဘူးဆိုရင် သူ ဒီမှာပဲနေခဲ့မလို့ဟာ။ အန်ကယ်ရဲ့မရေမရာစကားကြောင့် သူ ဘာကိုမှမဆုံးဖြတ်နိုင်တော့တာလေ။ ဒီအဖေနဲ့ဒီသမီးကတော့ တူကိုတူလွန်းနိုင်ပါရဲ့။

"ဘာလို့မေးတာလဲ သား"

"ဟိုလေ, ရန့်တစ်ယောက်တည်း အလုပ်တွေပိနေပြီမို့လို့ပါ"

"အဲဒီတော့"

"ကျွန်တော် မလိုက်လို့ဖြစ်ရင် နေခဲ့ပါရစေ အန်ကယ်"

ဦးမြတ်ဆွေ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်ပါ၏။ မိမိသမီးတစ်ယောက် ဒီမနက် မည်သို့မည်ပုံမျက်နှာနဲ့ ကုမ္ပဏီမှာ သောင်းကျန်းဦးမည်ဆိုတာကို ကြိုမြင်နေတာကိုး။







www.burmeseclassic.com

www.burmeseclassic.com

ကားကြုံမဲ့တင်ရတာထက် ဒီမနက် ကားသစ်လေးပေါ် ခေါ်တင်လာတဲ့ ဆရာဝန်မလှလှလေးကိုမှ သမီးဖြစ်သူက မြင်ဖြစ်အောင်မြင်လိုက်လို့ ၂ တွေ ပေါက်ကွဲပါရောလား။

'ကိုယ့်ကားနဲ့ကိုယ်လာရင် ပေါရောက်သင့်တာပေါ့'ဆိုပြီး အစပျိုးလိုက်တဲ့ခေါ်သက မိမိရှေ့မှာ အမယ်အိုလေးလို ပွက်ပွက်ကို ညံပါရော။ 'ဘေးအိမ်က ဆရာဝန်မလေးဖြစ်မှာပါ'လို့ ပြေရာပြေကြောင်းပြောမှ ပိုဆိုးသွားတော့တာလေ။ ဘာကိုစိတ်ဆိုးလို့ ဆိုးမှန်းမသိဘဲ တရှူးရှူးတရှဲရှဲနဲ့ဖြစ်တော့မှ မှန်ယိုဆင်မလေးနှယ်ပါပဲ။

"ရတယ်လေ၊ အန်ကယ်က သားကို သမီးရဲ့စက်ကွင်းကလွတ်အောင် ခေါ်ထုတ်လာတာကွယ့်"

"ဗျာ! "

"ဟုတ်တယ်၊ ရန့်က စိတ်မကြည်ဘူးဟေ့ဆိုလို့ကတော့ ဒီတစ်နေ့လုံး သူ့နားက လူမှန်သမျှ နားအူပြီသာမှတ်။ အင်မတန်ဂျစ်ပြီး ဆီလိုအပေါက်ရှာဆူတတ်တဲ့ အာဂသမီးပဲ သားဖေယျာရေ့"

သူပြုံးမိပြန်လေ၏။ တူပြန်ပါရောလား။ သူလည်း ထိုနည်းတူစိတ်မျိုး ရှိတာပါပဲလေ။ သို့သော် ဖိုးတို့လို လူကြီးတွေ





နဲ့ အနေကြာလာတဲ့သူမို့ နှုတ်က အော်ဟစ်ပေါက်ကွဲတာထက် တစ်ယောက်တည်းကျိတ်ပြီး ခံစားတာကသာ ပိုလုပ်ဖြစ်ခဲ့တာပါ။

"ကျွန်တော် ပြန်တက်တော့မယ်"

"ကောင်းပြီ"

သူ အလယ်ထပ်မှာပင် Lift ရပ်လိုက်ပြီး တခြား Lift ဖြင့် အပေါ်ထပ်ကို ပြန်တက်လိုက်ပါ၏။ မဒေါ်သအိုးနဲ့ ဒီတစ်ရက်တော့ အတူနွဲ့ရမှာပေါ့လေ။

"အဲဒါ ငါစစ်ပြီးသားတွေလေ၊ ဘယ်နှခါ ပြန်စစ်ရမှာလဲ"

"ဟို့ . . . ဟို"

"သူ့စားပွဲမှာ သွားထားလိုက်"

"ဒီ . . . ဒီ File ဖိုင်တွေကရော မမ"

"ကျစ်! ထားစရာမရှိရင် မင်းခေါင်းပေါ် ရွက်ထားလိုက်၊ ကဲ! "

Phone ဝင်လာတာမို့ ကောက်ကိုင်လိုက်သဖြင့် စာရေးလေးရော ဝန်ထမ်းကောင်မလေးပါ သူမရှေ့ ခပ်ယို့ယို့လေး ရပ်နေလေ၏။ ဒီမန်နေဂျာမမအကြောင်းကို သူ့ထက်ပိုပြီး ဒီကလေးတွေ သိနေကြမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ!. . . ခုထိ ကြေပြားမမှာရသေးဘူးလား။ အချော မသပ်ခင် Ready ဖြစ်နေရမယ်လို့ ဘယ်နှခါပြောရမလဲ။ တစ်ဆိုင်မရရင် နောက်တစ်ဆိုင်ရှာဝယ်ပေါ့။ ဆိုင်က တစ်ဆိုင်ပဲရှိသလား။ အဲဒါပြီးမှ နောက်တစ်အိမ်ကို စလို့ရမှာလေ။ ငါမပြောရင် ဒီတိုင်း ရေသာခိုနေကြမှာပဲလား။ အေး, မြန်မြန်ရှာ၊ ခဏနေ ငါလာခဲ့မယ်။ ဒါပဲ"

စားပွဲထက်သို့ Phone ကို ပွပ်ခနဲချလိုက်ပုံက ဆောင့်ဆောင့်အောင့်အောင့်။ ဤကလေးမ ဒီလိုပဲ စိတ်ဆိုးရင် ရန်ရှာပြီး နိုင်ရာရမ်းလေ့ရှိတယ်ထင်ပါရဲ့။

"အဲဒါဘာရပ်လုပ်နေကြတာလဲ၊ လုပ်စရာမရှိကြဘူးလား"

"ဟို. . . ဟို. . . ပို့လေ"

"မောင်မျိုးနိုင်"

"ဗျာ, အစ်ကို၊ အဲ. . . GM"

"သီဂိပါ File တွေ ဒီယူလာခဲ့"

"ဟုတ်ကဲ့"

ကယ်တင်ရှင် ရောက်လာသည့်နှယ် မျက်နှာလေးတွေ ဝင်းပသွားပြီး သူ့ထံအပြေးအလွှားရောက်လာကြလေသည်။ သူ





ာ File တွေကို တင်ထားခဲ့ခိုင်းပြီး ပြန်ထွက်ရန် မျက်ရိပ်ပြတာ ဖက်ပုပြီး ခြေဖွကာ နှစ်ဦးသား အမြန်ဆုံးလစ်သွားကြလေ၏။

"တောက်! မရှိရင်မရှိသလို လုပ်ချင်ရာလုပ်နေကြတာ ပဲ"

"ဒီစကားက ဘယ်သူ့ကိုစောင်းပြောတာလဲကွ၊ ဟေ"

"အစ်ကို့ကိုမပြောပါဘူး။ ဒီမှာစိတ်တိုနေတယ်။ စကား ာမပြောနဲ့"

"ရှိတာမှ တစ်ခန်းတည်းမှာ နှစ်ယောက်တည်းရှိတာ လေ။ ကိုယ့်ကိုမပြောရင် ဘယ်သူ့ကိုပြောမှာလဲ"

"သိဘူး"

ပြုံးပြီးရင်း ပြုံးလျက်သာပါပဲ။ အိမ်မှာ သူမျက်နှာထိ ျက်နှာထားနဲ့ တည်နေရင် ဘယ်သူမှစကားလာမပြောရဲကြသလို ကိုညီအစ်မနှစ်ယောက်ဆိုရင် နေစရာမရှိသလို ငြိမ်ကုပ်နေကြ ာပါလေ။ အခုတော့ ရန်က သူ့နေရာဝင်နေပြီ။ သူကတော့ ၂ွလည်နေပြီကော။

"သွားတော့မယ်"

"ဘယ်ကိုလဲ"

"ဘယ်ဖြစ်ဖြစ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ! အန်ကယ်မေးရင် ကိုယ်ပြောနိုင်မှဖြစ်မှာပေါ့ ရန်နဲ့ရဲ့။ နေဦးလေ"

"ဘာလုပ်မလို့လဲ"

"ကိုယ်လည်းလိုက်မှာပေါ့"

"ဒီမှာအလုပ်တွေ ရှိတယ်မဟုတ်လား။ ကိုယ့်ဘာသာ ကိုယ်လုပ်ရင်း နေခဲ့ပေါ့။ လိုက်မရှုပ်နဲ့"

သူ့ကိုမျက်စောင်းခဲပြီး အခန်းထဲမှ ထွက်သွားစဉ် သူ ခုံမှအမြန်ထပြီး သူမနောက်ကို လိုက်ခဲ့ပါ၏။ စိတ်မြန်လက်မြန် ရှိသူပီပီ Lift ထဲဝင်တာကိုရော ကားမောင်းထွက်တာကိုပါ သူ မမီပါချေ။ သို့သော်လည်း သူမကားနောက်ကိုမီအောင် လိုက်ရ လေ၏။ မြို့ထဲကားကျပ်တာကိုတောင် ကျွမ်းကျင်စွာ မောင်းနိုင် သည့်သူမကို စိတ်ထဲမှ ကျိတ်ပြုံးပြီး ဂုဏ်ပြုမိလေသည်။

"လိုက်မလာနဲ့ဆိုတာ မရဘူးလား"

ကားကိုရှေ့ဆင့်နောက်ဆင့် ရပ်လိုက်စဉ် ရန်လုသည့်တိုက် ပေမယ့် သူမဖြုံပါလေ။ ဝင့်ဆိုတာ လက်တွေ့ဘဝမှာ အနည်း အကျဉ်းတော့ လည်တတ်တယ်မဟုတ်လား ဟိန်းဇေယျာ။

"အမေ့!"

ဆောက်နေဆဲတိုက်ပေါ်တက်စဉ် ပစ္စည်းအလေးအပင် သယ်လာသည့် အလုပ်သမားတွေနှင့် တိုက်မိသလိုဖြစ်သွားစဉ် သူမ ရှောင်လိုက်လေ၏။ အုတ်ခဲကျိုးပေါ် နင်းမိစဉ် ယိုင်သွား တာမို့ သူ့အမြန်ထိန်းလိုက်ရပါသည်။ သူ့ရင်ဘတ်ထဲ ကျောမှီ သလိုဖြစ်သွားတာမို့ သူမမျက်နှာပေါ်မှာ နှင်းဆီခင်းလို ရဲသွားတာ က သူ့အတွက် ပထမဆုံးအတွေ့အကြုံဖြစ်တာ အမှန်ပါလေ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ခုထိ စိတ်ကောက်တာမပြေသေးဘူးလား"

"ရန့် ဘယ်မှာကောက်လို့လဲ ဖေဖေရ"

"မနေ့ကတည်းက ဒီလောက်စူပုပ်ပြီး ကောက်နေတာလေ။ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

ဖေဖေ့ကို ဂျစ်ကန်ကန်ပင် ဖြေလိုက်မိပါသည်။ ဒီနေ့ Sunday ပိတ်ရက်မို့ သူနဲ့မတွေ့ရတော့ဘူးပေါ့။ ကောင်းတယ်၊ တွေ့နေရင် မျက်စိက နောက်ရဦးမှာ။ စကားလည်း များရဦးမှာလေ။ မနေ့က ဆိုက်ထဲသွားရင်း ခြေချော်မိတာကို ခုထိ ရန့်



www.burmeseclassic.com

www.burmeseclassic.com



မမေ့သေးပါ။ သူလှမ်းဆွဲလိုက်တာမို့ သူ့ရင်ခွင်ထဲ တွေးခနဲလဲကျသွားရတာကို။

သူ့ကိုသတိတရ တွေးလိုက်မိတိုင်း ရန့်မျက်နှာ နွေးသွားရတာအမှန်ပါ။ ပြန်မတွေးချင်ပါဘူးနော်၊ ရှက်စရာကြီး။ သူကတော့ မည်သို့ဖြစ်သွားမည်မသိ၊ ရန့်ကတော့ ခုချိန်ထိ သူ့ကိုယ်သင်းရနံ့သင်းသင်းလေးကို ရနေတုန်းပါပဲ။

ဆန့်ကျင်ဘက် သူစိမ်းယောကျ်ားတစ်ဦးကို ဤသို့မှတ်မှတ်ရရရှိနေတာ မှမှန်ပါရဲ့လား။ ရန့်ဘဝမှာ ယခုလို အငယ်တန်းအင်ဂျင်နီယာလက်မှတ်ရအောင် ကျောင်းတက်ခဲ့စဉ်တစ်လျှောက် ယောကျ်ားလေးသူငယ်ချင်းများစွာနဲ့ ခင်မင်ရင်းနှီးခဲ့တာပါလေ။

အလုပ်ထဲမှာရော ဒီလိုပါပဲ၊ ယောကျ်ားကြီးငယ်မရွေး အားလုံးနဲ့ တည်တည်တံ့တံ့ ဆက်ဆံခဲ့ရတာပါပဲ။ တူကိုမတူတာပါလေ။ သူနဲ့ကိုက တစ်မူထူးခြားတဲ့စိတ်အခြေအနေကို ဖြစ်လာစေတာကို။

"သမီး ဆံပင်မညှပ်ရသေးဘူးနော်၊ တော်တော်ရှည်နေပြီ"

ခေါင်းကို အသာသပ်လိုက်မိပါ၏။ တစ်အိမ်တည်းအတူနေတဲ့အန်တီလေးကဲတောင် သတိထားမိနေပြီ။ ဒီလို ရန့်ဆံပင်





ရှည်နေတာကို သူမမြင်ဘူးတဲ့လား။ 'ဆံပင်ညှပ်ဖို့ စိတ်ကူးမရှိတော့ဘူးလား'လို့ တစ်ခွန်းတလေပဲဖြစ်ဖြစ် ပြောသင့်တာပေါ့နော်။

"အရှည်ထားရင် ကောင်းမလားလို့"

ဖေဖေက သတင်းစာဖတ်နေရင်းက တမင်တကာပင် ချောင်းဟန့်သံပြုလေ၏။ ဘာလဲ, ရန့်စကားကိုများ လှောင်ချင်တာလား။ မိန်းကလေး ဆံပင်အရှည်ထားတာ အဆန်းမှမဟုတ်တာနော်။

"ဖြစ်ပါ့မလား သမီးရဲ့၊ ဆံပင်နည်းနည်းရှည်တာနဲ့ စိတ်အိုက်တယ်ဆို။ ပြီးရင် တစ်ပတ်သုံးခါ လျှော်ချင်သလို မလျှော်ဖြစ်ရင် ခေါင်းက ကိုက်ဦးမှာ"

ဖျက်တယ်ပေါ့လေ။ Show case မှန်ထဲသို့ အကြည့်ရောက်ခနဲရောက်သွားမိ၏။ တကယ်ပဲ ရန့်ဆံပင်တွေက လည်ကုပ်ကို ထောက်နေသည်အထိ ရှည်နေတာလေ။

သူ့ဘေးမှာ ပြုံးရွှင်စွာ ထိုင်လိုက်သွားတဲ့ ဆရာဝန်မလေးဆို ဆံနွယ်အရှည်ကြီးပါ။ ဒီလိုကန္ဒဲ့ကလျ ဆံပင်ရှည်မျိုးကို သူနှစ်သက်တာမဟုတ်လား။ ရန့်နဲ့စကားပြောကိုင်း ခပ်တည်တည်ပြောလေ့ရှိပေမယ့် အဲဒီတစ်ခဏလေးမြင်လိုက်ရတဲ့ အခိုက်အတန့်မြင်ကွင်းမှာ သူ့အပြုံးဝေဆာနေတာကို မြင်လိုက်ရတော



www.burmeseclassic.com

www.burmeseclassic.com



လေ။ တောက်! မနာလိုလိုက်တာနော်။

"ဘာစိတ်ကူးပေါက်ရပြန်တာတုန်း"

"မိန်းကလေးပဲ ဖေဖေရဲ့၊ အရှည်လေး ထားချင်လို့ပါ"

"သမီးပဲ ဆံပင်ရှည်လာရင် အဲဒီဆံပင်ကို ကျစ်ရမှာ စည်းရမှာ စိတ်ရှုပ်လို့ဆို။ ပြီးတော့ ကာလစ်တွေကြုံးတွေဝယ်ရင် ငွေလည်းကုန်ဦးမယ်လို့ပြောခဲ့ပြီး အခုဘယ်လိုဖြစ်ရတာလဲ"

'လုချင်လို့'ဟု ဝန်ခံရမှာ ရှက်စရာကြီးပါလေ။ ကိုယ့်ကိုယ်ကို ယောကျ်ားလေးဆန်ဆန် ခပ်မာမာ တောင့်တောင့်လေး နေလာခဲ့ပြီးမှ အခုလိုထဖြစ်တာမို့ အဆန်းဖြစ်နေမှာပါပဲ။ ဘယ့်နှယ်လုပ်ရပါ့မလဲနော်။

ပြီးတော့ အခုမှထပြီး အရှည်စထားဖြစ်ရင် ရန့်ဆံပင်က ဘယ်အချိန်ဘယ်ကာလမှ တင်ပါးဖုံးတဲ့အထိ ရှည်မှာတဲ့လဲ။ ကျောပူတာကို မခံနိုင်တာလည်း ရန့်အတွက် အနှောင့်အယှက်တစ်ခုပါလေ။

"စဉ်းစားဦးနော်၊ ခေါင်းမလျှော်တာနဲ့ ခေါင်းကိုက်တယ် ပြောဦးမှာ"

"တော်ပါပြီ၊ ညှပ်မယ် ညှပ်မယ်၊ ဒီညနေပဲ သွားညှပ်မှာ"





"ဖေ့သမီး ရှိုးရဲ့လား"

"ဘာကိုလဲ ဖေဖေရဲ့"

"သားအဖချင်း ပွင့်ပွင့်လင်းလင်းပြောကြေးဆို"

"အင်းလေ, ဖေဖေမိန်းမယူမယ်ဆိုရင် ရန့်ကို အရင် တိုင်ပင်ဖို့ပြောခဲ့တာ မမေ့ပါဘူး"

စကားလမ်းကြောင်းလွှဲလိုက်တာကို သိသည့်အလား ဖေဖေ လှောင်ရယ်လိုက်လေ၏။ ဒီလိုမအစ်ကြေးပေါ့နော်။ ရန့်ဆိုတာ ပွင့်လင်းတဲ့မိန်းကလေးဖြစ်ပေမယ့် လျှို့ဝှက်သင့်တာကိုတော့ လျှို့ဝှက်ထားပါရစေလား ဖေဖေ။

"No! No! ဖေဖေက သမီးကိုပြောနေတာ ရန့်ရဲ့။ စကား မလွှဲနဲ့"

"ရန့်က ဘာဖြစ်နေလို့လဲ"

"အိပ်ပျော်နေတော့လည်း နိုးရတာပေါ့လေ"

"ဖေဖေ့စကားကြီးက ဘာကြီးလဲကွာ"

ဖေဖေ ပြုံးမြမြဖြစ်နေတာကိုက ရန့်ကို အသည်းယားစေတာလေ။ လူကြီးဆိုတာ ရန့်တို့လို လူငယ်ဘဝကို ဖြတ်သန်းပြီးမှ ရောက်ခဲ့တာမို့ ရန့်ထက်ပိုပြီး ကြုံသိကြုံတတ်နေမှာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေ့သမီး ထူးခြားနေတာကိုပြောတာ"

"ရန့်က ဘာဖြစ်နေလို့လဲ"

"ဒီ Cover သုံးတာ Twice ဖြစ်နေပြီ ရန့်"

အန်တီလေးက သရက်သီးမှည့်ကို ခက်ရင်းဖြင့် ထိုးယူစားလိုက်ရင်း ရယ်ချေပြီ။ ထမင်းစားပြီးနားနေတုန်း စကားဝိုင်းက ရန့်ကို အတွင်းစကားနှိုက်တဲ့တိုက်ပွဲတဲ့လား။ စိတ်ရှုပ်လိုက်ပါဘိ။

"ပထမအချက်က ခါတိုင်း သနပ်ခါးတောင် မလူးဖြစ်တဲ့မျက်နှာကို မသိမသာအလှခြယ်လာတာ၊ ဒုတိယအချက်က ခါတိုင်းလို ဝတ်ဆင်ခဲ့တဲ့အဝတ်အစားတွေကို အခုဆို Fashion ကျကျ Match ဖြစ်တဲ့ Colour မျိုးရွေးပြီး အရောင်တွေထွက်လာတာ၊ တတိယအချက်ကတော့ အခုလိုမျိုး ဆံပင်ရှည်ထားဖို့ကြံလာတာပဲ"

"ရန့်က. . ."

"လူတစ်ယောက် လှချင်လာပြီဆိုရင် သူ့ရင်ထဲမှာ သာမန်ထက် ထူးခြားတဲ့ဖြစ်စဉ်မျိုးဖြစ်လာလို့ပဲ သမီး"

ကြည့်စမ်း! ဖေဖေ့ဝေဖန်သုံးသပ်ချက်က ရန့်ကို Direct ထိမှန်တာပါလား။ မဟုတ်ဘူးလို့လည်း မငြင်းဝံ့။ ဘာဖြစ်





လို့ ညာဖြစ်လို့ဆိုပြီး Reason လည်း မပြဝံ့ပါချေ။ နင်တော့သေပြီ ရန့်ရေ။

"မောင်ဖေယျာအပေါ်မှာ ရိုးရဲ့လား"

"ဘယ်လို! ရန့်က"

"ဒါပေါ့"

"ဖေဖေ့ပြက်လုံးက ဟာသမမြောက်ဘူးကွာ"

"မျက်စိမှိတ်ငြင်းချင်တဲ့သဘောလား"

"Please! "

Phone သံဝင်လာတာက ရန့်အတွက် ထွက်ပေါက်ရသွားတာလေ။ ဖေဖေ့ရှေ့က ရှောင်ထွက်နိုင်သည့် Phone ကို ဘာသာစကားမျိုးစုံဖြင့် ကျေးဇူးတွေတင်မိတာ မပြောပါနဲ့တော့။

"ဟဲလို, ခြေဘ်. . . သီဟလား။ ပြော"

"ဘယ်က သီဟတုန်း"

"ဖေဖေ မသိပါဘူး။ ပြောလေ သီဟ၊ ရန့်နားထောင်နေတယ်။ အားပါတယ်၊ အခုပဲ နေ့လယ်စာစားပြီး နားနေတာ၊ အချိုပွဲလား။ အင်း, အန်တီလေး သရက်သီးမှည့်လှီးပေးထားလို့ စားနေတာ။ သိပ်အချိုကြီးမဟုတ်ဘူး၊ ချိုချဉ်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရှေ့မှာ တမင်ရယ်ရင်း ထထွက်လာတော့ ဖေဖေ့မျက်နှာက သုန်သုန်မှုန်မှုန်လေ။ ဦးမြတ်ဆွေရဲ့သမီးပဲ ဖေဖေရယ်၊ ဒီလောက်တော့ ရန့်လည်း လည်ပါတယ်နော်။

"တီ!"

ဟွန်းသံပေးလျက် ခြံထဲဝင်လာသည့်ကားနီလေးကြောင့် ရန့်မျက်နှာ တည်သွားရလေ၏။ ဟွန်း! ဒီတစ်ရက် မတွေ့ရဘူးထင်နေတာ ဘာလာလုပ်ပြန်တာပါလိမ့်။

"အန်ကယ်ရှိလား"

အိမ်ဝမှာ Phone ပြောနေသည့်ရန့်ကို စကားစပြောတာမို့ မကောင်းတတ်၍ ညွှန်ခန်းထဲသို့ မေးငေါ့ပြလိုက်မိ၏။ နေဦးပေါ့၊ စကားမပြောဘဲနဲ့ကို နေပြလိုက်ဦးမယ်။

"ဟော! သားရောက်လာပြီလား။ မြရေ. ဖျော်ရည်တစ်ခုခုလုပ်ပေးပါကွယ်"

ကြည့်စမ်း! ဒါဆို သူ့ကို ဖေဖေခေါ်လို့ ရောက်လာတာပေါ့။ လမ်းကြုံလို့ အကြောင်းပြပြီး ရောက်လာတယ်ထင်နေတာမှန်းစရာကြီးနော်။

ရဲသီဟနှင့် ပြောလက်စ စကားက အဆက်ပြတ်သွားရလေ၏။ တစ်ဖက်က တတွတ်တွတ်ပြောနေသော်ငြား ရန့်စိတ်က





လွင့်နေလို့ပါလေ။

"ဟင်! ဘာလဲ"

"ကိုယ်လာလည်လို့ရမလားလို့ မေးနေတာလေ ရန့်ရဲ့၊ မကြားဘူးလားကွာ"

"ရပါတယ် သီဟရဲ့။ သူငယ်ချင်းတွေပဲဟာ၊ ဘာမရစရာရှိလဲ။ ဒီမှာ ဧည့်သည်ရောက်လာလို့ စကားလှမ်းပြောနေတာ"

"ဘယ်ကဧည့်သည်လဲ၊ ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်ပေါ့၊ ယူ့အပူလား"

"ဟိုတစ်ခါ ကားပေါ်ပါလာတဲ့လူတော့ မဟုတ်လောက်ပါဘူးနော်"

ရန့် ရယ်ချလိုက်မိလေ၏။ သီဟစိုးရိမ်နေသည့်အတိုင်း ဘာကယ်ပဲ သူရောက်နေတာကိုး။ Sorry ပဲ သီဟရေ့။

"ဘာသဘောကျလို့ ရယ်နေရတာလဲ"

"ကွက်တိမှန်နေလို့"

"ဟာကွာ၊ အဲဒီလူနဲ့ ရန့်နဲ့က ဘာလဲကွာ"

"သိဘူးလေ, သိချင်ရင် အိမ်ကိုလာတော့ ဖေဖေ့ကိုမေးကြည့်ရင် သိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် အန်ကယ်သဘောတူထားတဲ့လူလား"

"ဪ, မသိပါဘူးလို့ဆို"

"နေ့တိုင်း အလုပ်မှာ အတူတွေ့နေရတာတောင် အခု အိမ်လာလည်တယ်ဆိုတော့ ရန့်အပေါ် ဒီလူမရိုးသားလို့ပဲ"

"I don't know."

ရယ်ဟာဟာဖြင့် ဖြေလိုက်ပြီး Phone ပိတ်လိုက်စဉ် သူက ထိုင်ရာမှ ထရပ်လိုက်ချေပြီ။ ကြည့်စမ်း! ဖေဖေ့ဆီ လာတာပေါ့လေ။ ဖေဖေနဲ့ပြောစရာရှိတာ ပြောပြီးရင် ထပြန်တဲ့သဘောပေါ့။ ရန့်နဲ့ စကားတောင်မပြောချင်ပုံမျိုးနဲ့လေ။ အမြင်ကပ်လိုက်တာ နော်။

"ခွင့်ပြုပါဦး အန်ကယ်"

"အေးအေး. . .သွား"

ကဲ! ထထွက်လာပြီမို့ တိုက်ဝမှာပင် ပေကပ်ကပ်ဆက် ရပ်နေမိ၏။ မပြောချင်လည်း နေပေါ့ရှင်။

"ကိုယ်ပြန်ဦးမယ်"

"ပြန်ပေါ့"

"ခုထိ ဆံပင်မညှပ်သေးဘူးလား"

"ရှင့်အပူ မပါပါဘူး"





"ရန့်က ဆံပင်အတိုနဲ့လိုက်လို့ စေတနာနဲ့ပြောတာပါ"

"စိတ်ချ! အရှည်ကို ဆက်ထားဖြစ်အောင် ထားဦးမှာ"

သူက ပြုံးရင်း ကားပေါ်တက်မောင်းသွားလေ၏။ 'ရှင်က ဆံပင်ရှည်တွေကိုပဲ သဘောကျတာမဟုတ်လား' ဟူသည့်မေးခွန်းကို မပြောမိအောင် ထိန်းလိုက်ရတာလေ။

ရန့်က ဆံပင်တိုနဲ့ပဲ လိုက်တာတဲ့လား။ ရှင်, ကျွန်မကို မပြုံစားပါနဲ့လား ကိုဟိန်းဇေယျာ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ခြံထဲသို့ ကားမောင်းဝင်လိုက်သည်နှင့် ပန်းခြံထဲမှ ပြေးထွက်လာသည့် ကောင်မလေးကြောင့် သူနှာခေါင်းရှုံ့လိုက်မိလေ၏။ ဒီကလေးမကတော့ သူ့ကိုတစ်ရက်မတွေ့ရရင် မနေနိုင်သလိုပါပဲလား။

"ကိုကြီး ဘယ်သွားနေတာလဲ"

"ဘယ်ဖြစ်ဖြစ်ပေါ့"

"ကြည့်! စကားအကောင်းကိုမပြောဘူး။ ဘယ်လိုလူကြီးလဲ"

"ကျစ်! ဝေးဝေးနေစမ်းပါ၊ ပူရအိုက်ရတဲ့ကြားထဲ၊ စာ



www.burmeseclassic.com

www.burmeseclassic.com



မေးပွဲရှိတယ်မဟုတ်လား၊ စာမကျက်ဘဲ အိမ်လျှောက်လည်နေရလား''

ကားပေါ်ကဆင်းတာနဲ့ သူ့လက်မောင်းကို လာကိုင်သည့် သဲလက်ကို သူရုန်းလိုက်ပါ၏။ တခြားအချိန်က အကြောင်းမဟုတ်။ ဒီနေ့ဆို အိမ်မှာ ဖေဖေပါရှိနေတာမို့ လူစုံနေတာလေ။

''မသိတာရှိလို့ လာမေးတာပေါ့ ကိုကြီးရ''

''YIT ကျောင်းသူဖြစ်ပြီး မသိတာတွေ ဒီလောက်များရသလား။ ဒါဆိုလည်း အဲဒီမှာ သွားတက်မနေနဲ့တော့၊ ရိုးရိုးမေဂျာပြောင်းယူပြီး ဒဂုံပဲဖြစ်ဖြစ် အနောက်ပိုင်းဖြစ်ဖြစ် ပြောင်းလိုက်တော့''

''ကြည့်! ကိုကြီးနော်''

စလာပြန်ပါပြီ။ လက်မောင်းကိုထုတဲ့အကျင့်။ ရန်ဆိုသူနဲ့ စကားပြောရင် ခပ်ဝေးဝေးကနေ လူချင်းမထိအောင် ပြောတတ်တာလေ။ ဒေါက်တာဆိုလည်း သူ့သိက္ခာနဲ့သူ ခပ်ကင်းကင်းလေး ဣန္ဒြေအပြည့်နဲ့နေလေ့ရှိပေမယ့် ဒီကလေးမကတော့ သူ့လက်မြှောက်ရလောက်အောင် အကဲပိုပုံ။ နာမည်သဲသဲကို ကဲကဲလို့ပြောင်းဖို့ပင် ကောင်းနေပြီလေ။

''ဟိုမောင်နှမတွေ ဘာဖြစ်လာပြန်ပြီလဲ''





''ဒီမှာလေ ဦးဦးရဲ့၊ သဲ စာလာမေးတာကို ကိုကြီးက ဟောက်လွှတ်နေလို့''

''သားကလည်းကွာ၊ ညီမလေးကို စိတ်ရှည်ပေးမှပေါ့''

''ဘာညီမမှမလိုချင်ပါဘူး၊ ရှုပ်ကိုရှုပ်တယ်''

''ကြည့်! ကိုကြီးနော်၊ သဲ အော်ငိုလိုက်မှာ''

''ငါအဝတ်အစားလဲမလို့ နောက်ကနေ လိုက်မလာနဲ့''

''လိုက်တော့ဘာဖြစ်လဲ''

''မိသဲ''

''သဲစာအုပ်တွေက အပေါ်ထပ်ဧည့်ခန်းမှာလေ ကိုကြီးရဲ့။ ဖြစ်နေလိုက်တာနော်၊ လူကို သရဲသဘက်ထင်နေလားမသိ။ လူ့ခွစာကြီး''

တကယ်စိတ်မဆိုးပါဘဲ တမင်ပြောနေသည့်ကောင်မလေးကို ဖေဖေတို့ရှေ့မှာမို့ သူ ဘာမှဆက်မပြောတော့ပါလေ။ ပြောရင်လည်း အာခြောက်တာသာ အဖတ်တင်ပြီး နားတန်မနာတဲ့မိန်းကလေးပဲမဟုတ်လား။

လှေကားမှတက်စဉ် သူ့လက်ကိုမတွဲပေမယ့် အင်္ကျီနောက်ကျောကိုဆွဲပြီး လိုက်တက်တာမို့ သူလှည့်ပြောလိုက်စဉ် အပေါ်ထပ်မှဆင်းလာသည့်ညီနှင့် ဆုံရတော့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အကျီရှည်ကုန်မယ်လေ၊ လွှတ်စမ်းပါ"

"ရှည်သွားရင် ကိုကြီးအတွက် သဲ အသစ်ဝယ်ပေးမှာပေါ့။ ဘယ်နှထည်လိုချင်လဲ,ပြော။ ဒါဖင်လိုက်တောင် ဝယ်ပေးဦးမှာ၊ ကျစ်! "

"ဘယ်ကငွေနဲ့ ဝယ်ပေးမယ်ပြောနေလဲ၊ ညည်းမှာ ဝင်ငွေက ရှိတာကိုး"

"သဲမုန့်ဖိုးထဲက စုထားတာနဲ့ ဝယ်ပေးမှာပေါ့ ကိုကြီးရေ့ အထင် မ Small ပါနဲ့နော်။ Hi! ကိုကို, အိပ်ရာက နိုးလာတာမဟုတ်လား"

ဘာမှပြန်မပြောဘဲ သူတို့နှစ်ယောက်ကို ပြုံးကြည့် ကြည့်ပြီး လေ့ကားဆက်ဆင်းသွားသည့်ညီညီ့ကို လှည့်ကြည့်လိုက်မိ၏။ ဒီကောင် ဘာအချိုး ချိုးပြန်တာပါလိမ့်။

"ဘာ Style လဲကွာ"

"စိတ်မကြည်ရင် သွားမစနဲ့လေ"

"သဲ ဘယ်မှာစလို့လဲ"

"ကဲ! ထိုင်ခုံမှာ ထိုင်စောင့်နေ"

"ဘာလဲ၊ အခန်းထဲ လိုက်ဝင်မှာကြောက်လို့လား။ ဟီးဟီး! ကိုကြီးက ရယ်ရတယ်ကွာ"





"လူကြီးကို နောက်စရာမှတ်နေလား"

"လူက ဘယ်လောက်များကြီးလို့လဲ၊ မှန်း!"

"ကျစ်! ဖယ်စမ်းပါ"

သူ့လက်မောင်းကြွက်သားကို ကိုင်ညှစ်လိုက်တာမို့ လက်ကို ဖျတ်ခနဲရုန်းခါလိုက်စဉ် လေ့ကားထိပ်ဆုံး မရောက်သေးတာမို့ သူမကို တွန်းလိုက်သည့်နှယ် ဖြစ်သွားရလေသည်။

"အမေ့!"

"ဟာ! သေတော့မှာပဲ၊ မင်းဟာလေ, ငါပြောနေတဲ့ကြားထဲက။ ကျွတ်!"

နောက်လန်ကျမလို ဖြစ်သွားသဖြင့် အလန့်တကြားအာမေဍိတ်သံ ထွက်သွားသည့်သူမလက်မောင်းကို သူအမြန်လှမ်းဆွဲလိုက်ပါ၏။ လန့်သွားသည့်ကြောင့်ထင့်၊ သူ့ရင်ခွင်ထဲ ခေါင်းနှင့်လျက် ဖက်တွယ်ထားသောကြောင့် သူပြုံးပင် ပြုံးလိုက်မိလေသည်။ အာဂသတ္တိကတော့ စံပြပါပဲလား။

"ဟိတ်! အပေါ်ဆက်တက်ရဦးမယ်လေ"

"သဲ ကြောက်လို့ပါ"

အသံတုန်နေတာမို့ တကယ်လန့်သွားမှန်း သူရိပ်မိပါ၏။ သူ့ကားကနေ လိမ့်ကျသွားလို့ကတော့ ကျိုးပဲ့ရုံထက် မကနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါလေ။

"အကြီးမနဲ့ အငယ်မ"

"ရှင်, ကိုကိုကြီး"

"အားတဲ့လူ ရေအေးတစ်ဘူးနဲ့ ဖန်ခွက် ယူလာပေး။ မြန်မြန်လေးနော်"

"ဟုတ်"

သူမလက်မောင်းကိုကိုင်ဆွဲပြီး ဖခေါ်ထပ်ညှော်ခန်းထိုင်ခုံမှာ ထိုင်ခိုင်းလိုက်ပါ၏။ သွေးမရှိတော့သလို ဖြူဖျော့ဖျော့မျက်နှာကို ငုံ့ကြည့်ရင်း သူပင် စိုးရိမ်ပူသွားရလေသည်။ ဒုက္ခပဲ၊ ဒီကလေးမတော့ လိပ်ပြာလွင့်ကုန်ပြီလား။

"သဲသဲ"

"ဟင်"

"ရလား၊ ဆေးခန်းလိုက်ပို့ပေးရမလား"

"ဟင့်အင်း"

"မျက်နှာတောင် သွေးဆုတ်သွားသလိုပဲ။ ဒီလောက်ထိ အသည်းငယ်ရသလားကွ"

"ကိုကြီး ကိုယ်ချင်းစာကြည့်ပါလားလို့"

"အင်း, သူများသားသမီးကို ဒီလိုတော့ မလုပ်ကြဖို့ပါ





ဘူး။ အလျော်ပေးဆိုရင် ဒီအရွယ်ကြီး ဘယ်မွေးပေးလို့ရပါ့မလဲ၊ မဟုတ်ဘူးလား"

အကြောက်ပြေအောင် သူပြောတော့ သူမ၏မျက်စောင်းက ဒိုင်းခနဲရောက်လေ၏။ ရေဘူးရောက်လာပြီမို့ ဖန်ခွက်ထဲရေထည့်ပြီး သူမလက်ထဲသို့ ပေးလိုက်ပါသည်။ လက်တုန်နေတာမို့ လက်နှစ်ဖက်ဖြင့်ကိုင်ကာ ရေသောက်နေစဉ် အဝတ်လဲရန် သူ့အခန်းထဲသို့ သူဝင်လိုက်လေ၏။

"အတန်းကြီးလာလေ, စာမှုးလာလေပဲနော်"

"စာကိုချစ်ရင် စာကလည်း ကိုယ့်ကိုပြန်ချစ်တာပေါ့။ ကြောက်စရာမှမလိုတာ၊ ကိုယ်တန်ဖိုးထားရင် သူကလည်း ကိုယ့်ကို ပြန်တန်ဖိုးထားတယ်။ မှန်လိုက်လျှင်ကြပေါ့"

"ဟင်! ကိုကြီးစကားက ဘာကြီးလဲ"

"မှန်တာပြောတာလေ၊ စာအုပ်စာပေ လူ့မိတ်ဆွေဆိုတာ အလကားရှိတဲ့စကားပုံမှမဟုတ်တာ။ ဘယ်စာမဆို တန်ဖိုးထားပြီးဖတ်ရင် သူက ဗဟုသုတဆိုတဲ့အိုးထဲ အကုန်ပြန်ဖြည့်ပေးတယ်။ မင်းလိုစာဖတ်ပျင်းလို့ကတော့ ဦးနှောက်က ပွစ္စဦးနှောက်ပဲပြည့်မှာ"

"ဟွန်း! လူကို ချိုးချိုးဖဲ့ဖဲ့ပြောပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပြောရင် ရွာပြင်မှာ နေရတယ်တဲ့။ သိတယ်မဟုတ်လား"

"သိဘူး"

"မင်းသိတာဆိုလို့ ဘာရှိလဲ အလကားဟာလေး။ ပြောလိုက်ရင် ဘာမှမသိဘူး။ အဲဒါကြောင့် မင်းကို ပုစွန်ဦးနှောက်လို့ပြောတာ နည်းတောင်နည်းသေးတယ်။ ပြောစကားကို နားမထောင်ဘူး။ မျက်နှာက ပြောင်စပ်စပ်ဖြစ်ရင်ဖြစ်၊ နှုတ်ခမ်းက တစ်တောင်လောက် စူရင်စူ၊ ဒါပဲလုပ်ဖို့သိတယ်"

တဟိဟိဖြင့် ရယ်နေပြန်လေ၏။ အရင်က စကားတစ်ခွန်းမှမပြောဘဲ မြုံစိစိနေတတ်လေ့ရှိသည့်လူကို အခုလို ပေါက်ပေါက်ဖောက်သလို ပွစိပွစိပြောဖြစ်စေတာလေ။ စာမေးပွဲတောင်မှ မပြန်ဘဲ အချိန်တော်တော်ကြာ စကားပြောပြီး ညနေစောင်းသွားမှ ထပြန်သည့်သဲသိမ့်သိမ့်သက်ကို အိမ်ဝထိ သူပြန်လိုက်ပို့ဖြစ်ပါ၏။

ခဏနေ ရေမိုးချိုးပြီး ထမင်းစားရတော့မှာမို့ အပေါ်ထပ်သို့ပြန်တက်ခဲ့စဉ် ညီညီနှင့်ဆုံရပြန်ချေပြီ။

"ကိုကို"

"ပြော"





"ခဏ"

"ငါရေချိုးတော့မှာ၊ ပြောစရာရှိတာ မြန်မြန်သွက်သွက်ပြော"

"သဲနဲ့ပြောတုန်းကတော့ ဒီလိုမဟုတ်ပါဘူး။ ကျွန်တော်နဲ့ပြောမယ်ဆိုမှ ဘယ်လိုဖြစ်တာလဲ"

ညည့်ခန်းခုံက အခုလေးပဲ ထထွက်လာတာကို ပြန်ထိုင်ခိုင်းမှတော့ သူမငြီးငွေ့တဲ့ နေမလား။ ဂျစ်ကန်ကန်ကြည့်နေသည့် ညီညီရှေ့ခုံမှာ ပြန်ထိုင်လိုက်ရလေ၏။

"ဘာလဲ, ပြော"

"ကိုကိုနဲ့သဲက ဘာလဲ"

ဗုဒ္ဓေါ! ဘာမေးခွန်းကြီးပါလိမ့်။ မထင်မှတ်ထားတာမို့ ညီညီ့ကို သူက တအံ့တဩဖြင့် ကြည့်လိုက်မိပါ၏။ ဘာသဘောနဲ့များ မေးတာလဲညီညီ။

"ဘာကိုဆိုလိုတာလဲ"

"ကိုကို့ကိုယ် ကိုကို အသိဆုံးဖြစ်မှာပေါ့"

"မင်းက မရှင်းမရှင်းမပြောနဲ့လေ"

"ကျွန်တော်က ရှင်းတယ်၊ မရှင်းတာက ကိုကိုဗျ။ မမတက်နဲ့လည်း ဘာလိုလို၊ သဲနဲ့လည်း ညာလိုလိုနဲ့ ရှုပ်ယှက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ''

''ဘာကွ''

သူက စိတ်ဆတ်သူမို့ ဒေါသက ထောင်းခနဲထွက်ပြီး အသံထွက်ချေပြီ။ ကြည့်စမ်း! သူ့အပေါ် ဆက်ဆံနေတဲ့ ညီညီ ပုံစံက တကယ့်ရန်သူကြီးအတိုင်းပါပဲလား။

''ဟုတ်တယ်လေ၊ မမနဲ့တွဲမယ်ဆိုရင်လည်း ပြတ်ပြတ်သားသားပေါ့။ ဘာလို့သဲနဲ့လည်း မရှင်းမရှင်းဖြစ်ချင်ရတာလဲ''

''ညီညီ''

သူ့အသံက ဟိန်းခနဲထွက်လာပါ၏။ အိမ်မှာ မိသားစု စုံနေချိန်မှာမှ ပြဿနာရှာရတယ်လို့၊ လေ့ကားဆီမှ တဖျတ်ဖျတ် တက်လာသံတွေ ကြားလိုက်ရလေ၏။ မိဘတွေပဲ ဖြစ်မှာပေါ့။ ပြီးရင် ဒီကောင့်ဘက်က ကာဆီးကာဆီးနဲ့ ဝင်ပြောကြဦးမှာလေ။

ဟုတ်တယ်၊ နောက်ဆုံးတော့ သူက ဥတစ်လုံး တစ်ကောင်ကြွက်၊ တစ်မျက်နှာ အပယ်ခံဘဝနဲ့ပဲ ခံပြင်းစိတ်တွေ ဗလပွနဲ့ ကျန်ခဲ့ရဦးမှာပါ။ မိဘဆိုတဲ့အရိပ်အာဝါသအောက်မှာ အေးချမ်းစွာ ခိုလှုံခွင့်က ဒီဘဝမှာ မရနိုင်တော့ဘူးထင်ပါရဲ့။

''ဘာဖြစ်နေကြတာလဲ''

''ဘာမှမဖြစ်ပါဘူး မေမေ''





''ဘာမှမဖြစ်ဘူးသာဆိုတယ်၊ သားအသံက အကျယ်ကြီးထွက်လာတာ လန့်လိုက်တာကွယ်''

မေမေက ရင်ဘတ်ဖိလျက် ညီညီ့နား သွားရပ်လိုက်လေ၏။ သိတယ်လေ၊ ဒီလိုပဲဖြစ်လာမယ်ဆိုတာ သူကြိုတွက်ထားပြီးသားမဟုတ်လား။

''ညီအစ်ကိုတွေ သင့်သင့်မြတ်မြတ်ဖြစ်တာမှ မကြာသေးဘူး၊ အခုဘာဖြစ်ကြပြန်တာတုန်း''

မေမေ့အမေးကို ဘယ်သူမှပြန်မဖြေဘဲ နှစ်ယောက်သား ငြိမ်နေဖြစ်ကြ၏။ ကောင်းပြီလေ၊ မင်းရဲ့စိတ်ရင်းအမှန်ကို အစောကြီးကတည်းက သိခွင့်ရတာပေါ့။ ငါက ဒီမှာ ခဏတာ လာတည်းနေရတဲ့ဧည့်သည်ပါပဲ ညီညီဦးရယ်။

''ကျွန်တော် အိမ်ပြောင်းနေတော့မယ်''

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

အာမေဋိတ်သံတွေ ပြိုင်တူထွက်လာပါ၏။ ဒီလိုပဲ ဆုံးဖြတ်ရတော့မှာပေါ့။ သူ့ကိုမှအလိုမရှိတဲ့ ဒီနေရာမှာ စိတ်ညစ်စိတ်ရှုပ်ခံပြီး တစ်စက္ကန့်လေးမှနေဖို့ မကောင်းတော့တာလေ။

"သားကြီး"

"ကျွန်တော့်ကိုနားလည်ပေးပါ ဖေဖေ၊ ဒီအိမ်ကိုရောက်ကတည်းက ဒီမှာတစ်သက်လုံး နေဖို့ စိတ်ကူးမထားပါဘူး။ ကျွန်တော့်ဘာသာ တိုက်ခန်းမှာပဲဖြစ်ဖြစ် တစ်ယောက်တည်း သီးသန့်နေဖို့ ရည်ရွယ်ပြီးသားပါ"

"နေပါဦး. . . နေပါဦး သားကြီးရယ်၊ မေမေတို့နားလည်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှင်းပြပါဦးလား။ သားငယ်နဲ့ဘာများပြဿနာဖြစ်လို့ အခု လို ရုတ်တရက်ပြောလာရတာလဲ''

''အခုမှစိတ်ရှုပ်ပေါက်ပြီး ပြောတာမဟုတ်ရပါဘူးမေမေ။ ကျွန်တော့်မှာ အစကတည်းက ရည်ရွယ်ထားပြီးသားမို့ပါ။ တိုက်ခန်းကို ငွေချေဖို့တောင် ရက်သတ်မှတ်ပြီးပါပြီ''

''ဘယ်မှာတဲ့လဲ''

သူ နှုတ်ပိတ်သွားပါ၏။ မပြောချင်ပါ။ အရင်တည်းက သူ့ကို ဒီအိမ်ထဲမှ မောင်းချခဲ့တဲ့အတိတ်မည်းက သူ့ဘဝရဲ့အရိပ်ပါပဲ။ ဒီအရိပ်က သူ့အတွက် ဒီအရွယ်ရောက်နေတာတောင်မှ ဒီအိမ်မှာ မနေစေချင်တာက မိဘနှစ်ယောက်စလုံးက မဟုတ်တဲ့ နောက်ထပ်တစ်ယောက်ကတောင် သူ့ကိုကန့်ကွက်နေပြီလေ။

''အငယ်မလိုချင်ဘူး။ အငယ့်ကိုမုန်းတယ်'ဟု ငယ်စဉ်က မပီကလာပီကလာပြောခဲ့တဲ့ ဝဋ်ကြွေးက အခုတော့ ဝဋ်လည်ပြီပဲ။ ကလေးဘဝတုန်းက မသိနားမလည်စိတ်နဲ့ ဆန့်ကျင်ပြောဆိုခဲ့တာကို အငြိုးအတေးထားခဲ့ကြလေသလား။

မေတ္တာမပေးရင်လည်း နေပါ၊ စွန့်ပစ်ခဲ့ပြီးရင် ပြန်ခေါ်တာ ဘာကြောင့်လဲ။ မေ့ပြီးမှတော့ ဆက်မေ့ပါလား။ အမှိုက်လို ပစ်ခဲ့ပြီးရင် ဘာလို့ပြန်ကောက်ကြသလဲ။





မမွေးချင်ရင် သူ့ကို လူ့ဘဝထဲ မခေါ်ပါနဲ့လေ။ အခုတော့ လူဖြစ်ပြီး သူ့ရင်ထဲမှာ ရင်ကွဲနာကျပြီး အတ္တခါးခါးတွေသာ ပြည့်နှက်နေပြီပဲ။

ဟုတ်ပါတယ်၊ ဒီဘဝမှာ လူဖြစ်ခွင့်ပေးခဲ့တဲ့လောကကြီးကို သူမုန်းတီးတာ အမှန်ပါ။

''သားကြီး''

''မပြောပါရစေနဲ့ ဖေဖေ''

''ခဏထိုင်ဦး သား။ သားငယ်ကိုခေါ်သွားပါ ခင်။ ကိုယ် သားကြီးကိုပြောစရာရှိလို့''

'ဟုတ်ကဲ့''

ညီညီလက်မောင်းကိုကိုင်ကာ ခေါ်သွားသည့်မေမေ့ရဲ့ နောက်ကျောကို ကြည့်နေရင်း သူမျက်ရည်ဝဲလာပါ၏။ ယောက်ျားပီသသည့်ခန္ဓာကိုယ်ရှိပေမယ့် ဒီလိုလူရဲ့စိတ်က အားငယ်နေပြီး ညဘက်မှာ ဘယ်သူမှမသိအောင် မျက်ရည်ကျခဲ့ရသည့်ရက်စွဲတွေက အခုဆိုရင် နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီလေ။ ဒါကိုဘယ်သူမှမသိပါဘူး။

''သားကြီး''

''ကျွန်တော် ဆုံးဖြတ်ပြီးပြီ ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



''စဉ်းစဉ်းစားစားလည်း လုပ်ပါဦးလား သားကြီးရယ်။ ဖေဖေတို့နဲ့အတူမနေဖြစ်တာ အခုဆို အနှစ်နှစ်ဆယ်ကျော်ပြီ မဟုတ်လား''

'အဲဒီလိုနေခွင့်မရအောင် ဖေဖေတို့ပဲ လုပ်ခဲ့တာမဟုတ်လား'ဟု မေးချင်ပေမယ့် သူ နှုတ်ပိတ်ထားရပါ၏။ အခုမှ စကား ထဲထည့်ပြောတော့ ဘာထူးတော့မှာလဲ။

''ခုမှ မိဘအရိပ်မှာ နေခွင့်ရတာမို့ ဒီအိမ်ကနေ မထွက်ချင်ပါနဲ့လား သားရယ်''

အခါခါစဉ်းစားခဲ့ပါတယ် ဖေဖေ၊ မိဘရင်ငွေ့ခိုလှုံရမယ့် အရွယ်မှာ ရသင့်တဲ့ချစ်ခြင်းမေတ္တာကိုများ သူရရှိခဲ့ပါသလား။ ပိုင်ဆိုင်ခဲ့တဲ့အမွေဆိုတာတွေက အဲဒီမေတ္တာကို လဲလှယ်တောင် ယူလို့မှ မရနိုင်တာလေ။ ဖြစ်နိုင်ရင် သူချစ်နိုင်မယ့်လူတွေဆီက နေ မေတ္တာတရားကို ကြေးဘယ်လောက်ပုံပေးရပေးရ ဝယ်လို့ ရရင် ဝယ်လိုက်ချင်ပါရဲ့။

''မိဘအရိပ်အောက်မှာ နေတဲ့အရွယ်ကိုကျော်လွန်ခဲ့ပါ ပြီဖေဖေ''

''သား''

''အနောက်နိုင်ငံတွေမှာဆိုရင် သားသမီးတွေ (၁၈)နှစ်





ပြည့်တဲ့အခါ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ဖို့ မိဘအရိပ်အောက် က ထွက်ရပါတယ်''

''ဒါက မြန်မာပြည်လေကွယ်''

''ကျွန်တော့်အသက်က (၁၈)နှစ်ထက် အများကြီးကျော် နေပါပြီဖေဖေ။ ဘဲပေါက်စလေးတွေလည်း ရေကူးတတ်ပြီဆိုတာ နဲ့ ရေထဲဆင်းကြသလို ကြက်ပေါက်စလေးတွေလည်း အစာယက် ရှာတတ်တာနဲ့ ကိုယ့်ဘာသာ ကိုယ်ရှာစားတတ်ကြပါတယ်။ ဒီ လိုပဲ ငှက်ပေါက်စလေးတွေလည်း ပျံတတ်ပြီဆိုတာနဲ့ အသိုက် ကနေထွက်ပြီး အဝေးကိုပျံကြပါတယ်ဖေဖေ''

''. . .''

''သုံးနှစ်ဆိုတဲ့အချိန်ကာလက မိဘတွေရဲ့အရိပ်မှီခိုတဲ့ ကျွန်တော့်လိုလူအတွက် အများကြီးလုံလောက်ခဲ့ပါတယ်''

''သား''

ဖေဖေက သူ့နောက်ကျောမှာ လာရပ်ရင်း သူ့ပခုံးကို တင်းတင်းဆုပ်ကိုင်ထားလေ၏။ အင်အားပါနေတာမို့ နာသင့် သလောက် နာတာမှန်ပေမယ့် ရင်ထဲကနာကျင်မှုကိုတော့ လုံးဝ မမီပါလေ။

''ဖေဖေတို့ကိုများ စိတ်နာနေသလား သားရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း, မဟုတ်ပါဘူးမေမေ၊ ဒီဘဝမှာ လူလာဖြစ်တဲ့ကျွန်တော့်ကိုယ်ကျွန်တော်ပဲ နာတာပါ"

"မေမေတို့က. . . မေမေတို့က. . . သားကို"

"သူများမိသားစုတွေလည်း ဒီလိုပဲ သားသမီးတွေ ရှိကြတာပါပဲမေမေ၊ ကိုယ့်ထက်အငယ်ရှိလာတဲ့အခါ ကိုယ့်အပေါ်ချစ်တဲ့စိတ် လျော့သွားမှာကိုစိုးရိမ်တဲ့ မနာလိုမှုဆိုတာ အရမ်းငယ်လွန်းတဲ့အရွယ်ကလေးတွေရဲ့ စိတ်အခြေအနေမျိုးပါ။ ကြာလာတာနဲ့အမျှ သူနဲ့စကားပြောဖော်၊ ကစားဖော်၊ ကျောင်းတက်ဖော်ဖြစ်လာမယ့်အငယ်ကို အလိုလိုချစ်တတ်လာမှာ သေချာပါတယ်"

"..."

သူ မျက်နှာကို တစ်ချက်မဲ့လိုက်မိပါ၏။ တစ်သက်လုံး မပြောဖြစ်အောင် မျိုသိပ်ခဲ့သမျှ ဒီညနေတော့ အကုန်အစင်ဖွင့်ပြောဖြစ်ပြီထင်ပါရဲ့။

"ဘယ်လိုအစ်ကိုမျိုးကမှ ကိုယ့်သွေးသားညီလေးရဲ့အသက်ကို ရန်မရှာတတ်ပါဘူးမေမေ။ ဒါကို မေမေလည်း သိနိုင်ပါတယ်"

"သားရယ်၊ သားရဲ့ဘိုးဘိုးက သူ့မြေးစိတ်အားငယ်နေမှာစိုးလို့ ခေါ်သွားပါရစေဆိုလို့ မေမေတို့ သားကိုထည့်ပေးလိုက်





ရတာပါ"

ဟုတ်လို့လား မေမေ 'ခေါ်သွားပေးပါ'လို့ပြောတဲ့စကားရဲ့အဓိပ္ပာယ်ကို သိတတ်ခါစ ဦးနှောက်ရှိနေပြီဖြစ်တဲ့ သုံးနှစ်သားကလေးတစ်ယောက်ရဲ့မှတ်ဉာဏ်က ကောင်းကောင်းကြီးမှတ်နိုင်ခဲ့တာလေ။

"အရွယ်ကြီးလာတော့လည်း ဘွဲ့ရတဲ့အထိ ကျောင်းဆက်ထားချင်တယ်ဆိုတာနဲ့ပဲ သားကို မေမေတို့မခေါ်ဖြစ်တာပါကွယ်"

ပစ်ထားလက်စနဲ့ ဆက်ပစ်ထားလိုက်ပါတော့လား မေမေရယ်။ အခုတော့ ညီအစ်ကိုချင်း မိန်းကလေးကိစ္စနဲ့ စကားများပြဿနာတက်နေရပြီလေ။ ငယ်တုန်းကတောင် မထားချင်ခဲ့တဲ့ ဒီအိမ်မှာ ဘာလို့များ သူ့ကိုပြန်ခေါ်ထားချင်ရတာတဲ့လဲ။

"မိဘနဲ့သားသမီးဆိုတာ အချိန်တန်ရင်တော့ ခွဲရတာသဘာဝပါမေမေ။ သားသမီးတွေ အိမ်ထောင်ရက်သားကျတဲ့အခါ ရှင်ကွဲခွဲရသလို"

သူစကားရပ်လိုက်ပါ၏။ သေကွဲခွဲရတဲ့စကားကိုဖြင့် နှိမိတ်မရှိ မပြောချင်ပါလေ။ ဖိုးတို့ဖွားတို့နဲ့ သေကွဲခွဲဖူးတဲ့သူမို့ ဒီလိုခွဲခွာခြင်းဝေဒနာကို သူနှစ်ကြိမ်တောင် ခံစားခဲ့ရဖူးပြီး နာကျင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာအမှန်ပါလေ။

"ဖေဖေတို့မသေခင်လေးမှာ မိသားစု သိုက်သိုက်ဝန်းဝန်းလေး နေချင်လို့ပါသားရယ်"

ဘယ်နနှစ် နေမှာတဲ့လဲ။ ဘယ်နလ၊ ဘယ်နရက်လဲ ဖေဖေ။

"အတူးသဖြင့် သားမေမေရဲ့ဆန္ဒကို ဖေဖေဖြည့်ပေးရတာပါ"

ဒါဖြင့် ဖေဖေ့ဆန္ဒမပါဘူးပေါ့။ မေတ္တာသက်ဝင် ချစ်ခင်ခြင်းမရှိမှတော့ ဒီအိမ်မှာ လူဖြစ်ဖို့မကောင်းတော့ပါလား။

"ဖေဖေတို့ တားပါရစေ သား၊ သားကို ဖေဖေတို့မျက်စိအောက်ကနေ ဘယ်ကိုမှထွက်မသွားစေချင်ဘူး။ ယုံပါ၊ သားလိုပညာတတ် အဖိုးတန်လူငယ်တစ်ယောက်ကို ဘာမဟုတ်တဲ့ မိန်းကလေးတွေနဲ့ ပတ်သက်သွားမှာကို ဖေဖေရော မေမေပါ စိုးရိမ်နေကြတာမို့ပါ"

"ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"အဲဒီလိုဖြစ်သွားမှာစိုးလို့လို့ ပြောပြီးပြီလေ သားကြီးရယ်"

ကျစ်! အပိုတွေပဲ မဟုတ်လား။ သားသမီးတွေ အိမ်





ထောင်ရက်သား ကျကြတဲ့အခါမှာလည်း မိဘနဲ့ရှင်ကွဲ ခွဲကြရတာပါလေ။ ဒါနဲ့တောင်မှ သူ့ကိုမခွဲနိုင်ဘူးလို့ပြောရသလား။ နှစ်နှစ်ဆယ်ကျော်တောင် မွေးနိုင်ခဲ့ပါလျက် အခုမှစိုးရိမ်တယ်ဟူသည့် စကားက သူ့အဖို့ ယုံရခက်ခက်ပါလေ။

"ကျွန်တော် ဖေဖေတို့အိမ်ကိုရောက်လာကတည်းက ဒီမှာအပြီးနေဖို့ အစီအစဉ်မရှိပါဘူး"

"သား"

"ဖိုးတို့ဖွားတို့ဆန္ဒအတိုင်း ကျွန်တော်လာဖြစ်ခဲ့တာပါ။ အိမ်ခွဲနေဖို့က တစ်နေ့နေ့ဖြစ်လာမှာပါ ဖေဖေ။ ဥပမာ ကျွန်တော် အိမ်ထောင်ပြုချိန်မှာပဲဖြစ်ဖြစ်ပေါ့။ အဲဒီလိုမျိုးပဲ သဘောထားပေးပါလို့ တောင်းဆိုပါရစေ"

"သားမှအိမ်ထောင်မပြုသေးတာလေ"

"ကျွန်တော့်အသက် (၂၅)နှစ်ပြည့်တော့မယ်ဖေဖေ။ ဒီအသက်ဒီအရွယ်နဲ့ ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်တည်ပါရစေ။ ဒီအရွယ်ရောက်တာတောင်မှ မိဘကိုအားကိုးမှီခိုနေရတာ ရှက်ဖို့ကောင်းပါတယ်"

"သားရယ်၊ မိဘနဲ့သားသမီးကြားမှာ ထားတဲ့စည်းက ခြားနတာရားတော့ မဖြစ်သင့်ဘူးလို့ ဖေဖေယူဆတယ်"



www.burmeseclassic.com

www.burmeseclassic.com



'မာန'တဲ့လား။ ခေါင်းစဉ်မှားတပ်နေပြီ ဖေဖေ။ မိဘတွေအပေါ်မှာ သူ မာနထားတာမျိုးမှမဟုတ်တာလေ။ နာကျင်မှုရဲ့အခြားတစ်ဖက်စီက ခါးသည်းတဲ့အတွေ့ဆိုတာ သူ့ရင်မှာ အလိုလိုဖြစ်တည်လာခဲ့ရတဲ့ အမြုတေတစ်ခုဆိုတာကို ဖေဖေနားလည်ပါရဲ့လား။

"ဖေဖေတို့ကို သား ခုထိ စိတ်ထဲ နာနေတုန်းပဲလားကွယ်"

မဟုတ်ရပါဘူး ဖေဖေ။ ကျွန်တော် ငရဲရမယ့်ကိစ္စကြီးကို လုပ်ဝံ့ပါ့မလား။ နာချင်းနာရင် သူ့ကိုယ်သူသာ စိတ်နာနေခဲ့မိတာပါလေ။

"ဖေဖေတို့ကိုမချစ်လို့ အခုလို သားဆုံးဖြတ်လိုက်တာမှန်း သားမေမေသိရင် စိတ်ထိခိုက်ဦးမှာ အသေအချာပဲ"

"မဟုတ်ပါဘူး"

"ဒါဆိုလည်း သားရဲ့ဆုံးဖြတ်ချက်ကိုပြင်ဖို့ စဉ်းစားပါဦးလား ဟိန်းဇေယျာ"

"မဖြစ်လို့ပါ ဖေဖေ"

"ဘာကြောင့်လဲ"

"နဂိုတည်းကမှ သိပ်အစေးမကပ်တဲ့ညီညီနဲ့ ပြဿနာ





ထပ်မဖြစ်ချင်တော့လို့ပါ"

"သားငယ်က"

"သွေးမတော်သားမစပ်တဲ့ သူစိမ်းမိန်းကလေးကိစ္စနဲ့ သွေးရင်းညီအစ်ကိုချင်း ရန်သူလိုတော့ မဖြစ်ပါရစေနဲ့ဖေဖေ။ ကျွန်တော်က အစကတည်းက ရှုံးခဲ့ပြီးသားလူပါ။ နောက်ထပ်အရှုံးဆိုတာနဲ့ ထပ်မကြုံပါရစေနဲ့တော့"

ဖေဖေ ဘာမှထပ်မပြောတော့ပါလေ။ ဒီအကြောင်းပြချက်က သူ့အတွက် ဒီအိမ်ကနေထွက်ခွာဖို့ လုံလောက်တဲ့သက်သေတစ်ခုဆိုတာကို သူအလိုလိုသိနေတာ မဆန်းပါချေ။

⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ကားကို ခြံထဲမှထွက်ရန်ပြင်စဉ် ခြံဝရှေ့မှ ကားအဖြူလေး ထွက်လာတာမို့ သူ ဘရိတ်နင်းလိုက်ရပါသည်။ အလို! ဒေါက်တာပါလား။

"Morning ကိုဖေယျာ၊ ဟွန်းမတီးမိလို့ Sorry နော်"

"ရပါတယ် ဒေါက်တာ၊ ကားပြန်ကောင်းသွားပြီလား"

"ဟုတ်ကဲ့"

ဆရာဝန်မလေး၏ နှုတ်ခမ်းအပြုံးက အရုဏ်ဦးအလင်းနှင့်အပြိုင် တောက်ပလို့ပါလေ။ သူကသာ အရင်နှုတ်ဆက်ရမှာဖြစ်ပေမယ့် မိန်းကလေးက စနှုတ်ဆက်တာမို့ သူအားနာမိပါ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက သူက လက်ထောင်ပြနှုတ်ဆက်လိုက်ပြီး ရှေ့မှ သွားပြီမို့ သူ့ကားကို နောက်မှထွက်မောင်းလိုက်ပါသည်။

လမ်းထိပ်ရောက်စဉ် တစ်ဖက်ကားလမ်းကိုကူးလျက် လမ်းကြောင်းပြောင်းယူသွားသည့် ဒေါက်တာ့ကားနှင့် သူ့ကားက ဆန့်ကျင်ဘက်အရပ်ဆီသို့ ဦးတည်ဆက်မောင်းခဲ့ပါ၏။ အနေနီးပေမယ့် ဆုံမှတ်မရှိသလို နိမိတ်ပါလား။ အစကတည်းက မရင်းနှီးဖြစ်ခဲ့ရင် သံယောဇဉ်ဆိုတာလည်း ဖြစ်မလာတော့ပါလေ။

ကောင်းပြီ ဟိန်းဇေယျာ၊ အစကတည်းက ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ရပ်တည်ခဲ့တာပဲ။ ပါရမီဖြည့်ဖက်ဆိုတာတွေ၊ ရင်ခုန်ဖက်ဆိုတာတွေ၊ လက်တွဲဖော်ဆိုတာတွေကို မေ့ထားလိုက်တာ အကောင်းဆုံးဖြစ်မှာပါပဲ။

"တီ!"

ကားဟွန်းသံကျယ်ကျယ်ဖြင့် ကျော်တက်သွားခဲ့တာကြောင့် သူ ကားအရှိန်ကို ထပ်လျှော့လိုက်ရပါ၏။ ပုံမှန်မောင်းတာက အန္တရာယ်အကင်းဆုံးပဲမဟုတ်ပါလား။ ရန်ကုန်မှာ ကားမောင်းတာက အခုလပိုင်းလေးမို့ မတော်တဆ Accident ဖြစ်တာမျိုးကို သူအတော်သတိထားရမှာလေ။

သူသာ တစ်စုံတစ်ခုဖြစ်သွားရင် သူ့အတွက် ဘယ်သူ





က စိတ်မကောင်းဖြစ် ဝမ်းနည်းမှာတဲ့လဲ။ တစ်ဦးတစ်ယောက်မှ ရှိမနေပါခဲ့။ ဟုတ်တယ်၊ လူ့ဘဝနောက်ဆုံးခရီးစာတမ်းရဲ့သံဝေဂကဗျာကို ရေရွတ်ရရင် 'လာတုန်းကလည်း တစ်ယောက်တည်း၊ ပြန်သွားတော့လည်း တစ်ယောက်တည်း' ပါပဲ။

ဒါ အမှန်ဆုံးပါ။ ကိုယ်သေလို့ ကိုယ့်ကိုချစ်လှချည်ရဲ့ ဆိုပြီး ဝမ်းပန်းတနည်း ငိုကြွေးကြတာက ရုပ်ရှင်တွေ ဗီဒီယိုတွေ ဝတ္ထုတွေထဲမှာ ဇာတ်လှအောင် ပြင်ဆင်ထည့်သွင်းထားတဲ့ကဗျာ တစ်ခုပဲဖြစ်မယ်ထင်ပါရဲ့။

"ဟော!"

ကုမ္ပဏီဝင်းထဲ ဝင်လိုက်စဉ် စောစောက သူ့ကားကို ကျော်တက်သွားသည့်ကားကို ရပ်ထားတာ တွေ့လိုက်ရပါသည်။ ကျစ်! ကားကို ကန့်လန့်ပိတ်ရပ်ထားတာမို့ နောက်ကားတွေ ဝင်ရပ်ရန် ခက်ခဲရတာလေ။ သူ့ကားကို အစွန်ဆုံးနေရာလွတ်မှာ ခက်ခက်ခဲခဲ ဝင်ရပ်ထားလိုက်ပါ၏။

Lift ဖြင့် အပေါ်ထပ်သို့ တက်လာတော့ တခြားဝန်ထမ်းတွေနှင့်သာ အတူစီးရလေ၏။ သူထွက်ရမည့်အထပ်အရောက်မှာ Lift ရပ်လိုက်စဉ် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ခဲ့ပြီး ရုံးခန်းတံခါးကိုဖွင့်ရန်ပြင်လိုက်စဉ် Lock ဖွင့်ထားပြီး တံခါးက ဖွင့်နေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အခန်းထဲမှ ရယ်သံသဲ့သဲ့ကြားလိုက်ရတာမို့ သူ တွန့်ခနဲ ဖြစ်သွားပါသည်။ ညှော်သည်ရှိနေတာကို သူဝင်လိုက်လို့ကောင်း ပါ့မလား။

"ဟင်းဟင်း. . . အဲဒါအကြောင်းပြပြီး အိမ်ကိုလာလည် မယ်ပေါ့လေ"

"ဒါပေါ့"

"ဒါဆို အခုလာတာကရော"

"Reason ပေးရမှာလား"

"မဟုတ်ပါဘူး၊ ဒီလိုပဲမေးလိုက်တာပါ သီဟာရဲ့"

သူ တံခါးကို အသာတွန်း၍ ဝင်လိုက်ပါ၏။ ရန်နှင့်ညှော် သည်က ခုံမှာထိုင်နေတာမျိုးမဟုတ်ဘဲ မှန်ချပ်လိုက်ကာအနား မှာ နီးနီးကပ်ကပ်ရပ်နေသည့်အနေအထားမို့ သူ့အကြည့်ကို ဖျတ် ခနဲလွှဲလိုက်ရလေသည်။ သူတော့ နှောင့်ယှက်သလိုဖြစ်နေပြီထင် ပါရဲ့။

"အစ်ကို"

အံဆွဲထဲမှ File တစ်ထပ်ကို သော့ဖွင့်ထုတ်လိုက်စဉ် ခေါ်သံကြောင့် သူလှမ်းကြည့်လိုက်ပါ၏။ ဟိုနေ့ကပဲ ဆံပင်ရှည် ထားမည်ဟု သူ့ကိုအရွဲ့တိုက်ပြောဆိုခဲ့သည့်ကောင်မလေးက ဆံ





ပင်တိုညှပ်ထားပြီး နူငယ်လှပလို့ပါလေ။

"အစ်ကိုနဲ့ သေချာမိတ်မဆက်ပေးရသေးဘူးလေ၊ ရန့် သူငယ်ချင်း ရဲသီဟာပါ"

သူခေါင်းညိတ်ပြလိုက်ပါ၏။ ထိုလူက သူရှိနေရာဆီ ခပ်ဖြည်းဖြည်းလျှောက်လာတာမို့ လူမှုရေးတွေဘာတွေကို သူ ခေါင်းထဲထည့်ရတော့မှာလေ။

"ရန်တို့ GM ကိုဟိန်းဇေယျာပါ သီဟ"

"တွေ့ရတာ ဝမ်းသာပါတယ်"

ကမ်းပေးနေပြီမို့ လက်ကိုသူဆွဲ၍ နှုတ်ဆက်လိုက်ရပါ ၏။ လက်မှအားပါသလို မျက်ဝန်းမှစူးရှသည့်အင်အားကလည်း မသေးပါချေ။ အလို! ခုတလော ဘယ်လိုဖြစ်ပြီး သူ့ကိုကြည့်ကြ တဲ့အမျိုးသားတွေရဲ့အကြည့်က တူနေရတာပါလိမ့်နော်။

ဒေါက်တာနဲ့ပတ်သက်ပြီး ဒေါက်တာနေဇင်လတ်၊ သဲ သိမ့်သိမ့်သက်နဲ့ပတ်သက်ပြီး ညီညီ၊ အခုတစ်ခါ ရန့်နှင့်ပတ်သက် ပြီး ရဲသီဟတို့ရဲ့အကြည့်က အစိမ်းရင့်ရင့်လိုက်ကာကြီး ဖုံးလွှမ်း ထားသလို စိမ်းသက်သက်ကြီးဖြစ်နေတာအမှန်ပဲမဟုတ်ပါလား။

"ရန့်နဲ့ ဘယ်တုန်းကတည်းက အလုပ်ဝင်နေတာလဲ"

လေသံက မာလှချည်လား။ အလုပ်ချိန်အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အရည်မရအဖတ်မရ အလာပသလာပပြောဖို့ရောက်လာတဲ့ ရည်ရွယ်ချက်က ဘာများလဲ။

"သိပ်မကြာသေးဘူး"

"ဘွဲ့ကြီးဂုဏ်ကြီးလည်း ရထားပြီး ကိုယ်ပိုင်ကုမ္ပဏီ မထောင်နိုင်ဘဲ သူများဆီဝင်လုပ်တာ အောက်တာပေါ့ ကိုဟိန်းဇေယျာရဲ့။ မဟုတ်ဘူးလား"

ဖွဲ့တာလား၊ တင်တာလား၊ အကျောကြီးနဲ့ အထက်စီးကပြောနေသည့်လူငယ်ကို သူခပ်တည်တည်ပင် စိုက်ကြည့်လိုက်မိ၏။ အင်ဂျင်နီယာချင်းအတူတူ ကမ္ဘာပတ်လာသည့်လူက သူ့ထက် နှာတစ်ဖျားသာနေတာတောင် စိတ်က နှလုံးချည်လားနော်။

"ကျွန်တော့်ကို အန်ကယ်ကိုယ်တိုင် အိမ်မှာလာခေါ်လို့ ဒီမှာအလုပ်ဝင်ရတာပဲ ကိုရဲသီဟ။ Form တင် Interview ဖြေပြီးမှ ဒီမှာလုပ်ရတာမျိုးမဟုတ်ပါဘူး"

"ဘယ်လို"

ရန့်က ညှို့သည်အတွက် ကော်ဖီသွားယူပေးရန် ထွက်သွားသည်မို့ အနားမှာမရှိပါချေ။ လူကို ကိုယ်ပိုင်ကုမ္ပဏီမထောင်နိုင်ဘူးဟု အထင်တသေးပြောဆိုနေသည့်သူရဲ့စိတ်ဓာတ်ကမှ ပိုပြီးသေးသိမ်နေတတ်တာကို ဤလူငယ် မသိဘူးထင်ပါရဲ့။





"ရန့်ဖေဖေက, ခင်ဗျားကို"

"ဟုတ်တယ်၊ ခဏနေ အန်ကယ်ရောက်လာတော့မှာပဲဟာ၊ တွေ့တုန်း နှုတ်ဆက်သွားလိုက်ပေါ့"

"သီဟရေ, ကော်ဖီ"

ကော်ဖီနှစ်ခွက်ကိုကိုင်၍ ရောက်လာသည့်ရန့်ကြောင့် ရဲသီဟ နှုတ်ဆိတ်သွားပါ၏။ ရှောင်ပေးသင့်တာပေါ့နော်။ ရန့်ကိုယ်တိုင် လိုလိုလားလား ရုံးခန်းထဲဖိတ်ခေါ်ထားတဲ့ ညှို့သည်ရှိနေတဲ့အခန်းထဲကနေ သူ ခဏလောက်တော့ ရှောင်ရမှာလေ။

"အစ်ကို ဘယ်လဲ"

"အပြင်မှာ ကော်ဖီသွားသောက်မလို့၊ ခဏပဲ"

"ဒီမှာ ရန့်ယူလာတယ်လေ"

"နေပါစေ၊ အပြင်မှာပဲ သောက်တော့မယ်"

သူအပြင်ထွက်သွားတာမို့ ရန့်အငေးသား ရပ်ကျန်ခဲ့၏။ ဘာလဲ၊ ရန့်နဲ့သီဟ အတူရှိနေတာကိုများ မရှုစိမ့်လေသလား။

"ရန့်"

"ဟင်"

"သူနဲ့ ရန့်က ဘာလဲ"

"ဘာကိုမေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရန့်တို့ ဘယ်အဆင့်ထိ ရောက်နေပြီလဲလို့ မေးတာပါ"

"ဩော်. သူက GM လေ သီဟရဲ့၊ ရန့်က မန်နေဂျာပဲဟာ။ ဘာထပ်သိချင်သေးလို့လဲ"

"ကျစ်! ရန့်ကကွာ၊ ဝေ့လည်ကြောင်ပတ်မလုပ်ပါနဲ့။ Phone ဆက်တုန်းကတော့ အိမ်အထိ ကိုယ့်ကိုလာဖို့လမ်းဖွင့်ပေးပြီး အခုလိုလုပ်တာတော့ မကောင်းပါဘူး"

ရန့် အံ့ဩသွားပါ၏။ ဖြစ်စေချင်တဲ့ မစ္ဆရိယက သူ့ထံမှာမဖြစ်ဘဲ ဘယ့်နှယ်ကြောင့် ရဲသီဟမှာ လာဖြစ်နေရတာပါလိမ့်နော်။

"သီဟ, ရန့်ကိုအထင်မှားနေပြီ"

"ဘာမှားတာလဲ"

"ကျောင်းအတူနေခဲ့တဲ့သူငယ်ချင်းမို့ ဒီလိုဖိတ်ခေါ်မှုမျိုးကို ရန့်လုပ်ခဲ့တာပါ သီဟ။ တခြားဘာရည်ရွယ်ချက်မှ မပါတာအမှန်ပါ"

"အဲဒါ ရန့်ဘက်ကလေ၊ ကိုယ့်ဘက်ကမှမဟုတ်တာ"

"ဟင်! "

ရဲသီဟက ကော်ဖီခွက်ကို လက်ထဲမှချလျက် ရန့်အနီးသို့ လျှောက်လာတာမို့ ခြေလှမ်းကို နောက်သို့ရွှေ့လိုက်မိသည်။





Shoe အပါးလေး၏ဖနောင့်က စားပွဲခြေထောက်ကို ထိသွားစဉ် နောက်သို့ဆုတ်ရန် နေရာမရှိတော့မှန်း ရိပ်မိလိုက်ပါ၏။

"ကိုယ်က ရန့်ကို (၅၂၈)ထက်ပိုသာတဲ့ တွယ်တာမှုမျိုး ဖြစ်နေတာ ကြာပြီပဲ။ ရန့်သိနေမှာပါ။ ကိုယ်တို့တွဲခဲ့တဲ့ကာလက အတော်လေး ကြာခဲ့တာပဲလေ"

လက်ဖျားကို ဆုပ်ကိုင်လိုက်စဉ် ရှက်ရွံ့မှုက ရုတ်ချည်း ဝင်လာလေ၏။ ဘယ်လိုလဲ၊ ရုံးခန်းထဲထိ ရောက်လာပြီး အခုလို ပြောတာတော့ သီဟလွန်သည်ဟု ရန့်ယူဆချင်ပါသည်။

အစ်ကို. . . ဘယ်ကိုရောက်နေပြီလဲကွယ်။

"ရန့်က. . . ရန့်က သီဟကို ရိုးရိုးပဲခင်တာ"

"ကိုယ့်ဘက်က ဆန်းဆန်းဖြစ်နေတာ ဘယ်လိုလုပ်မလဲ ရန့်ရဲ့"

"လွှတ်နော်. . . ဒါ ရုံးခန်းထဲ သီဟရဲ့။ တစ်ယောက်ယောက်မြင်သွားရင် မကောင်းဘူး။ ရန့်ရဲ့သိက္ခာကို ထိပါးလိမ့်မယ်"

"အချစ်မှာ သိက္ခာတို့ ငဲ့ကွက်တာတို့ မရှိပါဘူး ရန့်ရဲ့။ ရန့်တောင် G.T.C ဆင်း အင်ဂျင်နီယာဖြစ်မှတော့ ရန့်ထက် အောက်မကျရအောင် ကိုယ် ဒီလိုရာထူးမျိုးရတဲ့အထိ [illegible]စား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ရန့်အသိဆုံးပါ''

ကြည့်စမ်း! အပြောကတော့ ညွှတ်နေတာပါပဲ။ ကမ္ဘာပတ်လာတဲ့လူတစ်ယောက်က ရန့်ထက် ပိုအတွေ့အကြုံများပြီး ရန့်ထက်လည်း ပိုလှပိုချောတဲ့မိန်းကလေးတွေအများကြီးနဲ့ ကြုံခဲ့ဖူးမှာပါလေ။

''ကိုယ် ရန့်ကိုသိပ်ချစ်တယ်''

''အို! လွှတ်နော်''

''ကျေးဇူးပြုပြီး ရန့်ကိုလွှတ်လိုက်ပါ ကိုရဲသီဟ''

''ကျစ်!''

''ရုံးခန်းထဲမှာ အမြင်မတော်လို့ပါ။ ရန့်ဖေဖေ ရောက်နေပြီ ရန့်''

သူ့ကိုအားကိုးတကြီး ကြည့်လိုက်မိစဉ် ရဲသီဟက ရန့်အနီးမှ ခွာထွက်လိုက်လေ၏။ လက်တည့်စမ်းလိုက်တာလား။ ရက်တာရောမျက်နှာပူတာပါ ရောထွေးထုပ်ပုနေမိစဉ် ရုံးခန်းတံခါး ချပ်ခနဲပွင့်သွားလေသည်။

''သားနဲ့သမီး, ခဏဟေ့''

⌘ ⌘ ⌘



## အခန်း (၂၂)

'မီးနဲ့မကစားနဲ့' တဲ့လား။ Meeting ဝင်ခါနီး သူ တီးတိုးပြောတဲ့ သတိပေးစကားပါလေ။ ရက်လိုက်တာနော်၊ ရန့်ကို သီဟ ပြုံးမှုလိုက်တာကို သူ ကွက်ကွက်ကွင်းကွင်းကြီး မြင်ခဲ့ရတာကိုး။

အတင့်ရဲလိုက်လေခြင်းဟု ပြစ်တင်ချင်ပေမယ့် ဖိတ်ခေါ်တဲ့အပြစ်က ရန့်မှာသာ ရှိနေတာမဟုတ်ပါလား။ ရန့်ကိုတော့ သူ အထင်သေးချေပြီကော။ နဂိုက ယောကျ်ားဆန်ဆန်လေး အလှမမက်ပါဘဲ ရိုးရိုးကလေး နေခဲ့ပါလျက် ခုတလော ပြင်ဆင်ခြယ်သလာတဲ့ လှုပခြင်းကို သူမဟုတ်တဲ့လူကပဲ သတိထားမြင်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာလေ။

"တောက်!"

ပါးပြင်ထက် ကျသွားသည့်မျက်ရည်ကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်းသုတ်လိုက်မိပါ၏။ ခုတ်ရာတခြား၊ ရှရာတလွဲဆိုတာ ရန့်ရဲ့အဖြစ်ကိုပြောတာပဲ ဖြစ်မှာလေ။

"သမီး အစ်ကိုကြီးက ထမင်းစားရအောင်တဲ့"

အခန်းတံခါးကို LOCK ချလေ့မရှိတာမို့ တံခါးတွန်းဖွင့်ဝင်လာသည့်အန့်တီလေးက ကုတင်ထက် ငုတ်တုပ်ထိုင်နေသည့်ရန့်ပုံစံကို မြင်သွားလေ၏။

"ဟောတော့! ဒါက တစ်ယောက်တည်းငိုနေတာလား"

"ဘယ်မှာငိုလို့လဲ"

"အဲဒီမှာ မျက်ရည်တွေ ကျနေတာ ငိုတာမဟုတ်လို့ဘာလဲသမီးရဲ့"

"မြရေ"

"ရှင်...ကိုကို၊ လာပါပြီ။ ဟဲ့! ညည်းအဖေ ဗိုက်အတော်ဆာနေပြီ။ မြန်မြန်ထ"

ပခုံးကိုပုတ်ခေါ်ကာ အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားသည့် အန့်တီလေးကျောပြင်ကို မျက်စောင်းခဲလိုက်မိ၏။ မဆော





ပါဘူးဆိုနေမှ အတင်းကိုခေါ်နေတော့တာပဲ။

"ဖေ့သမီး ဘာဖြစ်နေတာလဲဟေ့"

ထမင်းစားခန်းထဲရောက်သည်နှင့် ဆီးမေးလိုက်သည့်ဖေဖေ့အမေးကြောင့် နှုတ်ခမ်းစူထားလိုက်မိသည်။ နေပါဦး၊ ရန့်မှာ အစက ဒီလိုကလေးဆန်တဲ့အပြုအမူမျိုး ရှိမနေပါဘူးနော်။ ခုမှဘယ်လိုဖြစ်ရတာပါလိမ့်။

ဟုတ်တယ်၊ အဲဒါ သူ့ကြောင့်ဖြစ်ရတာ။ ရန့်ကို မမြင်ယောင်ဆောင်လို့၊ ရန့်ကို ဥပေက္ခာပြုထားလို့ ဖြစ်ရတာ။ ဟွန်း! ရှန်းဖို့ကောင်းတဲ့လူကြီး။

"ဟောဗျာ၊ ငါ့သမီး စကားပါမပြောတတ်တော့တာပါလား"

"ဖေဖေနော်"

"ဘာတွေဖြစ်နေလဲ၊ တစ်မနက်လုံး မောင်ဖေယျာနဲ့စကားမပြောဘူးဆို"

ကြည့်စမ်း! ယောက်ျားကြီးဖြစ်ပြီး အတိုင်အတောကသည်း ထူပါ့။ အစစအရာရာ ဖေဖေ့ကိုအကုန်ပြန်တိုင်တာတော့လွန်တာပေါ့နော်။

"ပြောသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်ထိ စိတ်က ကောက်နေမှာလဲ"

"ရန်နဲ့ ဘယ်မှာကောက်လို့လဲ ဖေဖေရဲ့"

"ဟြော်, ဖေ့သမီး. . . ဖေ့သမီး၊ တခြားလူကိုသာ ညာရင် ညာလို့ရမယ်၊ ဖေဖေ့ကိုတော့ ညာလို့မရဘူး။ ဟုတ်ရဲ့လား မြ"

"ဟုတ်တယ်"

"အန်တီလေးနော်"

"ဟိုတလောလေးက သူ့ကားသူ စမောင်းတဲ့နေ့မှာ သောအိမ်က ဆရာဝန်မလေးကိုတင်တာ မြင်တုန်းကလည်း ဒီလိုတစ်ခါဖြစ်ပြီးပြီ။ နေရင်းထိုင်ရင်း ဆံပင်ရှည်ထားချင်လာတဲ့အာသီသက မသေးဘူး။ ဟော! ခုတစ်ခါလည်း တစ်မျိုးထပ်ဖြစ်လာပြန်ပြီ"

"အလှလည်း ပိုကြိုက်လာတာ ကိုကိုရဲ့"

"ဟုတ်ပ"

ချွန်ပါ၊ ချွန်ကြပါ။ အချွန်ကြီးကြီးနဲ့သာ 'မ'ကြပါတော့ရန့်ကလည်း ရန့်ပင်။ လူကြီးတွေနဲ့လူငယ်တွေက မထူးခြားနားမတူပေမယ့် ရန့်ရဲ့စိတ်ထဲကို မြင်တတ်တဲ့ဖေဖေနဲ့ အန်တီလေးပါလေ။

"ပြော"





"ဟင်! ဘာပြောရမှာလဲ"

"မောင်ဇေယျာနဲ့ သမီးရဲ့ကြားက ကွာခြားမှုတစ်ခုပေါ့"

"ဘာရှိလို့လဲ၊ ဘာမှမရှိဘဲနဲ့"

"ဘူးမခံနဲ့ ရန့်ရေ၊ ဖေ့သမီးကို ဖေဖေမွေးထားတာ။ အူမချေးခါး အကုန်သိတယ်၊ မြင်နိုင်တယ်။ ဟိုနေ့ကတည်းက Phone ဝင်လာတာရော ဒီမနက်ရောက်လာတဲ့သူငယ်ကိုမြင်လိုက်ရကတည်းက ဖေဖေ့သမီးတော့ အရွဲ့တိုက်နေပြီဆိုတာ သိနေပြီ"

ကြည့်! သိလိုက်တာပဲ၊ ဘာမှဖုံးဖိထားလို့မရပါလားနော်။ အင်းပေါ့လေ၊ ရန့်က ဖေဖေမွေးထားတဲ့တစ်ဦးတည်းသောသမီးပေပဲကိုး။

"ဘယ်လိုလဲ၊ ဖေ့သမီးရိုက်ချက်က ထိရောက်ရဲ့လား"

"ဘာကိုထိတာလဲ"

"ဟိန်းဇေယျာဆိုတဲ့ ကျောက်ရုပ်ကြီး ယိုင်လာအောင်နှိုင်ပြီလားလို့ မေးတာလေ"

ရန့် နှာခေါင်းရှုံ့ပြလျက် ခေါင်းခါပြလိုက်ပါသည်။ အဲဒီကျောက်တိုင်ကြီးက ခိုင်မာလွန်းလို့ ရန့်ဆိုတဲ့ ငပိန်မလေး မနိုင်ပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"မသိတော့ဘူး"

"ဟိန်းဖေယျာက မျိုသိပ်နိုင်စွမ်းရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ သမီးရဲ့။ သူ့ရင်ထဲမှာ ဘာဖြစ်နေသလဲဆိုတာကို သူ့မိဘတွေတောင် လုံးဝမရိပ်မိအောင် ဖုံးဖိထားနိုင်တာ"

"..."

"ဒီတော့ သူစိမ်းဖြစ်တဲ့ဖေ့သမီးက သူ့စိတ်ကို ဘယ်ဖတ်နိုင်ပါ့မလဲ။ မဟုတ်ဘူးလား"

'သူစိမ်း'တဲ့။ ထိုအသုံးအနှုန်းက ရန့်ရဲ့နှလုံးသားကို ဆုပ်ချေလိုက်သည့်နှယ် ခံရခက်စေပါ၏။ စိတ်ဆန္ဒကို ဖုံးဖိသိုဝှက်ထားနိုင်တယ်ဆိုပါလား။ တကယ်လား အစ်ကို။

ဒါဖြင့် အချစ်ဆိုတာကိုရော အစ်ကိုထည့်စဉ်းစားမိပါရဲ့လား။ အဲဒီအချစ်ဆိုတာက ဘယ်အရာကိုမဆို ထွင်းဖောက်ကျော်လွှားမြင်သာနိုင်စေတာလေ။ ရင်ထဲမှာ နေရာယူပြီးပြီဆိုတာနဲ့ လူကို ကယောင်ခြောက်ခြားဖြစ်အောင် ပြုစားနိုင်စွမ်းရှိတာပါ။

အမြဲစဉ်းစားဖြစ်တဲ့အတွေးတွေထဲမှာ အစဉ်မြင်မက်တဲ့ အိပ်မက်တွေထဲအထိ တစ်စစ စီးနင်းဝင်ရောက်စိုးမိုးချုပ်ထိန်းနိုင်စွမ်းရှိတဲ့ တန်ခိုးရှင်တစ်ပါးပါ အစ်ကို။ အဲဒီတန်ခိုးရှင်ရဲ့ပြုစားမှုအောက်မှာ ရန့်တို့လိုလူသားတွေ ဒူးထောက် အညံ့ခံ အရှုံး





ပေးရစမြဲပါ။

ဒါပေမဲ့ ဒီလိုမျိုး အစ်ကို့ကို မအုပ်ချုပ်နိုင်ဘူးလားကွယ်။ နေ့စဉ် အတူသွား အတူစား အတူအလုပ်လုပ်နေကျနေ့ရက်တွေမှာ စက္ကန့်တွေ သိန်းသန်းချီ ရင်းနှီးမှုရှိခဲ့ပါလျက် အစ်ကို့ဘက်က ဆက်ဆံရေးက ရေခဲတမျှ အေးစက်စက်သာလေ။

"သမီး"

"..."

"ရန့်"

"ရှင်, ဖေဖေ"

"ဖေ့ဖေ့ဘက်က ဘယ်လိုကူညီရမလဲ" ;

"ဘာကိုလဲ ဖေဖေ"

"မောင်ဖေယျာနဲ့သမီးတို့ (၅၁)ဖြစ်ဖို့လေ"

"ဘာလေးဆယ့်သုံးလဲ ဖေဖေရ"

"(၄၃)ဆိုတာ ကျောချင်းကပ်လေ သမီးရဲ့၊ (၅၁)ဆိုတော့ ရင်ချင်းအပ်ပေါ့။ မဟုတ်ဘူးလား"

"အာ..."

ရင်ပေါ့အောင် ဖေဖေနောက်လိုက်ပေမယ့် ရန့်မျက်နှာဖြန်းခနဲရဲသွားရပါ၏။ 'ရင်ချင်းအပ်'တဲ့လား။ ဆိုက်ထဲသွားစဉ်က



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ သူ့ရင်ခွင်ထဲကို ရန့်ရောက်ခဲ့ဖူးတယ်လေ။ ဒါဆို ရင်ရော ဘယ်လိုနံပါတ်နဲ့ တင်စားချင်ပါသလဲဖေဖေ။ (၃၃)လား။ ဒါမှမဟုတ် (၄၄)လား။ ထစ်ခုခုပေါ့နော်။

"ဒီလောက်ရှုပ်ပုံရရင် သေချာပြီ"

"ဘာလဲ"

"ဖေ့သမီးရင်ထဲမှာ မောင်ဖေယျာ ရောက်နေပြီဆိုတာ ပေါ့"

"ဟာကွာ၊ ဖေဖေက အတင်းကို မူလီလိုက်ကြပ်ပေးနေ တာပဲ"

"ကျိတ်လိုက်စမ်းပါ သမီးရ၊ ကိုဇော်ဟိန်းနဲ့ဖေဖေ ဒီ လောက်ရင်းနှီးနေတဲ့ဟာ။ ကိုယ့်လက်ထဲရောက်လာတဲ့ အခွင့် ကောင်းကို မိမိရရဆုပ်ထားနိုင်မှ လူတော်ဖြစ်ပေမပေါ့။ လူကြီး တွေ သဘောမပါရင်တော့ တစ်မျိုးစဉ်းစားရမှာ။ အခု ဖေ့သမီး တို့နှစ်ယောက်ကိစ္စက (၁၀၀)မှာ (၅၀)သေချာပြီးသား။ သမီးက OK ရင် စုစုပေါင်း (၇၅)ဖြစ်နေပြီ၊ ကျန်တဲ့ (၂၅)ကို မောင်ဖေ ယျာဆီက အနုနည်းနဲ့မရရင် အကြမ်းနည်းသုံးရမှာပေါ့၊ မဟုတ် ဘူးလား"

ရန့်မထိန်းနိုင်ဘဲ တဟားဟားရယ်မိလေတော့၏။ ဖေဖေ





ပြောမှပဲ ရုပ်ရှင်ထဲက မှောင်ခိုရာဇဂိုဏ်းခေါင်းဆောင်လို တွက် ချက်ကြေးညှိနေတာပဲလေ။ အင်း, ရန့်တို့လဲလှယ်ရမယ့်ပစ္စည်း ကတော့ လူမမြင်နိုင်တဲ့ 'အချစ်' ဆိုတဲ့အရာပေါ့နော်။

"ဖေဖေ့ရှယ်ယာငွေတွေလို တွက်ချက်နေတာပါလား"

"တွက်မှရမှာပေါ့ သမီးရ၊ တစ်နေ့တစ်နေ့ Morning အစ်ကို၊ Bye! အစ်ကိုနည်းနဲ့တော့ ဧရာဝတီမြစ်ကြီးဖြစ်မလာ ဘူး"

အန်တီလေးပါ၊ အစ်ကိုဖြစ်သူရဲ့စကားကို ရယ်လေပြီ။ ထမင်းစားပြီးပြီမို့ ထမင်းပွဲသိမ်းပြီး ထိုစားပွဲမှာပင် သရက်သီး မှည့်စိတ်ထားသည့်ပန်းကန် လာချပေးသွားတာမို့ ဆက်ထိုင်ဖြစ် နေပါ၏။

"မိန်းကလေးကစလို့ ဘယ်ရပါ့မလဲ"

"ခေတ်ကြီးပြောင်းကုန်ပါပြီ သမီးရာ"

"ဖူးစာဆိုတာလည်း ထည့်တွက်ရသေးတယ် ဖေဖေရ"

"ဖူးစာထက် ဦးရာလူက ပိုင်တာပါကွာ"

'ဦးရာလူ' တဲ့၊ ဟုတ်သားပဲ။ ရန့်က အလုပ်ချိန်အတွင်း မှာပဲ အလုပ်ရှုပ်နေရင်း ပြောဆိုဆက်ဆံခွင့်ရရတာလေ။ ဆေး အိမ်က ဆရာဝန်မလေးနဲ့ဟိုချာတိတ်မလေးဆို နေ့စဉ်အမြဲပြတ်



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရတာလေ။ အဲဒီလူတွေကသာ ရန့်ထက်ပိုပြီး အခွင့်အရေးပိုနေတာမဟုတ်လား။ သူတို့ထဲက တစ်ယောက်ယောက်သာ ရန့်ထက် အရင်ဦးသွားရင်. . .

အို! အတွေးနဲ့တင် ရန့်နှလုံးသား နာကျင်ရတာပါလား အစ်ကိုရယ်။

"ရန့်က ရန့်ကို သူ့ရင်ထဲ နှစ်နှစ်ကာကာမချစ်နိုင်ဘဲနဲ့တော့ လူကြီးတွေသဘောကျ ခေါင်းမညိတ်နိုင်ဘူးဖေဖေ"

"ကြာလာရင်"

"တဖြည်းဖြည်းနဲ့ချစ်လာမှာပေါ့လို့ ဖေဖေပြောချင်တာမဟုတ်လား။ ဟင့်အင်း, ရန့်မစောင့်နိုင်ဘူး။ အထူးသဖြင့် လူကရန့်ဘေးမှာရှိနေပါလျက်နဲ့ သူ့စိတ်က တခြားတစ်ဦးစီ ရောက်နေမှာမျိုးပေါ့"

"..."

"အချစ်က လူကိုရွေးချယ်သလား။ ဒါမှမဟုတ် လူကပဲ အချစ်ကိုရွေးချယ်ပြီး လက်တွဲဖော်ရလားဆိုတာကို ရန့်နား မလည်နိုင်သေးပါဘူးဖေဖေ။ စောင့်ရတဲ့အလုပ်ကို ရန့်အမုန်းဆုံးဆိုတာ ဖေဖေလည်းသိပြီးသားပါ။ ဒါပေမဲ့ ဒီကိစ္စမှာတော့ သူ့ကို ရန့်စောင့်နိုင်ပါတယ်။ ရန့်ကို သူ့ရင်ထဲကနေ လိုက်လိုက်လှဲလှဲ





လက်ကမ်းကြိုမယ့်အချိန်အတိုင်းအတာတစ်ခုထိပေါ့"

"..."

"အဲဒီအချိန် ရှိမလာရင်လည်း ရန့် ကျေနပ်ပါတယ်ဖေဖေ။ ကြိုးနှစ်စကို မချည်လိုက်ရုံနဲ့တော့ ဘာအန္တရာယ်မှ မဖြစ်လောက်ပါဘူး"

တကယ်ပါ အစ်ကို၊ အစ်ကို့လို စိတ်တိုစိတ်ဆတ်စိတ်မြန်တဲ့ကောင်မလေးပါ။ အစ်ကိုနဲ့အကြိုက်လည်းတူသလို အစ်ကို့ကို အရိပ်တကြည့်ကြည့်နဲ့ အစ်ကို့သဘောကျ နေတတ်ခဲ့တဲ့ မိန်းကလေးပါ။

တစ်ကြိမ်တစ်ခါလေး မှားမိရုံနဲ့ အစ်ကိုအထင်လွဲစရာဖြစ်သွားတဲ့အဖြစ်အပျက်ကို ခွင့်လွှတ်ပေးနိုင်ပါ့မလား 'နောက်ကိုအရွဲ့မတိုက်နဲ့'လို့ လက်ညှိုးထောင်ပြပြီး ကျိန်းရင်လည်း ခံဝံ့ပါတယ်။ 'မီး'နဲ့မကစားနိုင်းပေမယ့် အဲဒီအချစ်ဆိုတဲ့မီးကိုမှ ရန့်က ကစားချင်နေတာ ခက်သားလား။

ရင်မောရတယ်. . . အစ်ကို။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"မေမေ"

ပစ္စည်းတွေသိမ်းတန်တာသိမ်း၊ စက္ကူပုံးတွေထဲ ထည့်ပိတ်လိုက်ပြီး Tape ပတ်တာတွေ လုပ်နေရင်း သူနားစွင့်လိုက်မိ၏။ မေမေနဲ့ညီညီ ကုမ္ပဏီကိုထွက်သွားပြီမို့ အိမ်မှာ သူပဲကျန်ခဲ့တာလေ။

"ကိုကိုကြီး. . . ကိုကိုကြီး"

တဒုန်းဒုန်းပြေးတက်လာသည့်ခြေသံက အလောတကြီး၊ သူ အခန်းတံခါးကို အမြန်ဖွင့်လိုက်ပါ၏။ ပြူးပြူးပြာပြာရောက်လာသည့်ကောင်မလေးက သူ့ကိုဘာမှမပြောဘဲ လှေကားထိပ်မှ



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးညွှန်ပြနေလေသည်။

"ဘာလဲ"

"မေမေ. . . မေမေ"

"မေမေဘာဖြစ်လို့လဲ၊ မြန်မြန်ပြောလေ"

"လှေကားမှာ"

"ဘာ!"

သူ သီတာ့ကိုတွန်းဖယ်လိုက်ပြီး လှေကားမှအပြေးဆင်းလာခဲ့၏။ လိမ့်ကျတာများလား။ မဟုတ်သေးပါဘူး။ သူ့အခန်းက လှေကားထိပ်တင်မို့ ဘယ်သူပဲခြေချော်ကျကျ ကြားနိုင်တာလေ။

"မေမေ"

တကယ်ပင် လှေကားရင်းမှာ ပုံလဲနေသည့်မေမေ့အနီးမှာ အငယ်မက ဘာမှမလုပ်မကိုင်ရဲဘဲ ငြိမ်ခနဲငိုနေတာလေ။

"ဘယ်လိုဖြစ်တာလဲ၊ ဖယ်! မေမေ. . . မေမေ"

သူ မေမေ့ခန္ဓာကိုယ်ကိုပွေ့လျက် တကြော်ကြော်အော်ခေါ်နေမိ၏။ ဘုရား! ဘုရား! မေမေ ဘာမှမဖြစ်ပါစေနဲ့။

"ဘုရားခန်းက ဆင်းလာပြီး သီတာတို့ကို အစ်ကိုဖို့လက်ဆောင်ပေးလိုက်ဖို့မှာလည်းပြီးရော လဲသွားတော့တာပဲ"

"ခေါင်းရိုက်မိသွားသေးလား"





"ဟင့်အင်း၊ ကြည်ပြာ အမြန်ဖမ်းလိုက်တာပဲ"

"ဟိုဘက်ခြံက ဒေါက်တာ့ကိုအရင်ခေါ်စမ်း! မြန်မြန်။ လူကိုယ်တိုင်သွားခေါ်။ မရှိရင် ဆေးရုံပို့ရမှာ"

"ဟုတ်! ဟုတ်!"

မေမေ့ကိုပွေ့ချီလျက် အောက်ထပ်အခန်းထဲရှိ ကုတင်ထက်မှာ အသာတင်လိုက်ပါ၏။ သွေးခုန်နှုန်းလည်းရှိတာမို့ ဘာမှမဖြစ်လောက်ပါဘူး ထင်ပါရဲ့လေ။

"အန်တီခင်"

ဝရုန်းသုန်းကား ရောက်လာသည့်သဲသဲနှင့် ဒေါက်တာကြောင့် မေမေ့ဘေးမှ သူဖယ်လိုက်ရပါ၏။ ဒေါက်တာက နား ကျပ်ဖြင့် စမ်းတာရော မျက်ခွံပင့်တာတို့ကို ခပ်သွက်သွက်လုပ်လိုက်လေသည်။

"ဆေးရုံတင်တာ ပိုကောင်းမယ် ကိုဖေယျာ"

"မေမေ. . . မေမေ. . . အီးဟီးဟီး. . ."

ဘေးမှာ အလိုက်မသိဘဲ ငိုချလိုက်သည့်ချာတိတ်မနှစ်ယောက်နီးတူ သဲသဲကပါ တရှုံ့ရှုံ့ငိုလို့ပါလေ။ ရုံးသွားရန် ကားကို အဆင်သင့်ပြင်ထားတာမို့ မေမေ့ကို သူပွေ့ချီလိုက်ရပြန်သည်။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



''နင်တို့မလိုက်နဲ့၊ နေခဲ့''

ဒေါက်တာပင် ကားတံခါးကိုဖွင့်ပေးကာ သဲသဲနှင့်အတူ နောက်ခန်းမှာ မေမေ့ကို အလယ်မှာထိန်းကိုင်ထားလျက် ထိုင်လိုက်လေ၏။ သူ ကားကိုအမြန်ဆုံးမောင်းထွက်ခဲ့စဉ် ဒေါက်တာက ဆေးရုံကို Phone ကြိုဆက်နေလေသည်။

''စိတ်အေးအေးနဲ့မောင်းပါ ကိုဖေယျာ၊ ခေါင်းကိုမရိုက်မိရင် သိပ်မစိုးရိမ်ရပါဘူး'

''ကိုကိုနဲ့ဦးဦးကိုရော ဘယ်လိုလုပ်မှာလဲ''

''ဟိုရောက်မှ Phone ဆက်ရမှာပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ။ အရေးကြီးနေတာကို''

ကားကို ဆေးရုံဝင်းထဲ မောင်းဝင်လိုက်စဉ် အဆင်သင့်စောင့်နေသည့်ဝန်ထမ်းတွေက မေမေ့ကို ထရော်လီပေါ်တင်ကာ Drip ပိုက်ချိတ်တာရော အောက်စီဂျင်အုပ်တာတို့ကိုပါလုပ်လျက် ခေါ်သွားတော့၏။ နားတွေအူကာ တစ်ကိုယ်လုံးတုန်ရီလျက် အနောက်မှ ခြေလှမ်းတွေယိုင်လျက် လျှောက်တော့ သဲသဲက သူ့ကိုတွဲခေါ်ခဲ့လေသည်။

''Operation လုပ်ရမယ်တဲ့ ကိုဖေယျာ''

''ဗျာ! ''





''Heart Attack!...အရေးကြီးတယ်၊ အနက်ကယ့်ကို စောင့်ရင် ကြာမှာ။ လက်မှတ်ထိုးပေးရမယ်''

မျက်စိရှေ့ထိုးလာသည့်ကတ်ပေါ်ရှိ စာရွက်ထက်မှာ သူ လက်မှတ်ထိုးပေးလိုက်ရလေ၏။ ဘုရားသိကြား'မ'လို့ မေမေ ဘာအသက်အန္တရာယ်မှမဖြစ်ပါစေနဲ့။ သူ့အပေါ်မှာ တကယ်ပဲ သားလိုမေတ္တာစစ်နဲ့ချစ်ခဲ့ရိုးမှန်ရင် သူလည်း မေမေ့အပေါ်မှာ တကယ့်မေတ္တာနဲ့ချစ်တာမှန်ရင် မေမေ အသက်ရှင်သန်နိုင်ပါစေဘုရား။

Phone ကိုဖွင့်လျက် နံပါတ်တို့ကိုနှိပ်လိုက်ပါ၏။

''ဟယ်လို''

''ဖေဖေ''

''သားကြီးလား, ပြော. . . သား''

''မေမေ ဆေးရုံရောက်နေလို့၊ အဲဒါ''

''ဘာရယ်''

''အခု Operation လုပ်နေပြီဖေဖေ''

''အေးအေး. . . ဖေဖေတို့ ခုပဲလာမယ် သား၊ ဒါပဲ''

ဘယ်ဆေးရုံဘယ်ဆေးခန်းဟု မပြောရသေးမီ Phone တ်သွားချေပြီ။ လူနာစောင့်ခုံထက်မှာ ခွန်အားမရှိတော့သည့်



www.burmeseclassic.com

www.burmeseclassic.com



နှယ် ပျော့ခွေစွာထိုင်ချလိုက်မိ၏။ နာရီသံတချက်ချက်မြည်သံက နေးများနေးနေလေသလား။ သဲသဲက သူ့လက်မောင်းကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားလေသည်။

"သွေးမရှိဘူးတဲ့"

သူ့ရင်ထဲ ဒိန်းခနဲမြည်လေ၏။ ခွဲခါနီးမှ သွေးက လိုသတဲ့လား။ Nurse တွေ ဟိုဒီပြေးလွှားနေစဉ် ဒေါက်တာက သူ့အနီးရောက်လာပြန်လေသည်။

"ကိုဖေယျာ"

"ဗျာ"

"သွေးဘဏ်က သွေးထဲမှာ အန်တီနဲ့သွေးတူတာမရှိတော့ဘူး။ လက်ရှိတစ်လုံးပဲရလို့ အဲဒါပဲအရင်သွင်းရင်း ခွဲနေတာ နောက်တစ်လုံး လိုဦးမှာတဲ့"

"သွေးက"

"AB "

"ကျွန်တော် လှူမယ်"

"ဖြစ်ပါ့မလား"

"ရပါတယ် ဒေါက်တာ"

ဘုရားရေ! ဘယ်လိုကြောင့်များ သူက မေမေနဲ့ သွေး





အုပ်စု လာတူနေရတာပါလိမ့်။ ဖေဖေက A, ညီညီက B, ဖြစ်နေတာကို။

ဆေးရုံအခန်းတွင်းမှာ သွေးစစ်တာ တခြားရောဂါပိုးစစ်တာတို့ကို ဝန်ထမ်းတွေ ဝိုင်းကူပေးပြီး သူသွေးဖောက်ရလေ၏။ လက်မောင်းကို ကွေးထားလိုက်ပြီး ခုံမှာပြန်ထိုင်မှ ကုမ္ပဏီကို Phone မဆက်ရသေးတာကို သတိရသွားပါ၏။

"ဟယ်လို"

"အန်ကယ်, ကျွန်တော်ပါ"

"ပြောလေ သား"

"ကျွန်တော့်ကို ခွင့် (၂)ရက်လောက်ပေးဖို့ ပြောချင်တာ ပါ"

"ဘယ်သူဘာဖြစ်လို့လဲ သား"

"မေမေ Heart Attack နဲ့ အရေးတကြီး Operation လုပ်ရလို့ပါ အန်ကယ်"

"ဟုတ်လား, အေးအေး. . . ရပါတယ်လေ သားရဲ့။ သမီးကို အန်ကယ်ပဲပြောလိုက်မယ်။ သားဖေဖေ သိပြီလား"

"ဟုတ်ကဲ့၊ Phone တော့ ဆက်ပြီးပါပြီ အန်ကယ်။ ရောက်တော့မရောက်လာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အေးအေးထားပါ သားရယ်၊ အဆင်ပြေသွားမှာပါ"

သူ Phone ပိတ်လိုက်စဉ်မှာ ဖေဖေနှင့်ညီညီ အပြေးအလွှားရောက်လာကြလေ၏။ ဒေါက်တာကပင် အကျိုးအကြောင်းရှင်းပြပေးတာမို့ သူနှုတ်ပိတ်ကာ ထိုင်နေမိပါသည်။

ဘယ်လိုကနေဘယ်လို ဒီရောဂါမျိုး မေမေ့မှာ ရှိနေရတာလဲ။ တစ်အိမ်တည်းအတူနေပြီး ဆေးလေးဘာလေး မေမေသောက်တာကို သူသတိမထားမိခဲ့တာလေ။ ဘာကြောင့်လဲ။

ဖေဖေကအစ အလုပ်တစ်ဖက်နဲ့ အိမ်မကပ်ဖြစ်တာ၊ သူရောညီညီပါ အတူတူပါပဲ။ သားယောကျ်ားလေးတွေမို့ မေမေနှင့်တရင်းတနှီးမရှိတာပဲလား။ ထမင်းစားပြီး ဇက်ကြောတက်တဲ့အခါမျိုးမှာတောင် (သူတို့ညီအစ်ကိုနှစ်ယောက်စလုံး) မေမေ့ကို တစ်ခါမျှမနှိပ်ပေးဖူးတာလေ။

ခြေဆုပ်လက်နယ်ဆိုတာကို မွေးစားညီမတွေကသာ အလိုက်တသိလုပ်ပေးသွားကြတာပါ။ ဟိုတလောကပဲ သူ့ရေစိုင်တာများပြီး ဖျားခဲ့သေးတာ၊ ဟိုအငယ်မနှစ်ယောက်ကို 'အခန်းထဲ မလာရ' လို့အမိန့်ပေးထားတာမို့ တစ်ယောက်မှမဝင်ရဲကြ။

အောက်ထပ်ဆင်းခါနီး ညည်းသံကြားမှ သူ့အခန်းထဲ





ခြေသံဖွဖွနဲ့ဝင်လာတဲ့မေမေ့ကိုယ်သင်းနံ့ကို သူအလိုလိုသိနေတာလေ။ နဖူးကိုလာထိတဲ့ အေးစက်စက်လက်ရဲ့အထိအတွေ့မှာ သူငိုချလိုက်ချင်တာမပြောပါနဲ့။ မိခင်မေတ္တာဆိုတာ ဒါမျိုးကိုပြောတာပဲဖြစ်မှာပါ။

ရေပတ်တင်တာ၊ ကော်ဖီဖျော်ပြီး ဆေးတိုက်တာ၊ ချွေးတိတ်တဲ့အထိ ရေပတ်တိုက် အဝတ်အစားလဲပေးတာ၊ မိုးလင်းသူကိုယ်ပူကျချိန်အထိ ဘေးမှာ တိတ်တိတ်လေး စောင့်ကြည့်ပေးခဲ့တာလည်း မေမေပါပဲ။

တီးတိုးရေရွတ်ပေးတဲ့ သမ္ဗုဒ္ဓေဂါထာသံသဲ့သဲ့နဲ့ သူ့ခြေဖျား၊ ခြေသလုံး၊ လက်မောင်းတို့ကို ခပ်ဖွဖွဆုပ်နယ်ပေးတဲ့အသိမှာ အခိုက်အတန့်လေး သူပျော်နေခဲ့တာပါလေ။ မိုးလင်း သူအဖျားကျပြီး အိပ်ပျော်နေပြီဟု ယူဆလျက် ထွက်သွားတော့မှ ဘယ်သူမှမသိအောင် သူ့ရင်တွေတင်းကျပ်ပြီး ကျိတ်ငိုခဲ့ရတာ သူအိပ်နေကျ ခေါင်းအုံးလေးပဲ သိခဲ့တာပါ။

ခဏလေးမှ တစ်ဒင် ခဏလေးပါ။

နောက်တော့လည်း ဘာသိဘာသာ စကားတစ်ခွန်းစနှစ်ခွန်းစသာပြောဖြစ်ပြီး သူ့ရဲ့အေးစက်စက်ဆက်ဆံခြင်းမှာ မေမေ အလိုက်သင့် နေပေးခဲ့မှန်း စိတ်ထဲမှအလိုလိုသိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့ကနေ ဖျတ်ခနဲပျောက်သွားတဲ့ ဖိုးနဲ့ဖွားကို သူ့ဘဝမှာ အချစ်ခင်အတွယ်တာဆုံးပါပဲ။ သူဘယ်လောက်ချစ်ပါစေဦးတော့၊ နောက်ဆုံးမှာ သူ့ကိုကျောခိုင်းထားပစ်ခဲ့ကြတာလေ။

စိတ်မချနိုင်ပါဘူးလို့ တဖွဖွမှာခဲ့ပေမယ့် နောက်ဆုံးမှာ သူ့ကိုစိတ်ချလက်ချထားရစ်ခဲ့တာပါပဲ။ လောကကြီးက ဒီလိုပဲလား။ လူ့ဘဝ ခဏရခိုက်မှာ မိသားစုဆိုတဲ့အသိုက်အမြုံတစ်ခုကို သံယောဇဉ်တရားနဲ့ နှောင်တွယ်ချည်တုပ်စေပြီး အဆုံးသတ်ကျ ရက်ရက်စက်စက် တစ်ဦးချင်းဆွဲထုတ်ကွယ်ပျောက်စေတာလေ။

ဘုရားရေ! ဖိုးနဲ့ဖွားတုန်းက ကျခဲ့တဲ့သူ့မျက်ရည်တွေကို ကုန်ခမ်းပြီလို့ ယူဆထားခဲ့ပြီးပါပြီ။ ခုတစ်ခါ. . . ခုတစ်ခါ သူ့ကို ဝမ်းနဲ့လွယ်မွေးခဲ့တဲ့မေမေ့ကိုရော သူ့မျက်စိရှေ့ကနေ ဆွဲခေါ်သွားဦးမှာလား။

တောင်းပန်ပါတယ်၊ သူ့ကိုမချစ်လည်း ရှိပါစေ။ ညီညီကို ပုံချစ်ရုံနဲ့ မေမေ့ကို ကျွန်တော် ကျေနပ်ပါတယ်။ အရင်ကလို ‘ငါ့ကိုမချစ်လေခြင်း’ဆိုတဲ့ ကလေးဆန်ဆန်အတွေးတွေကို အပြီးအပိုင်မောင်းထုတ်လိုက်ပါတော့မယ်။





ကျေးဇူးပြု၍ မေမေ. . . ကျေးဇူးပြုပြီး ကျွန်တော်တို့အတွက် အသက်ဆက်ရှင်နေပေးပါ။ မေမေ့စိတ်ကြိုက် ထားရာနေ, စေရာသွားဘဝမှာပဲ ကျွန်တော်နေပေးပါ့မယ်။

ဖအေတူသားမို့ အားကိုးရမှာဆိုပြီး မေမေကိုယ်တိုင်မှည့်ခေါ်ပေးခဲ့တဲ့ ‘ဟိန်းဖေယျာ’ဆိုတဲ့ ကျွန်တော့်နာမည်ကိုလည်း ပိုတန်ဖိုးထားတတ်အောင် နေပါ့မယ်။

ညီညီကိုမှ ပိုဦးစားပေးပြီး ညီညီရှေ့ မားမားရပ်ကာ ကွယ်ပေးနေဦးမယ်ဆိုရင်လည်း ကျွန်တော် နားလည်ပေးနိုင်ပါတယ်မေမေ။ မေမေ့ကိုချစ်တဲ့မိသားစုထဲကို ပြန်လှည့်ကြည့်ပေးလှည့်ပါ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"သား"

ပခုံးကိုအသာပုတ်ပြီး သူ့ဘေးခုံမှာ ဖေဖေဝင်ထိုင်လိုက်လေ၏။ အကြည့်ကို သံမံတလင်းထက် စူးစိုက်ကြည့်နေမိဆဲ။

"အရမ်းစိတ်ပူနေလား"

ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ခုနေ သူ့အသံထွက်လာရင် ရင်ထဲက ဖိုလှိုက်တဲ့ ပင့်သက်ရှိုက်သံမျိုးဖြစ်နေမှာ အသေအချာလေ။

"သားကို သားမေမေမွေးတုန်းက ငါးပေါင်ကျော်ကျော်သေးသေးလေးပေါ့။ အဲဒီကလေးသေးသေးလေးကို ခင်ဦးတယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ယုယခဲ့ရသလဲ။ သားဦးဆိုတော့ ကလေးချိတာကအစ ဖေဖေတို့မကျွမ်းကျင်ကြဘူးလေ။ ဒါကိုသိကတည်းက သားဘွား ဘွားကပဲ သားကိုချီပွေ့ခဲ့တာ။ မအေလက်မှာထက် ဘွားအေ လက်ထဲမှာ နေရတာကို သားက ပိုနှစ်ခြိုက်တော့ ခင်ဦးမျက်ရည် ဝဲရတယ်''

''. . .''

''အဲဒီလသားအရွယ်ကတည်းက သားကို ဘိုးဘိုးတို့ ခေါ်မွေးချင်နေကြတာ။ မအေနဲ့သား စိမ်းသက်မှာစိုးပြီး ခင်ဦးက ခါးခါးသည်းသည်းငြင်းခဲ့ရှာပါတယ်။ ဒီလိုနဲ့ သားသုံးနှစ်ပြည့်ခါ နီးမှာ သမီးလေးရလိုရငြားဆိုပြီး ဖေဖေတို့ ကလေးထပ်ယူဖြစ် ခဲ့တာပဲ။ ဖြစ်ချင်တော့ သမီးမဟုတ်ဘဲ သားယောကျ်ားလေးပဲ ဖြစ်နေခဲ့သလို သားရဲ့ ကလေးပီပီ မနာလိုဘဲ အော်ငိုသံက ခင် ဦးကို မျက်ရည်ကျစေခဲ့ပြန်တယ်။ ဒါကိုအကြောင်းပြုပြီး သားဘိုး ဘိုးက သားကို ခင်ဦးဆီကနေ ခေါ်သွားခဲ့တာပဲ။ ကိုယ့်ကလေး ကို မြင်ချင်ပေမယ့် အဝေးမှာရှိနေတာမို့ ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် သားကိုဓာတ်ပုံရိုက်ပြီး ဖေဖေတို့ဆီကို မှန်မှန် ပို့ပေးကြပါတယ်''

ဓာတ်ပုံတဲ့၊ ဓာတ်ပုံရိုက်မယ်ဆိုတိုင်း သူအော်ဟစ် ကျိ





တိုက်တတ်လေ့ရှိတဲ့ပုံရိပ်တို့က ဝိုးတဝါးသာ။ အိမ်မှာ သူ့ပုံထည့် ထားတဲ့ Album မျိုး တစ်ခါမှသူမတွေ့ခဲ့တာလေ။ ဒါဖြင့် သူ့ပုံ တွေကို မေမေ ဘယ်နားမှာ သိမ်းထားပါသလဲ။

''သားအသက် တစ်နှစ်ပြီးတစ်နှစ်ပြည့်တိုင်း သားမွေး နေ့လက်ဆောင်ကို သားမေမေကိုယ်တိုင်လုပ်ခဲ့တယ်။ ဒါပေမဲ့ ပို့တော့မပို့ခဲ့ဘူး။ ပို့လည်း သားဘွားဘွားက ကြိုက်မှာမဟုတ် ဘူးကိုး။ မိုးတွင်းဆို မိုးကာ၊ ဆောင်းတွင်းဆို အနွေးထည်၊ ဦး ထုပ်၊ လက်အိတ်စသဖြင့် သူကိုယ်တိုင် သိုးမွေးထိုးတယ်။ နွေ ဆိုရင်လည်း အေးတဲ့ချည်သားအကျီဘောင်းဘီလေးတွေပေါ့။ အဲဒီဝတ်စုံလေးတွေကို ဘူးလေးတွေနဲ့ အမြဲထည့်သိမ်းထားပေး တာ ဖေဖေတို့အခန်းထဲက နံရံကပ်ဗီရိုထဲမှာ ပြည့်လို့ပေါ့''

ဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေ မေမေရယ်။ သူကတော့ သူ့ကိုမွေးထားပြီး ဥပေက္ခာပြုရက်လေခြင်းလို့ တစ်ယူသန်သတ် မှတ်ခဲ့တာ။ မေမေ့ရင်ထဲက မေတ္တာထုထည်ကို ဘာကြောင့်များ မမြင်ခဲ့မိရတာပါလိမ့်။ လိုချင်တာပေါ့၊ နှစ်ပေါင်းများစွာ သူလိုချင် ခဲ့တဲ့ မွေးနေ့လက်ဆောင်တွေကို မေမေကိုယ်တိုင် ပြုလုပ်ပေး ခဲ့တာတဲ့လေ။

''သားဦးအရွယ်ဆိုတာ ကလေးကို ဦးနှောက်ဆေးတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတာမဟုတ်ဘူး သား။ ဒီကလေးကိုမွေးတဲ့မိဘတွေရဲ့ သူမတူအောင် အရှုံးအမူးပိုင်းချစ်ကြတာကို တင်စားပြီး ပြောလေ့ရှိကြတဲ့စကားပါ''

''ဒီသားရဲ့ (၂၅)နှစ်ပြည့်မွေးနေ့ကို ဒီအိမ်မှာ မှတ်မှတ်ရရပြုလုပ်ပေးဖို့ ပထမဆုံးအခွင့်အရေးကြောင့် သားမေမေ အရမ်းကိုပျော်နေခဲ့တာပါ။ သားဖို့ဆိုပြီး ဝတ်စုံနှစ်စုံကိုလည်း သူချုပ်ပြီးနေပြီ။ သားမွေးနေ့မှာ သားကြိုက်တဲ့ဝတ်စုံမျိုး ဝတ်ပါစေတဲ့။ အနောက်တိုင်းဝတ်စုံနဲ့ မြန်မာဝတ်စုံပေါ့''

''ဒီတလောလေးအတွင်းမှာ သားဆီက အိမ်ခွဲနေတော့မယ်ဆိုတဲ့စကား ထွက်လာတဲ့နေ့က သားမေမေ စကားတောင်ဟဟမပြောနိုင်တော့တဲ့အထိ စိတ်ထိခိုက်သွားခဲ့တယ်။ မွေးနေ့လက်ဆောင်လေးတောင် ယူသွားပါ့မလားအစ်ကိုရယ်တဲ့။ ညီအစ်ကိုနှစ်ယောက် စကားများကြတိုင်း အားနည်းတဲ့အငယ်ဘက်က အမြဲရပ်တည်ပေးခဲ့မိတာ သားကြီးက ခင်ဦးကို မုန်းနေပြီထင်ပါရဲ့လို့ အမြဲပြောခဲ့တာပါ''

အားနည်းတဲ့ဘက်တဲ့လား။ ဒီတစ်ဖက်မှာ ကျွန်တော်တစ်ယောက်တည်းပဲရှိနေတာကို မေမေမသိခဲ့တာလားဟင်။ ဘာကြောင့် ညီညီနဲ့ယှဉ်ရင် သူ့ကိုအားကြီးသူလို့ ထင်မြင်ယူဆထား





ရတာပါလိမ့်။

''မနက်ဖြန် သားပြောင်းမှာကိုသိလို့ ညကပဲ သားဖို့လက်ဆောင်ကို သူ Parking ထိုးနေတာ ဖေဖေမြင်ခဲ့သေးတယ်၊ သားပြောသလို မိဘနဲ့သားသမီးခွဲရမှာ သဘာဝပေမယ့် နေခွင့်ရှိတဲ့အချိန်အတန့်ကာလလေးတော့ သားမေမေက သားနဲ့အတူနေသွားချင်မှာပါ ဟိန်းဇေယျာ''

သူ့ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ နေခွင့်ရှိတဲ့ အချိန်အတန့်ကာလတဲ့လား။ လူ့ဘဝဆိုတာ တိုတိုလေးလို့ ဖွား အမြဲပြောပြခဲ့ဖူးတာလေ။ လူ့ပြည်က အပ်တစ်စင်းနဲ့ နတ်ပြည်က အပ်တစ်စင်း ထိပ်တိုက်ဆုံဖို့မလွယ်သလို လူ့ဘဝရဖို့ဆိုတာကလည်း အင်မတန်ခက်ခဲသတဲ့။

နောက်ပြီး အမိဝမ်းထဲဝင်အောင်း သန္ဓေတည်ရတဲ့သားသမီးနဲ့ မိဘရဲ့အထုံရေစက်ဆိုတာကလည်း ဆန်းကြယ်သား။ ဒီကလေးနဲ့ ဒီအမေ ရေစက်ရှိလို့သာ ဝမ်းထဲဝင်ခွင့်ရတာလေ။ ဒီကလေးကို အသက်နဲ့ရင်းပြီး မမွေးရခင် အစားအသောက်ဆင်ခြင်၊ အနေအထိုင်ဆင်ခြင်ပြီး အအိပ်ပျက်အစားပျက်ခဲ့ရတဲ့ဒုက္ခက ကိုးလတဲ့။

မွေးရတော့လည်း သေမင်းကို လက်ကမ်းထားရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မွေးရသေးတာ။ မွေးလာတော့လည်း ကလေးကို အင်္ဂါစုံရဲ့လား။ အသက်ပါရဲ့လားလို့ ပူရပြန်သေးသတဲ့။ အဲဒီသေးသေးလေး အရွယ်ကနေ နို့ချိုတိုက်ကျွေးပြီး စကားပြောတတ်စအရွယ်၊ ခြေလှမ်းစခါစအရွယ်တိုင် အရိပ်တကြည့်ကြည့်ရှိခဲ့တဲ့မေမေ့မေတ္တာကို သူ့ဘာကြောင့်မမြင်မိခဲ့ရတာပါလိမ့်။

"လောလောဆယ် အိမ်ပြောင်းမယ့်ကိစ္စကို ရပ်ထားပေးပါဦး သား။ ခင်ဦး သက်သာလာတဲ့အခါမှ သားစိတ်တိုင်းကျဆုံးဖြတ်ပါကွယ်"

သူ့ပခုံးကို ဖေဖေ ခပ်တင်းတင်းဆုပ်ကိုင်လိုက်စဉ် ခွဲခန်းတံခါး ပွင့်သွားပါ၏။ အနီးရှိလူအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြပါလျက် သူကတော့ ထိုင်နေဆဲပါလေ။ မတုန်မလှုပ်နှင့်ကျောက်ရုပ်နှယ်။ သူထိုင်နေစဉ် မေမေ့ကို Special Room အတွင်းသို့ ခေါ်ဆောင်သွားကြလေ၏။

လောလောဆယ်တော့ မေမေ ဘယ်သတိရပါဦးမလဲ။ သတိရလာရင်ရော သူ့ကိုမျက်စိဝေ့ပြီး ရှာပါ့မလား။ ဒါမှမဟုတ် အနီးမှာရှိနေမှာဖြစ်တဲ့ ညီညီကိုပဲ ပြုံးပြီးစကားတွေ ပြောနေမှာလား။ သူ့ကိုမရှိသလိုမျိုး မသိယောင်ဆောင်ပြီးတော့ ဟန်လုပ်ကောင်း လုပ်နိုင်မှာလေ။





မေမေ. . . ဟိန်းဇေယျာဆိုတာ မေမေ့ရဲ့သားကြီးပါ။ မေမေ့အချစ်တွေ မေတ္တာတွေကို အရင်ဦးဆုံး ရခဲ့တဲ့သားပါပဲ။ အဲဒီသားကို 'သွား'ဆိုရင်လည်း' မေမေနဲ့ဝေးရာကို ကျွန်တော်သွားပါ့မယ်။ 'နေ'ဆိုရင်လည်း မေမေနဲ့အနီးဆုံး မေမေ့ရင်ခွင်ထဲမှာပဲ ကျွန်တော်နေပါ့မယ်။

ကျေးဇူးပြုပြီး ကျွန်တော်တို့အတွက် အသက်ဆက်ရှင်သန်နေပေးပါ မေမေ။

"အစ်ကို"

နားထဲ သဲ့သဲ့မျှကြားရသည့်ခေါ်သံနှင့်အတူ သူ့အနီးလာရပ်လိုက်သည့်အသိကို သူသိနေပါ၏။ မျက်ရည်တွေပြည့်လျှံလျက် ထွက်ကျလာမှာကိုစိုးပြီး သူထိန်းထားတာမို့ အမြင်အာရုံက ဝိုးတဝါး။ ရင်ထဲဆို့နင့်နေသည့် ခံစားချက်ကလည်း သူ့အသက်ရှူနှုန်းတို့ကို ထိန်းချုပ်ထားနိုင်သည်လေ။

"ရန့်, ဆိုက်ထဲရောက်နေလို့ နည်းနည်းနောက်ကျသွားတာ။ ဖေဖေလည်း နောက်ကလိုက်လာနေပြီ။ အန်တီ Operation OK ရဲ့လား အစ်ကို"

သူ ခေါင်းကို ခပ်ဖြည်းဖြည်းသာ ညိတ်ပြလိုက်မိပါ၏။ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းပါးနှင့်ထပ်တူ လက်သီးဆုပ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ထားသည်ကလည်း တင်းတင်းကျပ်ကျပ်။

"အစ်ကို"

သူ့ရှေ့တည့်တည့်မှာ ရန့် ဒူးထောက်ထိုင်ချလိုက်သလို သူ့လက်တို့ကိုလည်း နွေးထွေးစွာ အုပ်ကိုင်လိုက်လေသည်။

"ဝမ်းနည်းနေတာလား။ ငိုချင်ရင် ငိုချလိုက်လေ။ အဲဒီလိုကြီး တင်းမထားပါနဲ့။ အစ်ကို့လိုပဲ ရန့်တို့လည်း အန်တို့ကို စိုးရိမ်နေကြတာပဲလေ။ ခွဲစိတ်ပြီးပြီဆိုရင် အသက်အန္တရာယ်မရှိတော့လောက်ပါဘူး"

"ရန့်"

"ရှင်"

"မေမေ. . . မေမေ"

သူဘာမှဆက်မပြောနိုင်တော့ဘဲ ရန့်ပခုံးထက်မှာ မျက်နှာကိုမှောက်ချလိုက်မိတော့၏။ ကျိတ်ရှိုက်လိုက်သည့် ပင့်သက်နှင့်အတူ မျက်ရည်တို့က ဒလဟောစီးမျောသွားလေသည်။ ရန့်က သူ့ပခုံးကိုအသာထွေးဖက်ကာ ကျောကိုပုတ်လျက် နှစ်သိမ့်ပေးနေပါ၏။

ဘာမှမထိန်းနိုင်ခဲ့ပါ။ ရှက်ဖို့လည်း သူမသိ။ ကလေးတစ်ယောက်နှယ် ရန့်ကို အားကိုးတကြီးမှီတွယ်ငိုရှိုက်နေခဲ့တာ





မိနစ်အတော်ကြာကြာပါလေ။

"အန်ကယ်က ရန့်ကို အကူအညီတောင်းထားတယ်။ အစ်ကိုအိမ်ပြောင်းနေချင်တဲ့ကိစ္စကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တားပေးပါတဲ့"

". . ."

"ရန့်ဆို မိုးနိုင်ရှိုက်ချင်တဲ့ မိခင်ရင်ခွင်ကို ငယ်ငယ်လေးကတည်းက မရှိခဲ့တာပါ။ အစ်ကို့မှာ အမေလည်းရှိသလို အဖေလည်း ရှိပါလျက်နဲ့ ဒီအသိုက်အမြုံထဲက စွန့်ခွာဖို့ အစ်ကိုမှ ပြင်ဆင်ရတယ်လို့။ အစ်ကို့အသည်း အဲဒီလောက်တောင် မာတယ်ပေါ့လေ"

သူခေါင်းခါမိတော့ ရန့်ထံမှ ရယ်သံသဲ့သဲ့ထွက်လာလေ၏။ ကြည့်စမ်း! သူအားကိုးတကြီး မှီခိုလိုက်မိတဲ့ပခုံးက ရန့်ဖြစ်နေသလို သူ့ကိုနှစ်သိမ့်ပေးနေပုံကလည်း တရင်းတနှီး နွေးထွေးလို့ပါလေ။

အသည်း ဒီလောက်တောင် မာတယ်တဲ့လား။ သူ့အသည်း အဘယ်မျှနုတယ်ဆိုတာကို မျက်စိရှေ့မြင်နေပါလျက်နဲ့ လူကို တမင်လှောင်ရယ်ရတယ်လို့။

"လူကြီးကဖြင့် ကျားကိုးစီး စားမကုန်ဘဲ အသည်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ ငယ်ပုံ"

လှမ်းပေးသည့်လက်ကိုင်ပဝါကို သူမယူဖြစ်တော့၊ ရန့်မျက်နှာ ပြုံးသွားပြီး သူ့ပါးပြင်တို့ကို အသာသုတ်သင်ပေးလေ၏။ ယုယတယ်ဆိုတာ ဒါမျိုးကိုခေါ်တာပဲ ထင်ပါရဲ့နော်။

"ကိုဖေ. . . ယျာ"

ဒေါက်တာ့ခေါ်သံကြောင့် သူ ဖျတ်ခနဲကြည့်လိုက်မိ၏။ သူတို့နှစ်ယောက်ကို တအံ့တသြကြည့်နေသည်က ဒေါက်တာနှင့်အတူ သဲသိမ့်သိမ့်သက်ရောပါလေ။

"အန်တီ သတိရပြီ"

သူစရပ်လိုက်စဉ် ရန့်က သူ့လက်ဖျားကို ဆုပ်ကိုင်ထားတာမို့ အတူလိုက်ပါလျက်သားဖြစ်သွားပါ၏။ Special Room ထဲမှာ ဆရာဝန်၊ Nurse နှင့်အတူ ဖေဖေရော ညီညီပါ ရှိနေလေသည်။

သူရောက်လာတော့ ညီညီက မေမေ့အနီးမှခွာကာ သူ့အတွက် နေရာဖယ်ပေးလိုက်လေ၏။

ကုတင်ဘေးသို့ ရောက်လာသည့်သူ့ကို ပြုံးကြည့်နေသည့်မေမေ့အပြုံးက သူ့တစ်သက်မှာ အသက်ဝင်အလှပဆုံးဖြစ်နေတာ အမှန်ပါလေ။





"မေမေ"

သူတီးတိုးခေါ်လိုက်မိစဉ် မေမေ့လက်တစ်ဖက် မြောက်တက်လာတာမို့ မေမေ့ရင်ဘတ်ပေါ် သူ ခေါင်းတိုးဝင်လိုက်မိပါ၏။ သူ့ခေါင်းကိုအသာပွတ်သပ်ပေးလျက် ထွေးဖက်ထားသည့်ရင်ခွင်ထဲမှာ ခဏတာနေရသည့်အခိုက် သူ့တစ်သက် လုံခြုံသွားရသည့်နှယ်ပါ။

အဲဒီနောက် သူ့အနီးရပ်နေသည့်ရန့်ကို မေမေခေါ်လိုက်သံသဲ့သဲ့ကို သူကြားလိုက်ရပါသေး၏။

"သမီး"

ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်....

မမသန္ဒါမောင်

3rd May 2012

AM 10:28

BURMESE CLASSIC .com

၂၀၁၂ ။ စက်တင်ဘာ

## ထွက်ပြီ

| | |
|---|---|
| မမသန္ဒါမောင် | အတ္တခါးခါး |
| ကြယ်စင်မှူးဝေ | ဥဩလေးရဲ့နွေဦးကဗျာ |
| မယ်ခိုင် | အဖြူရောင်မေတ္တာ |
| လေဒီဇော် | ရက်ရက်စက်စက် ရက်စက်ရက်သူ |
| မိုးစက်ပွင့် | မြားသုံးစင်း ပစ်ခွင်းဘယ်သို့ရှယ် |

www.burmeseclassic.com